

မငြိမ်းချမ်းသော အင်ဒိုချိုင်းနား

အထောက်တော်လှအောင်

မြန်လည်ရိုက်နှိပ်ခြင်း

mgyoe.com
mgyoe.com

mgyoe.com

မငြိမ်းချမ်းသော အင်ဒိုချိုင်းနား

အထောက်တော်လှအောင်

NO PEACE FOR ASIA

Harold Isaacs

HA0016
3,300.00 KS

mgyoe.com

mgyoe.com

မငြိမ်းချမ်းသောအင်ဒိုချိုင်းနား။ အထောက်တော်လှအောင်
စာမျက်နှာ ၂၆၄+ မျက်နှာ၊ ၁၄ · ၅ စင်တီ× ၂၁ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၈၊ နိုဝင်ဘာလ၊ ပြန်လည်ရိုက်နှိပ်ခြင်း၊ အုပ်ရေ ၅၀၀၊
၁၉၇၆ သတင်းဂျာနယ်ထုတ် ပထမအကြိမ်မှ၊

ရောင်းဈေး ၃၃၀၀ ကျပ်

email: skccph@gmail.com ; P.O.Box: 705
www.facebook.com/SKCCmyanmarbook
www.skccmyanmarbook.com

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■■■■■■■■■■

မငြိမ်းချမ်းသော အင်ဒိုချိုင်းနား

NO PEACE FOR ASIA

Harold Isaacs

အထောက်တော်လှအောင်

မြန်မာပြန်

ပြန်လည်ရိုက်နှိပ်ခြင်း။ ၂၀၁၈

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

မာတိကာ

- ဘာသာပြန်သူ၏အမှာ ၁
- အမှာစာ ၃
- ဒုတိယပုံနှိပ်ခြင်းအတွက် အမှာ ၇
- နိဒါန်း ၃၉

၁။ အာရှတိုက်ရောက် အမေရိကန် စစ်သားများ ၄၇
- စိတ်မပါဘဲ ပြည်ပရောက်သူများ ၄၇
- လူတုံးလူညံ့များ ၅၃
- နီးဂရိုးများ ၅၉
- မြန်မာပြည်မှ တရုတ်များ ၆၃
- တရုတ်ပြည်မှ တရုတ်များ ၇၁

၂။ ဂျပန်စစ်ရှုံးပြီးချိန် ၉၄
- ရုရှား။ ။ ကြီးမားသော အကြောင်းအရာသစ်တစ်ခု ၉၄

၃။ တရုတ်ပြည် ၁၀၂
- စစ်မျက်နှာသစ်များ ၁၀၂
- ချန်ကေရှိတ် ဒဏ္ဍာရီနှင့်လူသား ၁၀၅

mgyoe.com

mgyoe.com

- ချန်ကေရှိတ် ကြီးပွားလာပုံ ၁၁၁
- တရုတ်ပြည်တွင်းမှ အမေရိကန်စစ်ပွဲ ၁၂၈

၄။ ကိုရီးယား ၁၄၅
- သမိုင်းမှတ်တိုင်များအကြားဝယ် ၁၄၅

၅။ အာရှတောင်ပိုင်း ၁၅၆
- အင်ပါယာကြီးများ၏ နေဝင်ချိန် ၁၅၆
- အိန္ဒိယပြည်။ ။ ဗြိတိသျှ၏ အလောင်းအစား ၁၅၇
- အင်ဒိုနီးရှား။ ။ လွတ်လပ်ရေး သို့မဟုတ် သေခြင်းတရား ၁၇၁

၆။ အင်ဒိုချိုင်းနား ၁၈၂
- ဆိုင်းဂုံသို့ ငြိမ်းချမ်းရေး ရောက်လာခြင်း ၁၈၂
- ပြင်သစ်လူမျိုးများ ၁၉၀
- အာနမ်မိုက်လူမျိုးများ ၁၉၅
- ဗြိတိသျှများ ၂၀၃
- ၁၆–မျဉ်းပြိုင်၏ မြောက်ပိုင်းဝယ် ၂၁၂
- အသက်ရှင်ရေးပြဿနာ ၂၂၁

၇။ အာဏာပုံစံသစ် ၂၂၈
- ငြိမ်းချမ်းရေးမဟုတ်သော အာဏာ ၂၂၈

၈။ ဂျပန်နိုင်ငံ ၂၃၅
၉။ ဗြိတိန်နိုင်ငံ ၂၄၁
၁၀။ အမေရိကန် ပြည်ထောင်စု ၂၄၈
၁၁။ ထာဝရစစ် သို့မဟုတ် ထာဝရ ငြိမ်းချမ်းရေး ၂၅၆

mgyoe.com

mgyoe.com

ဘာသာပြန်သူ၏ အမှာ

စစ်သည် ကြမ်းကြုတ်၏။ ယုတ်မာ၏။ ကိုယ်ကျိုးကိုသာ ကြည့်၏။ ဘနဖူး သိုက်တူး၏။ အကုန်သတ်၊ အကုန်ဖျက်၊ အကုန် လုယက်၊ အကုန်မုဒိမ်းကျင့်၊ အကုန် မီးလောင်တိုက်သွင်း၏။

စစ်ကို ဖန်တီးသူသည် ပို၍ ကြမ်းကြုတ်၏။ ပို၍ ယုတ်မာ၏။ ပို၍ ကိုယ်ကျိုး ကြည့်၏။ ပို၍ ဘနဖူးသိုက်တူး၏။ ပို၍ အကုန်သတ်၊ အကုန်ဖျက်၊ အကုန်လုယက်၊ အကုန် မုဒိမ်းကျင့်၊ အကုန် မီးလောင်တိုက်သွင်း၏။

အဖိနှိပ်ခံပြည်သူနှင့် အကျူးကျော် အစော်ကားခံ ပြည်သူတို့သည် ရိုးသား၏။ သိမ်မွေ့၏။ အေးချမ်း၏။ တည်ငြိမ်၏။ မြတ်နိုးကိုးကွယ်ဖွယ်သော စိတ်နှလုံး ထား ရှိ၏။ ငြိမ်းချမ်းလို၏။ စစ်ကို ဆန့်ကျင်၏။ ဖိနှိပ်သူနှင့် ကျူးကျော်သူကို ခုခံစစ်ပွဲ ဆင်နွှဲပိုင်ခွင့် ရှိ၏။

ထိုခုခံပိုင်ခွင့်သည် မွေးရာပါ လောကပါလ တရားမြတ် ဖြစ်လေသည်။

စစ်ကို ဖန်တီးသူနှင့် အဖိနှိပ်ခံ၊ အကျူးကျော်ခံ ပြည်သူတို့သည် ကာဝရ မလွဲမသွေ ပဋိပက္ခ ဖြစ်ကြရပေမည်။

စစ်ကို ဖန်တီးသူတို့ ဆင်နွှဲသော စစ်ပွဲမှန်သမျှ၊ ဖိနှိပ်ချုပ်ချယ်မှုမှန်သမျှတို့သည် ထာဝရ ကောက်ကျစ်စဉ်းလဲကာ ယုတ်မာနိမ့်ကျ၏။

အဖိနှိပ်ခံနှင့် အကျူးကျော်ခံတို့ ဆင်နွှဲသော တော်လှန်စစ်ပွဲနှင့် ခုခံစစ်ပွဲသည် ထာဝရမှန်မြတ်ကာ တရားမှန်ကန်၏။

mgyoe.com

mgyoe.com

ထိုမွန်မြတ်သော အမှန်တရားများအတွက် တွန်းထုတ် တော်လှန်လိုစိတ်၊ ခုခံ မောင်းထုတ်လိုစိတ်များ အမြဲတစေ ရှင်သန်ကြီးထွားနေစေရန် ဤစာအုပ်ကို ဘာသာ ပြန်ပါသည်။

ဂျူးလူမျိုး၊ အမေရိကန် သတင်းစာဆရာ တစ်ဦး၏ လွန်ခဲ့သော နှစ်ပေါင်း ၃၀ က အတွေ့အမြင်၊ အထိအသိ၊ အလှေ့အလာ၊ အမှတ်အသား၊ အဆုံးအစည်း၊ ရှေ့ဖြစ်ဟောကိန်းနှင့် ကောက်ချက်များသည် ယနေ့ကာလတိုင်အောင် မည်မျှ မှန်ကန် နေကြောင်း။

စစ်ဖန်တီးသူတို့၏ အဖိနှိပ်ခံ၊ အကျူးကျော် အစော်ကားခံ ပြည်သူများအတွက် စစ်မှန်သော ပြည်သူ့သတင်းစာဆရာတို့သည် မည်ရွေ့မည်မျှ ထောက်ထားစာနာ တတ်ကြကြောင်း၊ မည်ရွေ့မည်မျှ တိုက်ပွဲဝင်ရဲသော သတ္တိရှိကြကြောင်း၊

စသည်များကို သတိသံဝေဂတရား ပွားများနိုင်ပါစေသတည်း။

အထောက်တော်လှအောင်

သုဝဏ္ဏ၊
၂၇၊ ဒီဇင်ဘာ၊ ၁၉၇၅။

mgyoe.com

mgyoe.com

အမှာစာ

မြန်မာပြည်ကို ဗြိတိသျှတို့ ပြန်လည်သိမ်းပိုက်သည့် ၁၉၄၅ ခုနှစ် မတ်လ၏ ညတစ်ညက ဤစာအုပ်ကို ရေးသားရန် ကြံစည်စိတ်ကူးမိသည်။ စာအုပ်အမည်ကအစ ထည့်သွင်းရေးသားမည့် အကြောင်းအရာများအားလုံးအထိ အပြည့်အစုံ ကြံစည် စိတ်ကူးမိခြင်း ဖြစ်ပါသည်။

ထိုစိတ်ကူးကို အကောင်အထည်မဖော်မီ တရုတ်ပြည်သို့ တစ်ခေါက် ပြန်သွားရန် ကျွန်ုပ် ကြိုးစားသည်။ သို့သော် ကူမင်တန်အစိုးရက ပြည်ဝင်ခွင့် မပေးတော့ချေ။ တရုတ်ပြည်နှင့် ပတ်သက်သော ကျွန်ုပ် ရေးသားခဲ့သည့် သတင်းအချို့ကိုလည်း သူတို့ လက်မခံနိုင်အောင် ဖြစ်နေကြသည်။ ကူမင်တန်အစိုးရက တရုတ်ပြည်တွင်းသို့ ဝင်ခွင့်မပြုသည့်အတွက် ကျွန်ုပ်၏ ခရီးစဉ်များမှာ အပြောင်းအလဲ ဖြစ်ကုန်တော့သည်။

ဒုတိယကမ္ဘာစစ်ကြီး ပြီးလျှင်ပြီးချင်း အမေရိကန်တပ်များက ကိုရီးယားပြည်ကို ဝင်ရောက် သိမ်းပိုက်ကြသည်။ ထိုတပ်များနှင့် တစ်ပါတည်း လိုက်ပါရန် နယူးစ်ဝိခ် ဂျာနယ်က ကျွန်ုပ်ကို တာဝန်ပေးသည်။ ထိုမှတစ်ဆင့် နောက်ပိုင်းလများတွင် ဂျပန်၊ ဖိလစ်ပိုင်၊ အင်ဒို ချိုင်းနား၊ ယိုးဒယား၊ မလေးရှားနှင့် ဂျားဗားကျွန်းများသို့ တစ်ဆက်တည်း လှည့်လည်သွားလာမိသည်။

ခရီးစဉ် အပြောင်းအလဲဖြစ်ပြီး နိုင်ငံပေါင်းများစွာသို့ ယခုလို လှည့်လည်သွားလာရသည့်အတွက် ကျွန်ုပ်အဖို့ အကျိုးတစ်စုံတစ်ရာ နစ်နာခြင်း မရှိပါ။ မူလက ကျဉ်းမြောင်းခဲ့သည့် အမြင်များသည် ပိုမိုကျယ်ပြန့်လာသဖြင့် အမြတ်ရပါသည်။ စစ်ပြီးစ အာရှနိုင်ငံများ၏ အကြောင်းကို ပိုမိုသိနားလည်ခွင့်ရသဖြင့် အကျိုးကျေးဇူး များပါသည်။

mgyoe.com

 mgyoe.com

ဤစာအုပ်တွင် ဖော်ပြပါရှိသည့် အခန်းကဏ္ဍနှင့် အကြောင်းအရာ အနှစ်သာရများ တစ်ခုနှင့်တစ်ခု ကွဲလွဲနေမည် ဆိုငြားအံ့။ သတင်းစာဆရာတစ်ဦးသည် သူရရှိသည့် အခွင့်အရေးများ မတူကွဲလွဲသောကြောင့် ထိုသို့ဖြစ်ရသည်ဟု မှတ်ယူစေလိုပါသည်။ သတင်းစာဆရာဟူသည် သူ တွေ့ရ၊ မြင်ရ၊ သိရ၊ ကြားရ၊ ကြုံရသမျှကို အရင်းတိုင်း ပြန်လည် တင်ပြမည်သာ ဖြစ်သည်။ သူ့အတွေး၊ သူ့အမြင်၊ သူ့အသိ၊ သူ့အကြားများ ကွဲလွဲသော် သူ တင်ပြသမျှတို့သည်လည်း ကွဲလွဲကြမည်သာ ဖြစ်သည်။

သေးငယ်သည့် သာမန် အကြောင်းအရာ တစ်ခုကို ပုံကြီးချဲ့လိုသည့် စိတ်ဆန္ဒများသည် သတင်းစာဆရာတို့၏ စိတ်အတွင်းသို့ မကြာခဏ ဝင်ရောက် ခိုအောင်းလေ့ရှိပါသည်။ ကျွန်ုပ်သည် ထိုစိတ်ဆန္ဒမျိုးကို အစွမ်းကုန် ချိုးနှိမ်ပါသည်။ စိတ်ဆန္ဒ၏ အလိုကို မလိုက်ဘဲ အဖြစ်မှန်ကိုသာ ပြန်လည်တင်ပြပါသည်။

ဒုတိယကမ္ဘာစစ်ကြီးပြီးချိန်တွင် စစ်ဒဏ်ကို အလူးအလဲ ခံကြရသည့် အာရှနိုင်ငံများမှ အဖြစ်အပျက် အရေးအခင်းများကို ပြည့်စုံစွာ ရေးသားရန် ကျွန်ုပ် အားထုတ်ထားပါသည်။ ကမ္ဘာ့အရှေ့ဖျား တိုင်းပြည်များတွင် စစ်ကြီးဖြစ်ပွားသည့်အတွက် ပေါ်ပေါက်လာသော အပြောင်းအလဲများကို ပြည့်စုံစွာ ရေးသားဖော်ပြနိုင်ရန် အစွမ်းကုန် ကြိုးပမ်းထားပါသည်။ ထိုသို့ အားထုတ်ကြိုးပမ်းကာ ရေးသားချက်များသည် အတ္တနောမတိ ကျွန်ုပ် တစ်ဦးတည်း၏ ရှုမှတ်တွေ့မြင်ခြင်းအပေါ် အခြေမခံပါ။ ၁၅ နှစ်တိုင်အဆက်မပြတ် လေ့လာထားခြင်းများအပေါ် အခြေခံပါသည်။

ဤနေရာတွင် အလျဉ်းသင့်သဖြင့် ကျွန်ုပ်၏ မိတ်ဆွေသုံးဦးတို့က ပြောခဲ့သည့် စကားများကို ပြန်လည်ဖော်ပြလိုပါသည်။

ပထမ မိတ်ဆွေသည် အိုင်းရစ်လူမျိုး ဖြစ်သည်။ သူ့အသက် နီးပါးတမျှ အိန္ဒိယပြည်တွင် အနေကြာသည်။ အိန္ဒိယအမျိုးသား အများစုတို့၏ မိတ်ဆွေလည်း ဖြစ်သည်။ သူကိုယ်တိုင်ကလည်း အိန္ဒိယအမျိုးသား လှုပ်ရှားမှုများကို နှစ်နှစ်ကာကာ ထောက်ခံသည်။ သူနှင့်အတူ နေ့လယ်စာစားရင်း ကမ္ဘာ့အခြေအနေများကို စိတ်မချမ်းမြေ့စွာ ကျွန်ုပ်တို့နှစ်ဦး အချိန်ကြာမြင့်စွာ ဆွေးနွေးကြဖူးသည်။

"ကျွန်တော်တို့ တတ်နိုင်သမျှ အကောင်းဆုံးလုပ်၊ ပြီးတော့ လူသားမျိုးဆက်ဟာနောက် နှစ်ပေါင်း ၂၀၀ ကျရင် အခုထက် ပိုကောင်းလာလိမ့်မယ်လို့ မျှော်လင့်ထား၊ အဲဒီလိုလုပ်ဖို့ရယ်၊ မျှော်လင့်ချက်ကလေးထားဖို့ရယ်ကလွဲရင် ကျွန်တော့်အဖို့တော့

mgyoe.com

mgyoe.com

လောကကြီးဟာ ဘာမှ မရေရာတော့ပါဘူးဗျာ" ဟု သူက စိတ်ပျက်လက်ပျက် ပြောသည်။

ထိုနေ့ညနေမှာပင် မိတ်ဆွေဟောင်းတစ်ဦးဖြစ်သော ဘယ်လ်ဂျီယံ သတင်းစာဆရာတစ်ဦးနှင့် ကျွန်ုပ် တွေ့ခဲ့ပြန်သည်။ သူသည် အရှေ့ဖျားနိုင်ငံများအတွင်း၌ နှစ်ပေါင်းများစွာ လှည့်လည်သွားလာခဲ့သူ ဖြစ်သည်။ အရှေ့ဖျားနိုင်ငံများအရေးနှင့် ပတ်သက်၍လည်း နှံ့စပ်ခဲ့သူ ဖြစ်သည်။ သူနှင့် စကားထိုင်ပြောရင်း နေ့လယ်က အိုင်းရစ်မိတ်ဆွေနှင့် ဆွေးနွေးခဲ့သည့် အကြောင်းများသို့ စကားဦးလှည့်သွားသည်။ အိုင်းရစ် မိတ်ဆွေပြောသည့် စကားကို ကျွန်ုပ်က ပြန်ပြောပြသည်။

"ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့ အစွမ်းရှိသမျှ လုပ်နေကြဖို့ ကောင်းတယ်လို့ ကျွန်တော် ထင်တယ်။ ဒီလိုလုပ်ရင်း နောက်နှစ်ပေါင်း ကုဋေကုဋာကြာတဲ့အခါမှာ လူသားတွေရဲ့ အဆင့်အတန်းဟာ ပိုပြီး မြင့်လာကောင်းရဲ့လို့ တွေးရတာပဲ"

"ခင်ဗျားက နှစ်ပေါင်း ကုဋေကုဋာလို့ ပြောတယ်။ ကျွန်တော့် မိတ်ဆွေ အိုင်းရစ် လူမျိုး တစ်ယောက်ကတော့ နှစ်ပေါင်း ၂၀၀ လောက်ပဲလို့ ပြောပါလား"

"ဒီအိုင်းရစ်လူမျိုးတွေဟာ ဘာမဆို အကောင်းဘက်ကချည်း မြင်တတ်တဲ့ လူစားတွေပါဗျာ" ဟူသော နှပ်ပစ်စကားကို ဆိုရင်း စကားဝိုင်းကို သူက လက်စသိမ်းသွားသည်။

နောက် လအနည်းငယ် ကြာသောအခါ ဂျာဗားကျွန်းသို့ ကျွန်ုပ် ရောက်ခဲ့သည်။ တစ်နေ့တွင် ဟာဂျီဆလင်းအမည်ရှိ အဘိုးအို တစ်ဦးနှင့် တွေ့ဆုံစကားပြောခွင့်ရခဲ့သည်။ ဟာဂျီဆလင်းသည် ပညာဉာဏ် အမြော်အမြင်ကြီးသည်။ ပျော်တတ်၊ ရွှင်တတ်သည်။ ပြဿနာ တစ်ခုခုကို တွေ့တိုင်း ပြောင်လှောင်သရော်ခြင်းဖြင့် ဖြေရှင်းတတ်သည်။ သူနှင့် စကားပြောရင်း သူ၏ လောကအမြင်ကို အောက်ပါအတိုင်း ကြားခဲ့ရပြန်ပါသည်။

"သူငယ်ချင်း၊ မင်းနဲ့ငါနဲ့ကြားမှာ ကွာခြားတာ တစ်ခု ရှိတယ်။ အဲဒါဟာ ဘာလဲဆိုတော့ ဖရိုဖရဲဖြစ်နေတဲ့ ဒီကမ္ဘာကြီးထဲမှာ မင်းဟာ မျှော်လင့်ချက်မရှိတဲ့ လူတစ်ယောက်အဖြစ်နဲ့ သေရမယ်၊ ငါကတော့ မျှော်လင့်ချက်ရှိတဲ့ လူတစ်ယောက်အဖြစ်နဲ့ သေရမယ်"

အဘိုးအို ဟာဂျီဆလင်း၏ စကားသည် တရားမျှတမှုရှိသည်ဟု ကျွန်ုပ် မထင်။ သူ့ဘက်ကို သူ ဆွဲလွှန်းသည်ဟု ထင်သည်။

mgyoe.com

mgyoe.com

ကျွန်ုပ်တို့သည် ကြမ်းတမ်းခက်တရော်သည့် ခေတ်ကာလများကို ဖြတ်ကျော်ခဲ့ရသည်။ မျှော်လင့်ချက်ထားခြင်းထက် အရာရာတွင် နိမ့်ချကျိုးနွံမှုပြုရန် ကျွန်တော်တို့ ဖြတ်ကျော်ခဲ့ရသည့် အဖြစ်အပျက် အတွေ့အကြုံများက သင်ခန်းစာပေးခဲ့သည်။ မဖြေနိုင်သည့် ပုစ္ဆာများကိုလည်း တကြော်ကြော် မေးနေရသည်။ ထိုပုစ္ဆာများ၏ အဖြေကို အပတ်တကုတ် ဆက်လက်ရှာဖွေနေကြရသည်။

သို့ကလို မျှော်လင့်ချက်ကို စွန့်လွှတ်ပြီး နိမ့်ချကျိုးနွံခြင်း၊ မဖြေနိုင်သည့် ပုစ္ဆာတို့၏ အဖြေကို ပင်ပန်းတကြီး ရှာဖွေခြင်း အမှုကို မပြုနိုင်ဟု ဆိုငြားအံ့။ ပြဿနာပေါင်းစုံတို့ကို သူတို့ ဖြစ်ပျက်နေသည့်အတိုင်း စောဒကမတက်ဘဲ လက်ခံလုပ်ကိုင်ရန် နည်းလမ်းတစ်ခုသာ ကျန်တော့သည်။ ဤသို့ လက်ခံရန်မှာကား ဖြစ်နိုင်စကောင်းသည် မဟုတ်ချေ။

ဒုတိယကမ္ဘာစစ်အတွင်းက အရှေ့ဖျားနိုင်ငံများတွင် သတင်းထောက်အဖြစ် ကျွန်ုပ် အမှုထမ်းခဲ့သည့် နယူးစ်ဝိခ်မဂ္ဂဇင်းမှ အယ်ဒီတာများကို လည်းကောင်း၊ ကျွန်ုပ်၏ သတင်းဆောင်းပါး အချို့ကို ဖော်ပြခဲ့သည့် ဟားပါးမဂ္ဂဇင်းကို လည်းကောင်း၊ အကြံဉာဏ်များပေးခဲ့သူ မိတ်ဆွေ အက်စ်မတ်စမစ်ကို လည်းကောင်း၊ ဤစာအုပ်ဖြစ်မြောက်ရန် အကြောင်းအရာ အချက်အလက်များ စုစည်းပေးသူ ကျွန်ုပ်၏ ဘဝခရီးဖော် ဗိုင်အိုလာ၊ အာ၊ အိုက်ဇက်ကို လည်းကောင်း ကျေးဇူးတင်ကြောင်း ဖော်ပြအပ်ပါသည်။

ဟာရိုးအာအိုက်ဇက်

နယူးယောက်မြို့။
အောက်တိုဘာ–၁၊ ၁၉၄၆။

mgyoe.com

mgyoe.com

ဒုတိယ ပုံနှိပ်ခြင်းအတွက် အမှာ

"စစ်ပြီးခေတ် ဤကမ္ဘာသည် အဘက်ဘက်တွင် ယိုယွင်းပျက်စီးနေသည်။ တိုးတက်မှုများ အလွန်တရာ နှေးကွေးနေသည်။ ကမ္ဘာမြေ မျက်နှာပြင်မှာ သွေးပင်လယ်များ ဖုံးလွှမ်းနေသည်"

ဂျပန်နှင့် စစ်ပြီးစက အာရှတိုက်တွင်ရှိနေသည့် ကျွန်ုပ်အဖို့ သတင်းစာဆရာ တစ်ယောက်အနေဖြင့် ဤကမ္ဘာကို အထက်ပါအတိုင်း မြင်ခဲ့သည်။

ဤစာအုပ်ကို ၁၉၄၆ ခုနှစ်က ရေးသားထုတ်ဝေခဲ့ပါသည်။ ယနေ့ အာရှနိုင်ငံများ၏ အခြေအနေများ ယခုလို ဖြစ်ပျက်နေစေရန် ယခင်ကတည်းက ဖန်တီးခဲ့ကြသည်ကို ဖော်ပြလိုရင်းသည် ဤစာအုပ်၏ အဓိက အနှစ်သာရ ဖြစ်ကြောင်း စာဖတ်သူများ တွေ့မြင်သဘောပေါက်နိုင်ပါလိမ့်မည်။ ယနေ့ အာရှနိုင်ငံများ၏ နိုင်ငံရေး အရှုပ်အထွေးတို့သည် အလိုအလျောက် ဖြစ်ပေါ်လာခြင်း မဟုတ်။ ယခုလိုပင် ရှုပ်ထွေးနေစေရန် လွန်ခဲ့သည့် နှစ်ပေါင်းများစွာ၊ တစ်နည်းဆိုရသော် စစ်အတွင်းကာလနှင့် စစ်ပြီးကာလကတည်းက မျိုးစေ့ချကာ ဖန်တီးခဲ့ကြခြင်း ဖြစ်ကြောင်း သဘောပေါက်ကြပါလိမ့်မည်။

ကိုရီးယားနှင့် အင်ဒိုချိုင်းနားနိုင်ငံတို့၏ ကံကြမ္မာဆိုးကို ဖန်တီးပေးမည့် မျဉ်းပြိုင်များ ပိုင်းခြားသတ်မှတ် ရေးဆွဲပေးခဲ့ကြသည်။ ထိုသို့ အနာဂတ် ကံကြမ္မာဆိုးကို မျိုးစေ့ချသည့်အကြောင်းများ ဤစာအုပ် စာမျက်နှာများတွင် ပြန်လည်ဖတ်ရှုကြရမည် ဖြစ်သည်။

mgyoe.com

mgyoe.com

၁၉၄၅ ခုနှစ်က ရေးဆွဲခဲ့သည့် ယင်းမျဉ်းပြိုင်များသည် ယာယီမျှသာ ဖြစ်သည်ဟု ကျွန်ုပ်တို့ တွေးထင်ခဲ့ကြသည်။ စစ်ရှုံးသွားသော ဂျပန်များ လက်နက်ချနိုင်ရန်နှင့် ၎င်းတို့ သိမ်းပိုက်ထားသည့် နယ်မြေများမှ အလွယ်တကူ နှင်ထုတ်ပစ်နိုင်ရန်အတွက် ရေးဆွဲခဲ့ခြင်း ဖြစ်သည်ဟု ကျွန်ုပ်တို့ အတွေးပေါက်ခဲ့ကြရသည်။

သို့သော် ကျွန်ုပ်တို့၏အတွေးသည် အဖြစ်မှန်နှင့် တက်တက်စင် လွဲခဲ့ရချေပြီ။

စစ်ပြီးသော်လည်း မျဉ်းပြိုင်တို့သည် ပျောက်မသွား။ ဂျပန် လက်နက်ချပြီးသော်လည်း မျဉ်းပြိုင်တို့သည် လူမျိုးတူ၊ နယ်မြေတူ၊ တိုင်းပြည်တူတို့ကို တောင်မြောက်ခွဲထားကြမြဲပင် ဖြစ်သည်။ ထိုမျှ သာမကသေး။ မျဉ်းပြိုင်များ ရေးဆွဲသတ်မှတ်ထားသည့် နယ်စပ်ဒေသများသည် တန်ခိုးအာဏာလုပွဲ အသစ်များ ပေါ်ပေါက်ရာ၊ သွေးပင်လယ်လွှမ်းရာ စစ်မြေပြင်အသစ်များအဖြစ်သို့ ကူးပြောင်းရောက်ရှိလာလေတော့သည်။

စစ်ပြီးစ အရှေ့တောင်အာရှ အရေးအခင်းများတွင် အမေရိကန်၏ ရပ်တည်ချက်ကိုလည်း ဤစာအုပ်တွင် ဖတ်ရှုရမည် ဖြစ်သည်။ ဂျပန်အပေါ် စစ်နိုင်ရုံမျှဖြင့် အမေရိကန်တို့သည် ရောင့်ရဲတင်းတိမ်ခြင်း မရှိခဲ့ကြချေ။ ကမ္ဘာ့အင်အားကြီးနိုင်ငံအဖြစ် အာဏာပြိုင်ပွဲသည် ထိုစဉ်ကတည်းက အခြေခိုင်ခဲ့ပြီ ဖြစ်သည်။ ထိုအချိန်မှစပြီး ကမ္ဘာ့အရေးအခင်းများတွင် တန်ခိုးအာဏာပြိုင်ပွဲများသည် ရှေ့တန်းမှ ကြီးစိုးလာခဲ့သည်။

မည်သို့ဆိုစေ၊ တန်ခိုးအာဏာပြိုင်ပွဲများ ပပျောက်စေရန်အတွက် မည်သို့မည်ပုံ လုပ်ကိုင်ဆောင်ရွက်ရမည်ဟု ဖော်နည်းကားများကို ညွှန်ပြကာ ဤစာအုပ်ကို နိဂုံးကမ္ပတ် အပြီးမသတ်ခဲ့ပါ။ ကြီးမားသော ဆန္ဒဖြင့် တောင်းပန်တိုးလျှိုးကာ ဆုတောင်းပတ္ထနာပြုခြင်းဖြင့်သာ အဆုံးသတ်ခဲ့ပါသည်။

စစ်ပြီးချိန် အရှေ့တောင်အာရှနှင့် တရုတ်ပြည်တွင် တန်ခိုးအာဏာ ပြိုင်ပွဲများနှင့် ပတ်သက်၍ အမေရိကန်၏ ရပ်တည်ချက်ကို ပိုမိုပီပြင်စွာ ဤစာအုပ်က ဖော်ပြနိုင်လိမ့်မည်ဟု ကျွန်ုပ် ထင်မြင်မိပါသည်။

စစ်ပြီးစ အာရှနိုင်ငံများ၏ အခြေအနေကို လွှမ်းခြုံကြည့်ပါက တရုတ်ပြည်တွင်း အဖြစ်အပျက်တို့က ထူးကဲစွာ ကြီးစိုးနေကြောင်း သတိပြုမိကြမည် ဖြစ်သည်။ တရုတ်ပြည်တွင် ကွန်မြူနစ်များ အာဏာရတော့မည့်အချိန်သို့ တစ်စတစ်စ နီးကပ်လာသည်၊ အမေရိကန်ကလည်း တရုတ်ကွန်မြူနစ်များ အာဏာမရစေရန် နောက်ဆုံးအချိန်အထိ သွေးရူးသွေးတန်း ကြိုးပမ်းခဲ့သည်။

mgyoe.com

mgyoe.com

သို့သော်လည်း အမေရိကန်တို့၏ ကြိုးပမ်းမှုမှန်သမျှသည် အရာမထင်နိုင်တော့ချေ။ အချိန်အခါသည် များစွာ နောက်ကျခဲ့ပြီ ဖြစ်၏။ အမေရိကန် ထောက်ပံ့ထားသည့် ကူမင်တန်အစိုးရ၏ ပျက်စီးယိုယွင်းလာမှုကို မည်သို့မျှ မဟန့်တားနိုင်အောင်၊ မကယ်မနိုင်အောင်၊ ကျား မကန်နိုင်အောင် ကြုံတွေ့လာရသည်။ ထို့ကြောင့် ကူမင်တန်အစိုးရ ဗုန်းဗုန်းလဲကျကာ ကွန်မြူနစ်ပါတီက တရုတ်ပြည်ကြီး၏ အာဏာကို လက်ဝယ်ရယူပြီး မလွဲမသွေ အောင်ပွဲခံလိုက်လေတော့သည်။

အရှေ့တောင်အာရှတွင် ပြင်းထန်သည့် အရေးအခင်းများ ဖြစ်ပွားပေါ်ပေါက်နေသည့် ၁၉၄၅ ခုနှစ်အတွင်းက ဥရောပ အင်ပါယာကြီး တည်မြဲနေအောင် အမေရိကန်က ကြိုးပမ်းခြင်း မပြုခဲ့။ ဗြိတိသျှနှင့် ဒတ်ချ်တို့၏ ကိုလိုနီအာဏာကို ၁၉၄၂ ခုနှစ်က ဖျက်သိမ်းခဲ့သည့် ဂျပန်အပေါ် အမေရိကန်က ၁၉၄၆ ခုနှစ်တွင် စစ်နိုင်ခဲ့သည်။ ထိုအခါ အာဏာဖြင့် အဓမ္မ သိမ်းပိုက်ထားခြင်းခံနေရသော ပြည်သူများ လွတ်မြောက်ရေးကို ရည်စူးပါသည်ဟု အမေရိကန်က ကြွေးကြော်လိုက်ပြန်သည်။ အမှန်တကယ် ပေါ်ပေါက်လာသည့် လုပ်ရပ်များကား ထိုသို့မဟုတ်ပြန်ပါချေ။

တိုင်းတစ်ပါးလက်အောက် ကျွန်သပေါက်ဖြစ်ခဲ့ရသည့် အင်ဒိုချိုင်းနားနှင့် အင်ဒိုနီးရှား နယ်မြေများတွင် အမျိုးသား လှုပ်ရှားမှုများ ကြီးထွားလာသည်။ သူတို့ကို အုပ်စိုးခဲ့သည့် ပြင်သစ်နှင့် ဒတ်ချ်စစ်တပ်များလည်း လုံးဝမရှိသောအချိန် ဖြစ်သည်။ ဂျပန်လက်လွှတ်ခဲ့ရသည့် အစိုးရအာဏာကို မိမိတို့ အမျိုးသားများ လက်တွင်းသို့ ပြန်လည်အပ်နှင်းရန် လွတ်လပ်သော နိုင်ငံများအဖြစ် ကြေညာကာ လွတ်လပ်သော အမျိုးသားအစိုးရများကို ဖွဲ့စည်းရန် တောင်းဆိုတိုက်ပွဲဝင်နေကြသည်။ သူတို့၏ အမျိုးသားရေးစိတ်ဓာတ်သည် အထွတ်အထိပ်သို့ ရောက်လာကာ ပြည်သူလူထုများ ရာစုကြီး၏ တစ်ခဲနက်သော ထောက်ခံမှုများကိုပါ ရရှိနေကြပြီ ဖြစ်သည်။

"အာဏာဖြင့် ဖွတ်အဓမ္မ သိမ်းပိုက်ထားခြင်း ခံနေရသော ပြည်သူများ၏ လွတ်မြောက်ရေးကို ရည်စူးပါသည်" ဟု ကြွေးကြော်ခဲ့သည့် အမေရိကန်သည် သဘောရိုးဖြင့် ကြွေးကြော်ခဲ့ရိုးမှန်ပါက ယခု အင်ဒိုချိုင်းနားနှင့် အင်ဒိုနီးရှား ပြည်သူတစ်ရပ်လုံး၏ တစ်ခဲနက် တောင်းဆိုချက်ကို လိုက်လျောရမည်သာ ဖြစ်သည်။ ထိုနယ်မြေအားလုံးသည် သူ့လက်အောက်တွင် ရောက်ရှိနေပြီ ဖြစ်သောကြောင့် လိုက်လျောနိုင်သည့် အခြေအနေလည်း ရှိသည်။

သို့သော် လွတ်လပ်လိုသည့် ပြည်သူတို့၏ တောင်းဆိုချက်ကို လိုက်လျောရမည့်

mgyoe.com

အစား နိုင်ငံတကာ ဆွေးနွေးမှုများ ပြုလုပ်စေခြင်းဖြင့် အမျိုးသား လှုပ်ရှားမှုများ၏ အရှိန်အဟုန်ကို ဟန့်တားလိုက်လေတော့သည်။

၁၉၅၅ ခု၊ ဧပြီလ၌ ဆန်ဖရန်စစ္စကိုမြို့တွင် နိုင်ငံတကာ ဆွေးနွေးမှုများ ပြုလုပ်သည်။ လွတ်လပ်ရေးနှင့် ကိုယ်ပိုင် အမျိုးသားအစိုးရ ဖွဲ့စည်းရေး တောင်းဆိုချက်ကို ယင်းဆွေးနွေးပွဲမှ လိုက်လျောသင့်သော်လည်း တုံ့ဆိုင်းနေခဲ့ကြသည်။ သို့ဖြင့်ပင် အင်ဒိုချိုင်းနားနှင့် အင်ဒိုနီးရှား တိုင်းပြည်များအတွင်းမှာ ပိုမိုရှုပ်ထွေးသည့် အခြေအနေများ စစ်ပြီးချိန်၌ ဖြစ်ပွားပေါ်ပေါက်ခဲ့ရခြင်း ဖြစ်လေသည်။

အစမှ့ အသိမ်းပိုက်ခံ ပြည်သူများ လွတ်မြောက်ရေးကို ရည်စူးပါသည်ဟု တစာစာ ကြွေးကြော်ခဲ့သည့် အမေရိကန်ကို သန်းပေါင်းများစွာသော ကိုလိုနီ ပြည်သူများက ယုံစားခဲ့ကြသည်။ မိမိတို့၏ လွတ်လပ်ရေးကို ဖန်တီးပေးနိုင်သည့်၊ ပေးလည်း ပေးမည့် ကယ်တင်ရှင်ကြီးအဖြစ် အထင်ကြီးခဲ့ကြသည်။

သို့သော် အများ မျှော်လင့်သလို ဖြစ်မလာချေ။ သူ ကြွေးကြော်ခဲ့သည့်အတိုင်း လက်တွေ့အကောင်အထည်ဖော်ခြင်း မပြုခဲ့ချေ။ အာရှတွင် လွှမ်းမိုးနေသည့် ဥရောပ အင်ပါယာများကို ဖျက်သိမ်းပေးခြင်း မပြုခဲ့ချေ။ ပစိဖိတ်ဒေသတွင် တန်ခိုးအာဏာ ကြီးမားစွာဖြင့် လွှမ်းမိုးထားနိုင်သူ ဖြစ်သော်လည်း ဥရောပ လက်အောက်ခံ အာရှ ပြည်သူများ လွတ်မြောက်ရေးကို ဦးစီးရှေ့ဆောင် လုပ်ကိုင်မပေးခဲ့ချေ။

ထိုမျှသာမက ကိုလိုနီနိုင်ငံများ၏ အရှင်သခင်ဟောင်းများ ပြန်လည်အုပ်စိုးနိုင်ရေးကိုသာ အားပေးအားမြှောက်ပြုခဲ့သည်။ ပုံစံသစ်၊ အခြေအနေသစ်၊ အုပ်ချုပ်ရေး အာဏာသစ်များကို ဖော်ဆောင်ပေးနိုင်သည့် အခြေအနေများ ရှိနေသော်လည်း အုပ်ချုပ်ရေးပုံစံ အဟောင်းကြီးဖြင့် သခင်ဟောင်းများက ပြန်လည်အုပ်စိုးကာ ကျွန်သက်ရှည်ရေးကိုသာ ဆောင်ရွက်ခဲ့သည်။ ကိုလိုနီစနစ်ဟောင်းကြီးကိုသာ ပြင်ဆင်မွမ်းမံ ရင်း ကျားကန်ပေးခဲ့သည်။

ထိုစဉ်က ထိုကဲ့သို့ မျိုးစေ့ချ ပုံသွင်းခဲ့သောကြောင့်လည်း ယနေ့ အာရှနိုင်ငံပေါင်း များစွာတို့သည် ဆိုးဝါးသော၊ ခါးသီးသော အဖြစ်အပျက်များနှင့် ယနေ့တိုင် ရင်ဆိုင် နေကြရခြင်း ဖြစ်ပါသည်။

စစ်ရှုံးဂျပန်ကို လက်နက်ချခိုင်းရန် အင်ဒိုနီးရှားသို့ ပြန်လည် ရောက်ရှိလာသည့် ဗြိတိသျှစစ်တပ်များသည် ဂျပန်ကို လက်နက်ချခိုင်းရမည့်အစား အင်ဒိုနီးရှား မျိုးချစ် အင်အားစုများ၏ လက်ဝယ်မှ လက်နက်ကို သိမ်းပိုက်ရန် ပထမဦးဆုံး ကြိုးပမ်းကြ

mgyoe.com

mgyoe.com

သည်။ လွတ်လပ်ရေးကို တောင်းဆိုနေသည့် အင်ဒိုနီးရှား ပြည်သူတို့၏ တိုက်ပွဲကို ချေမှုန်းနိုင်ရန် ကြိုးစားကြသည်။

အင်ဒိုနီးရှား ပြည်သူများက လက်နက်အသိမ်းမခံသောအခါ တိုက်ပွဲများ စတင်ဖြစ်ပွားလာတော့သည်။ ဒုတိယကမ္ဘာစစ်ကြီး၏ ဘေးဒဏ်ကို ခါးစည်းခံခဲ့ကြရသော လွတ်လပ်လိုသည့် ပြည်သူများသည် ဆိုးဝါးကြမ်းတမ်းသည့် လွတ်လပ်ရေး စစ်ပွဲတစ်ခုနှင့် နောက်ထပ် ရင်ဆိုင်တိုးကြရပြန်သည်။ ထိုမျိုးချစ်အင်အားစုများကို နှိမ်နင်းနိုင်ရန်အတွက် စစ်ရှုံးပြီး လက်နက်ချရန် စောင့်နေသော ဂျပန်တပ်များကို ဗြိတိသျှတပ်တို့က အသုံးချခဲ့သည်။ လက်နက်ချရန် စောင့်ဆိုင်းရင်း ကြေးစားတပ်များအဖြစ် ဗြိတိသျှတပ်များကို ကူကာ လွတ်လပ်ရေး သူရဲကောင်းများကို ချေမှုန်းကြတော့သည်။

သို့ကလို လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်မှုနှင့် ကျွန်သက်ရှည်ရန် ပြန်လည်သိမ်းသွင်းရေး ကြိုးပမ်းမှုတို့ ဖြစ်နေကြဆဲမှာပင် ဗြိတိသျှနှင့် ဂျပန်တပ်များကို ရုပ်သိမ်းပြီး ၎င်းတို့နေရာတွင် ဒတ်ချ်စစ်တပ်များ အစားထိုး ရောက်လာသည်။ အမေရိကန်တို့က လေ့ကျင့်ပေးထားရုံမက လက်နက်ပါ တပ်ဆင်ပေးထားသည့် မရိန်းတပ်မကြီးတစ်ခုလည်း ပါဝင်သည်။ ထိုမျှမက အဆိုပါ ဒတ်ချ်စစ်တပ်များကို အမေရိကန်စစ်သင်္ဘောများက သယ်ယူပြီး အင်ဒိုနီးရှားသို့ အိမ်တိုင်ရာရောက် ပို့ဆောင်ပေးခြင်းလည်း ဖြစ်သည်။

အင်ဒိုနီးရှားကို ပြန်လည် ကျွန်လုပ်လိုသည့် ဒတ်ချ်နှင့် လွတ်လပ်လိုသည့် အင်ဒိုနီးရှားမျိုးချစ်များသည် ၄ နှစ်တိုင်တိုင် ပြတ်တောင်း ပြတ်တောင်း စေ့စပ်ဆွေးနွေးမှုများကို ပြုလုပ်ကြရသည်။ အမေရိကန်က ကြားပွဲစားအဖြစ် ပါဝင်သရုပ်ဆောင်သည်။ ဆွေးနွေးနေဆဲကာလတွင် သွေးမြေကျ တိုက်ပွဲများသည် အဆက်မပြတ်ဖြစ်ပွားနေမြဲ ဖြစ်၏။

နောက်ဆုံးတွင် ကြီးထွားလာသည့် လက်အောက်ခံ ကိုလိုနီတို့၏ လွတ်မြောက်ရေး အရှိန်အဟုန်ကြီးကို ဒတ်ချ်တို့ မဟန့်တားနိုင်တော့ဘဲ လက်လျှော့အရှုံးပေးကာ လွတ်လပ်ရေး ပေးလိုက်ရတော့သည်။ ဤသို့ လွတ်လပ်ရေးပေးရသည့်တိုင်အောင် ကြားပွဲစား အမေရိကန်အပေါ် နှစ်ဖက်စလုံးက ကျေနပ်ခြင်း မရှိကြ။ အမေရိကန် ဝင်ရှုပ်သောကြောင့် လွတ်လပ်ရေးနှင့် အလှမ်းဝေးရသည်ဟု အင်ဒိုနီးရှား အမျိုးသားတို့က စွပ်စွဲကြသည်။ ဒတ်ချ်ကလည်း အမေရိကန် ပွဲစား ဝင်လုပ်သဖြင့် လက်အောက်ခံ နိုင်ငံတစ်ခု လက်လွတ်ဆုံးရှုံးရသည်ဟု သဘောပိုက်သည်။
mgyoe.com

 mgyoe.com

လွတ်လပ်ရေးရသောအခါ ဆူကာနို ခေါင်းဆောင် ဖြစ်လာသည်။ ဆူကာနို ချမှတ်သော မူမမှန်သည့် နိုင်ငံရေးလမ်းစဉ်နှင့် အမျိုးသားရေး ဝါဒနောက်သို့ အင်ဒိုနီးရှား ပြည်ကြီး မျောပါခဲ့ရသည်။ ထို့ကြောင့်လည်း လွတ်လပ်ရေးရပြီးနောက် ၁၅ နှစ်ကြာသောအခါ အင်ဒိုနီးရှားနိုင်ငံသည် အားယုတ်ပြိုလဲမတတ် ဖြစ်ခဲ့ရလေသည်။

ပြည်တွင်းမှာ စီးပွားပျက်ကပ်နှင့် ရင်ဆိုင်တိုးရသည်။ တစ်ဖက်က အာဏာသိမ်းပွဲကို ကွန်မြူနစ်တို့ ပြုလုပ်ရာမှ အခြေအနေမှာ ပိုမို ဆိုးဝါးလာသည်။ သိန်းနှင့်ချီသော ပြည်သူများ အသတ်ခံကြရသည်။ တစ်တိုင်းပြည်လုံးမှာ သွေးပင်လယ် လွှမ်းနေသည်။ ပြဿနာပေါင်းစုံကို ဖြေရှင်းပေးမည်ဟု ကြွေးကြော်ကာ တက်လာသူတိုင်းသည် ဒီပုတ်ထဲက ဒီပဲများသာ ဖြစ်နေကြသည်။ ထို့နောက်ပိုင်းတွင် တပ်မတော်က တန်ပြန်အာဏာသိမ်းခြင်းဖြင့် သွေးချောင်းစီးမှုများ ရပ်တန့်သွားသည်။

အင်ဒိုချိုင်းနား နယ်မြေပေါ်တွင် ဖြစ်ပွားခဲ့သည့် အရေးအခင်းများသည်လည်း တုန်လှုပ်ချောက်ချားဖွယ် ကောင်းလှပါသည်။ ၁၉၄၆ ခုနှစ်မှ ၁၉၅၄ ခုနှစ်အထိ ၈ နှစ်တိုင်တိုင် ပြင်သစ်တို့သည် အင်ဒိုချိုင်းနားရှိ လွတ်လပ်လိုသော ပြည်သူများကို တိုက်ခိုက်ခဲ့ကြသည်။ နောက်ဆုံးတွင် ကိုလိုနီအာဏာတည်း ဟူသော သရဲသဘက်ကြီးကို ပြင်သစ်တို့ စွန့်လွှတ်လိုက်ကြရသည်။

တောင်ပိုင်း နယ်မြေပေါ်တွင်ရှိသော ကွန်မြူနစ်များကို ပြင်သစ်တို့က တိုက်ခိုက်သဖြင့် ပြင်သစ်နှင့် ၎င်းတို့၏ ရုပ်သေးတပ်များကို အမေရိကန်က အကူအညီပေးခဲ့သည်။ ပြင်သစ်ကို အမေရိကန် အကူအညီပေးခြင်းအားဖြင့် ယုတ်စွအဆုံး ကွန်မြူနစ်မဟုတ်သော အမျိုးသားရေး ဝါဒတစ်ရပ်ကို ယင်းနယ်မြေပေါ်တွင် ထူထောင်ပေးနိုင်လိမ့်မည်ဟု အမေရိကန်တို့က မျှော်လင့်ခဲ့ကြသည်။

သို့ဖြင့် ၁၉၅၄ ခုနှစ်တွင် မည်သည့် ခိုင်လုံမှုမှမရှိသော အပစ်အခတ် ရပ်စဲရေးမျဉ်းကြောင်းဖြစ်သည့် ၁၇ မျဉ်းပြိုင်ကို ရေးဆွဲ သတ်မှတ်မိကြပြန်သည်။ အမေရိကန်တို့က သူတို့ လိုလားသည့် အစိုးရမျိုး ဖွဲ့စည်းရန် ကြိုးပမ်းမှုသည်လည်း အချည်းနှီးဖြစ်ရပြန်သည်။ ၁၇ မျဉ်းပြိုင်ကြောင့် လူမျိုးတူ၊ တိုင်းပြည်တူ တစ်ခုသည် တောင်ပိုင်းနှင့် မြောက်ပိုင်း ဟူ၍ နှစ်ပြည်ထောင် ဖြစ်ရပြန်ပါသည်။

မြောက်ပိုင်း၏ အကူအညီဖြင့် တောင်ပိုင်းတွင် ပြောက်ကျား တိုက်ပွဲများ ပြန်လည်ဖြစ်ပွားသည်။ အပစ်အခတ် ရပ်စဲရေးတည်း ဟူသော ၁၇ မျဉ်းပြိုင်သည် တစ်စုံတစ်ရာ အရာရောက်ခြင်း မရှိတော့။ နှစ်ပြည်ထောင် ကွဲပြားစေခြင်းသာလျှင် အဖတ်တင်သည်။

mgyoe.com

mgyoe.com

အမေရိကန် ကြိုးဆွဲတိုင်းခံကာ စိတ်ကြိုက်လိုက်နေသည့် တောင်ပိုင်းမှ ရုပ်သေး အစိုးရသည်လည်း ကွန်မြူနစ်တို့ကို တွန်းလှန်နိုင်ခြင်း မရှိခဲ့။

သည်လိုဖြင့်ပင် တောင်ပိုင်းဒေသရှိ ကွန်မြူနစ် မဟုတ်သော အမျိုးသားတို့၏ အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ်ရန်နှင့် ကွန်မြူနစ် အန္တရာယ်မှ တောင်ဗီယက်နမ်ကို ကာကွယ်ရန် ဟူသော အကြောင်းပြချက်များဖြင့် အမေရိကန်တို့သည် ၁၉၆၅ ခုနှစ်တွင် စစ်အတွင်းသို့ ကိုယ်တိုင်ကိုယ်ကျ ပြန်လည် ဝင်ရောက်လာကြတော့သည်။ ဗီယက်နမ် အမျိုးသားချင်း ဖြစ်နေကြသည့် စစ်ပွဲများတွင် အမေရိကန်တို့ကိုယ်တိုင် ကိုယ်ထိလက်ရောက် ပါဝင်တိုက်ခိုက်မှုများကို ပြုလုပ်လာကြတော့သည်။ ၁၉၆၆ ခုနှစ် ဆောင်းဦးပေါက်သို့ ရောက်သောအခါ ဗီယက်နမ် စစ်အတွင်း၌ ပါဝင်တိုက်ခိုက်နေကြသည့် အမေရိကန်တို့၏ စစ်အင်အားသည် ၅ သိန်းအထိ ရှိလာသည်ကို ချောက်ချားဖွယ် တွေ့ကြရတော့သည်။ စစ်မြေပြင်တွင် အမေရိကန်တို့၏ အကျအဆုံးသည်လည်း နှစ်စဉ် ၅၀၀၀ နှုန်းသို့ တိုးတက်များပြားလာသည်။

ဤသို့သော ဒုက္ခပေါင်းစုံကို ရင်ဆိုင်နိုင်ရေးအတွက် ကျွန်ုပ်တို့သည် ခရီးရှည်ကြီးကို ပင်ပန်းတကြီး ချီတက်ခဲ့ကြ၏။ လွတ်ရာကင်းရာမှာ နေနိုင်ပါလျက်နှင့် ဒုက္ခတောတွင်းသို့ ကျွန်ုပ်တို့ တိုးဝင်ခဲ့ကြ၏။ ဆားဒုက္ခပေါင်းစုံနှင့် ရင်ဆိုင်ရရေးအတွက် ပင်ပန်းတကြီး ကြိုးစားခဲ့ကြ၏။

ဤသို့ ဆိုးဝါးလှသော ကံကြမ္မာဆိုးတို့သည် မည်သည့် အကြောင်းများကြောင့် ကျွန်ုပ်တို့အပေါ်သို့ ကျရောက်ခဲ့ရခြင်း ဖြစ်ကြောင်း အတိတ်ခရီးလမ်းကို ပြန်လည် မျှော်ခေါ်ကြည့်မည်ဆိုလျှင် ထိုအတိတ်သည် ကျွန်ုပ်တို့ ကြည့်နိုင်၊ မြင်နိုင်သည့် ခရီးထက် ပိုမို အလှမ်းကွာဝေးလျက် ရှိချေပြီ။

ကျွန်ုပ်တို့ကို ထိခိုက်နစ်နာစေသည့် အကြောင်းတစ်ခုခု ပေါ်ပေါက်လာတိုင်း မည်သည့်အကြောင်းကြောင့် ဖြစ်ရသနည်းဟု ပတ်ဝန်းကျင်ကို လှည့်လည်စူးစမ်းခြင်းသည် ကျွန်ုပ်တို့၏ အလေ့အထ ဖြစ်သည်။ မိမိကိုယ်ကိုမိမိ ပြန်လည်ဆန်းစစ်ရန်ကား ကျွန်ုပ်တို့ မကြိုးစား၊ မြင်တွေ့နေရသည့် အဖြစ်မှန်များကိုလည်း သဘောပေါက်နားလည်တတ်ခြင်း မရှိ။

လွန်ခဲ့သည့် နှစ်ပေါင်း ၂၀ မျှကိုပင် ပြက်ပြက်ထင်ထင် ပြန်လည် မြင်တွေ့နိုင်ရန် အလွန်တရာ ခက်ခဲလှသည်ဟု သမိုင်းပညာရှင်တို့က အဆိုပြုကြသည်မှာ မှန်ပါသည်။ အတိတ်တုန်းက ဖြစ်ပေါ်ခဲ့သည့် အရိပ်အယောင်များကို ယခု ရောက်နေသည့်

mgyoe.com

 mgyoe.com

နေရာမှ ပြန်လည်တွေးတောကြည့်လျှင် တိုတောင်းသည့် အချိန်ကာလပင် ဖြစ်လင့်ကစား ကျွန်ုပ်တို့၏ အမြင်ကို ရှုပ်ထွေးစေသည်သာ ဖြစ်၏။ အသွင်သဏ္ဌာန်တို့ကို မူလအတိုင်း မမြင်တွေ့နိုင်တော့။ ပြောင်းလဲခဲ့ကြချေပြီ။ ပတ်ဝန်းကျင် အခြေအနေတို့ကိုလည်း ကွဲလွဲစွာ ရှုမြင်မိလျက်သား ဖြစ်နေတတ်သည်။ ပါဝင်ခဲ့သည့် အခန်းကဏ္ဍများနှင့် စပ်ဆိုင်ခဲ့သမျှတို့သည်လည်း ပြောင်းပြန်ဖြစ်ကြချေကုန်ပြီ။

စစ်ပြီးစက ဂျပန်နှင့် တရုတ်အပေါ် ကျွန်ုပ်တို့ တွေးထင်ခဲ့သည့် အချက်များနှင့် ယနေ့ ဖြစ်တည်နေသည့် အခြေအနေများသည် မည်မျှ ကွာခြားသွားပြီနည်း။ ဤသို့ဖြစ်ရသည်မှာ ကျွန်ုပ်တို့၏ ထင်မြင်ချက်များသာ ပြောင်းလဲနေခြင်း မဟုတ်၊ ပတ်ဝန်းကျင် တကယ့် အခြေအနေများသည်လည်း အရှိန်အဟုန် ကြီးမားစွာဖြင့် ပြောင်းလဲနေသည်သာ ဖြစ်သည်။

ထို့ကြောင့်လည်း သမိုင်းဝင်မည့် အဖြစ်အပျက်မှန်သမျှတို့ကို ဖြစ်လျှင်ဖြစ်ချင်း၊ ချက်ချင်း လက်ငင်း မှတ်တမ်းတင်ကြရန် အရေးကြီးပါသည်။ အချိန်ကြာမြင့်သည်နှင့် အမျှ အမြင်အမျိုးမျိုးတို့သည် ပြောင်းလဲလာမည်သာ ဖြစ်သည်။ မှတ်တမ်းမတင်ခဲ့သည့် အတိတ်အကြောင်းများကို ပြန်လည်ဖော်ပြရာတွင် ဘက်လိုက်မှုများ ရှိလာမည်သာ ဖြစ်သည်။

မူလက အမေရိကန်သည် ဥရောပကို ကျော်ပြီး အခြားနိုင်ငံများကို စိတ်ဝင်စားခြင်း မရှိခဲ့။ ထိုစဉ်ကတည်းက ဥရောပ အင်အားကြီး နိုင်ငံတို့သည် အာရှကို မျက်စိကျခဲ့ကြသည်။ ကျွန်ပြုခဲ့ကြသည်။ ထို့ကြောင့် စစ်ပြီးသည်နှင့် တစ်ပြိုင်တည်း အမေရိကန်သည် အာရှတိုက်ကို အုပ်စိုးရန် အသင့်မဖြစ်နိုင်တော့ချေ။ သို့ဖြင့် အာရှပြည်သူတို့သည် အမေရိကန်၏ အန္တရာယ်မှလည်း လွတ်ကင်းနိုင်ခဲ့၏။ အာဏာပြိုကွဲစပြုနေပြီဖြစ်သည့် ဥရောပအင်အားကြီးနိုင်ငံတို့၏ အန္တရာယ်မှလည်း လွတ်ကင်းစ ပြုလာ၏။

ထိုသို့သော အခြေအနေမျိုးတွင် အာရှတိုက်သားတို့သည် သူတို့အတွက် အကောင်းဆုံးသော အခြေအနေများကို ဖန်တီးကာ လုပ်ကိုင်နိုင်ကြဖို့ ကောင်းသည်။ သို့သော်လည်း သူတို့၏ ရိုးတွင်းခြင်ဆီစွဲနေသည့် အတွေးအခေါ်ဟောင်းများကြောင့် သူတို့အတွက် အကောင်းဆုံးသော အလုပ်များကို သူတို့ကိုယ်တိုင်ပင် မလုပ်ဖြစ်ခဲ့ကြချေ။ သမိုင်းစဉ်တွင် သူတို့ ကြုံတွေ့ရတော့မည်ဖြစ်သော အကြောင်းများက ဤအချက် မှန်ကန်ကြောင်း သက်သေထူလိမ့်မည် ဖြစ်သည်။

ထိုသို့သော အခြေအနေအရပ်ရပ်ကို အမေရိကန်တို့ ရိပ်စားမိကြသည်မှာ ၁၉၄၅ ခုနှစ်ကုန်ပိုင်းလောက်ရောက်မှ ဖြစ်သည်။ တစ်သက်လုံးက ဥရောပကို ကျော်ပြီး

mgyoe.com

mgyoe.com

မကြည့်ခဲ့သည့် အတွေးပေါင်းများကို စွန့်လာကြသည်။ အာရှနိုင်ငံများတွင် ဖြစ်ပွား ပေါ်ပေါက်လာသည့် အခြေအနေအရပ်ရပ်ကြောင့် ကြီးမားသော အလှည့်အပြောင်းများ ကို အမေရိကန်တို့ ပြုလုပ်လာကြသည်။ အမေရိကန်တို့ ဖန်တီးလာသည့် အလှည့် အပြောင်းသည် မျက်တောင်မွေးတစ်ဆုံး တြည့်ပြီး ပြုလုပ်ခြင်းသာ ဖြစ်သည်ဟု ကျွန်ုပ် သဘောရပါသည်။

အရှေ့တောင်အာရှ၏ အခြေအနေသည် ၁၉၄၅ ခုနှစ် ဆောင်းရာသီမှ စပြီး ဆိုးဝါးလာသည်။ မှားယွင်းသည့် ဆုံးဖြတ်ချက်များ၊ မပြည့်စုံသည့် ချွတ်ယွင်းချက်များ၊ ကြီးမားသည့် ဆုံးရှုံးမှုများ ရှိသော်လည်း အမှန်တကယ် ဖြစ်ပေါ်ခဲ့သည့် အခြေအနေမှန် များ၊ အဖြစ်အပျက်မှန်များကိုသာ ဤစာအုပ်တွင် ဖော်ပြထားပါသည်။

အရှေ့တောင်အာရှ၏ ရှုပ်ထွေးသော ပြဿနာများသည် အစသာလျှင် ရှိသေး သည်။ ပြီးဆုံးရန် အချိန်များစွာ လိုသေးသည်။ ရှုပ်ထွေးမှု၏ အစများကို အဖြစ်မှန်များ အတိုင်း ထိန်းသိမ်းမှတ်တမ်းတင်ရန် လွန်စွာ အရေးကြီးပါသည်။ အရေးကြီးသည့် အတိုင်း မှန်မှန်ကန်ကန် မှတ်တမ်းတင်နိုင်ခဲ့သည့်အတွက် ကျွန်ုပ် များစွာ ဝမ်းမြောက်မိ ပါသည်။ မည်သို့ဆိုစေ၊ စာဖတ်သူများနှင့် ကျွန်ုပ်ကိုယ်တိုင် သိလိုသည့် ဆုံးဖြတ် ချက်များနှင့် မှတ်သားချက်များ၊ အထူးသဖြင့် ချွတ်ယွင်းချက်များနှင့် ဆုံးရှုံးမှုများကို အမြင်သစ်ဖြင့် ရှုမြင်သုံးသပ်နိုင်ရန်မှာ ကျွန်ုပ်၏တာဝန် ဖြစ်ပါသည်။

အမှန်ဆိုမူ ဤစာအုပ်သည် စနစ်ကျခြင်း၊ ပြီးပြည့်စုံခြင်း မရှိသေးပါ။ ရှည် လျားသော အချိန်ကာလကြီး၏ အဖြစ်အပျက်များကို တစ်စိတ်တစ်ပိုင်းမျှ ပုံဖော်ကြည့် ခြင်းသာ ဖြစ်ပါသည်။ ဖရိုဖရဲနှင့် ရှုပ်ထွေးနေသော ခေတ်ကာလများက အဖြစ်အပျက် များကို တစ်စိတ်တစ်ပိုင်းမျှ အကျဉ်းချုံး ဖော်ပြခြင်းလည်း ဖြစ်ပါသည်။ ယနေ့ခေတ် ကာလ၏ အခြေအနေများနှင့် ပြန်လည်နှိုင်းချိန်ကြည့်လျှင် ဘက်လိုက်မှုများနှင့် ရောပြွမ်းနေသည်ကိုလည်း တစ်စိတ်တစ်ပိုင်းအားဖြင့် တွေ့မြင်နိုင်ပါလိမ့်မည်။

ဤစာအုပ်ကို ပြန်လည် ဖတ်ရှုမိသောအခါ အချို့အကြောင်းများကို ခေါင်း တညိတ်ညိတ်ဖြင့် လက်ခံအတည်ပြုမိသည်လည်း ရှိပါ၏။ အချို့အပိုင်းများကို ဖတ် မိသည့်အခါတွင်မူ ကိုယ်ရေးသည့်စာ ကိုယ်ပြန်ဖတ်ပြီး ကျေနပ်နှစ်သိမ့်တတ်သည့် စာရေးဆရာ တစ်ဦး၏ ခံစားမှုမျိုးကို လုံးဝ မရရှိဘဲလည်း ဖြစ်နေမိပါသည်။ ထိုနည်း တူစွာ အချို့အကြောင်းအရာများကိုမူ တစ်လုံးတစ်ပါဒမျှ ပြင်ဆင်လိုစိတ်၊ ပိုမို ကောင်း မွန်အောင် မွမ်းမံရေးသားလိုစိတ် လုံးဝ မရှိတော့ချေ။

mgyoe.com

ကျောင်းသားဘဝက အာရှသမိုင်းနှင့် အာရှနိုင်ငံရေးကို သင်ကြားခဲ့ဖူးသည့်အတွက် ကျွန်ုပ်အဖို့ များစွာ အသုံးဝင်နေတော့သည်။ အထူးသဖြင့် ဤစာအုပ်၏ အဓိကအခန်းလည်း ဖြစ်၊ အရှည်ဆုံးအခန်းလည်း ဖြစ်သော "အာဏာပုံစံသစ်" ကို ရေးရာတွင် ပိုမိုအထောက်အကူ ဖြစ်စေသည်ဟု ယုံကြည်မိပါသည်။

ဤစာအုပ်ပါ အခန်းကဏ္ဍများကို ဖတ်ရှုခြင်းအားဖြင့် စာဖတ်သူသည် အာရှနိုင်ငံများ၏ သမိုင်းကြောင်းကို လည်းကောင်း၊ ၁၉၄၅ ခုနှစ် အရေးအခင်းများတွင် အဓိကဇာတ်ဆောင်များအဖြစ် ပါဝင်လှုပ်ရှားခဲ့ကြသည့် ခေါင်းဆောင်များ၏အကြောင်းကို လည်းကောင်း အတန်အသင့် မြင်တွေ့သုံးသပ်ခွင့်ရလိမ့်မည်ဟု မျှော်လင့်ပါသည်။ လူပုဂ္ဂိုလ်ရေး အတ္တုပ္ပတ္တိနှင့် သမိုင်းစဉ် အဖြစ်အပျက်များထက် စီးပွားရေးအမြင်နှင့် လူတန်းစား ပြဿနာများကို အလေးထားပြီး ကျွန်ုပ် ရေးသားခဲ့ပါသည်။ ရှုပ်ထွေးနေသော အကြောင်းအရာများကို ထိုစဉ်က ဖြစ်ပေါ်ခဲ့သည့် လက်တလော အခြေအနေ အချက်အလက်များနှင့် ပေါင်းစပ်ရေးသားထားခြင်းကြောင့် ဤစာအုပ်နှင့် ပတ်သက်ပြီး ကျွန်ုပ် တာဝန်ကျေပွန်သည်ဟုလည်း ယုံကြည်မိပါသည်။

နိုင်ငံရေးခေါင်းဆောင်များ၊ နိုင်ငံရေး အင်အားစုများ၏ မှားယွင်းသော ဆုံးဖြတ်ချက်များကိုလည်း ဤစာအုပ်တွင် ဖော်ပြခဲ့ပါသည်။ ယနေ့ အခြေအနေများနှင့် ချိန်စက်ကြည့်သောအခါတွင် သူတို့၏ အမှားများကို ထိုစဉ်ကတည်းက ကျွန်ုပ် ကောင်းစွာ သဘောပေါက် နားလည်ခဲ့ကြောင်း ပြန်လည်သုံးသပ် တွေ့ရှိရပါသည်။

စစ်ပြီးသောအခါ အမေရိကန်၊ ရုရှားနှင့် တရုတ်တို့သည် အကျိုးတူ ဆက်ဆံရေးများကို ပြုလုပ်လာကြသည်။ ထို့ကြောင့်လည်း အမေရိကန်နှင့် ရုရှားတို့ တန်ခိုးအာဏာလုပွဲများ ပြုလုပ်ကြလိမ့်မည်ဟု အခန့်မှန်းရခက်ခဲ့သည်။ ဂျပန် စစ်ရှုံးပြီးသည့် နောက်ပိုင်းတွင် အာရှတိုက်၌ ရုရှားတို့၏ တန်ခိုးအာဏာ ကြီးမားလာလိမ့်မည်ဟုလည်း ခန့်မှန်းတွက်ဆ၍မရနိုင်သော အကြောင်းများ ဖြစ်သည်။ တန်ခိုးအာဏာပြိုင်ပွဲနှင့် ကွန်မြူနစ်များ ကြီးထွားလာခြင်းသည် တရုတ်ပြည်ကြီး၏ အနာဂတ် ကံကြမ္မာကို ပြောင်းလဲပစ်လိမ့်မည်ဟုလည်း မမျှော်မှန်းမိခဲ့ချေ။ ထို့ပြင်မက ကွန်မြူနစ် တရုတ်ပြည်ကြီးသည် ရုတ်ခြည်း ဆိုသလို ကမ္ဘာပေါ်တွင် အရေးပါအရာရောက်သည့် နိုင်ငံကြီးတစ်ခုအဖြစ် ထိပ်တန်းသို့ ရောက်လာလိမ့်မည်ဟုလည်း ကျွန်ုပ် ကြိုတင် မတွေးထင်မိခဲ့ပါ။ သို့သော်လည်း တရုတ်ပြည်ကြီးသည် ကမ္ဘာ့နိုင်ငံရေး နယ်ပယ်တွင် အရေးပါအရာရောက်သော အင်အားကြီးနိုင်ငံတစ်ခုအဖြစ်နှင့် ရပ်တည်လျက် ရှိချေပြီ။ မမှန်းဆနိုင်သော အကျိုးသက်ရောက်မှုများကိုလည်း ဖြစ်ပေါ်စေလျက် ရှိချေပြီ။

mgyoe.com

mgyoe.com

တရုတ်ကွန်မြူနစ် လှုပ်ရှားမှုများ၊ အထူးသဖြင့် ရုရှားပြည် ပါဝင် ပတ်သက်လာသည့် သမိုင်းစဉ်များကို အချိန်ကြာမြင့်စွာ လေ့လာသင်ကြားခဲ့သဖြင့် ကွန်မြူနစ်လောကတွင် တရုတ်လူမျိုးများနှင့် ကွန်မြူနစ်တို့ ပူးပေါင်းရန်မှာ မလွယ်ကူဟု ကျွန်ုပ်သဘောပေါက်ခဲ့သည်။ ပူးပေါင်းရန် မလွယ်ကူကြောင်းကို တရုတ်တို့ ကွန်မြူနစ်မဖြစ်မီနှင့် ကွန်မြူနစ်ဖြစ်ပြီးနောက် တရုတ်–ရုရှား သမိုင်းများကို လေ့လာကြည့်လျှင် ထင်ရှားစွာ တွေ့မြင်နိုင်မည် ဖြစ်သည်။

ထို့ကြောင့်လည်း တရုတ်တို့သည် ကွန်မြူနစ်ရုရှားနှင့် သံယောဇဉ် ဖြတ်လိမ့်မည်ဟု ထိုစဉ်က အမေရိကန်တို့ တွေးထင်ခဲ့ကြခြင်း ဖြစ်သည်။ စိတ်ကူးယဉ်ခဲ့ကြခြင်း ဖြစ်သည်။ ယင်းသို့သော စိတ်ကူးယဉ်ချက်များကို အထောက်အကူပြုမည့် အချက်အလက်တို့သည် ထိုစဉ်က မပေါ်ပေါက်ခဲ့သည်မှာ မှန်ပါ၏။ ထို့ပြင် ကွန်မြူနစ် တရုတ်နှင့် ကွန်မြူနစ် ရုရှားတို့ ခွာပြဲကြသည့်အကြောင်းတွင် အမေရိကန်တို့ ပါဝင်ပတ်သက်နေလိမ့်မည်ဟုလည်း ကြိုတင်တွေးခေါ်နိုင်ခြင်း မရှိခဲ့ကြ။ တရုတ်ကွန်မြူနစ်တို့သည် သာမန် မိတ်ဆွေငယ်ဘဝဖြင့်သာ ရုရှားနှင့် ပူးပေါင်းခဲ့ကြရသည်။

သို့သော်လည်း သူတို့ နှစ်ပြည်ထောင်၏ အက်ကြောင်းများကို ကြိုတင်မှန်းဆနိုင်စရာအကြောင်းများ ပေါ်ပေါက်ခဲ့ပါသည်။

တရုတ်ပိုင်သော မန်ချူးရီးယားကို ဇာဘုရင်လက်ထက်က ရုရှားတို့ အပိုင်စီးခဲ့သည်။ စတာလင်လက်ထက် ရောက်သောအခါ ယင်းမန်ချူးရီးယားကိုပင် လက်ဝါးကြီး အုပ်ခဲ့ပြန်သည်။ စစ်ပြီး၍ ရက်သတ္တတစ်ပတ်အတွင်းမှာပင် မန်ချူးရီးယားနှင့် ပတ်သက်၍ မမျှတသည့် စာချုပ်များကို ကူမင်တန်အစိုးရနှင့် ရုရှားတို့ ချုပ်ဆိုခဲ့ကြသည်။ စာချုပ်များအရ မန်ချူးရီးယားကို ရုရှားက အုပ်ချုပ်ခဲ့ခြင်း ဖြစ်သည်။ ထိုသို့ အုပ်ချုပ်၍ စောစောပိုင်းလများမှာပင် မန်ချူးရီးယား စက်ရုံများကို အခွံချည်းကျန်အောင် ရုရှားတို့က ကလီစာမှန်သမျှကို ဖြုတ်ယူခဲ့ကြသည်။ ထိုအချက်ကို ဂရုတစိုက် လေ့လာကြည့်လျှင် ရုရှားနှင့် တရုတ်တို့၏ အက်ကြောင်းအစ ဖြစ်သည်ကို သဘောပေါက်နိုင်ပေလိမ့်မည်။

နိုင်ငံတကာ ကွန်မြူနစ် လှုပ်ရှားမှုများတွင် ရုရှား၏ ချုပ်ကိုင်မှုများကို တရုတ်ကွန်မြူနစ်တို့က သဘောတူ လက်ခံနိုင်ဖွယ်ရာအကြောင်း မရှိကြောင်းများကို မှန်းဆကြည့်နိုင်ခဲ့သည်။

သို့သော်လည်း ၁၉၄၆ ခုနှစ်လောက်က တရုတ်ကွန်မြူနစ်တို့သည် အာဏာရရှိရေးအတွက် ခက်ခဲကြမ်းတမ်းသော ခရီးရှည်ကြီးကို ချီတက်နေကြရခိုက် ဖြစ်သည်။

mgyoe.com

mgyoe.com

ထိုသို့သော ကာလမျိုးတွင် စတာလင် အုပ်စိုးသော ရုရှားနှင့် မဟာမိတ်ဖြစ်ရန် အလွန်အရေးကြီးနေသည်။ ရုရှားနှင့် ကဏ္ဍကောစဖြစ်လိုသည့် စိတ်များကို နှစ်အတန်ကြာအောင် ချိုးနှိမ်မျိုသိပ်ထားကြရပေဦးမည်။

တစ်ချိန်တည်းမှာပင် ကူမင်တန်တို့က အမေရိကန်ပေါ်တွင် မှီခိုနေရကြောင်း၊ အမေရိကန်၏ အထောက်အပံ့များကို ရရှိနေကြောင်းကိုလည်း မေ့ထား၍ မဖြစ်နိုင်ပေ။

တရုတ်ပြည်၏ စစ်မြေပြင်ပေါ်တွင် ကွန်မြူနစ်များနှင့် ကူမင်တန်တို့ တိုက်ခိုက်နေကြသည်မှာ မှန်သော်လည်း အမှန်တကယ် တိုက်ခိုက်နေကြသူများမှာ အမေရိကန်နှင့် ရုရှားသာ ဖြစ်သည်။ တရုတ်ပြည်ကို လွှမ်းမိုးနိုင်ရေးအတွက် အမေရိကန်နှင့် ရုရှားတို့ အားပြိုင်နေကြသည့် ပွဲသာ ဖြစ်သည်။ ထို့ကြောင့် တရုတ်ပြည်တွင်းစစ်နှင့် ပတ်သက်ပြီး "အင်အားကြီးသော နိုင်ငံနှစ်ခုတို့ မျက်နှာဖုံးစွပ် အာဏာပြိုင်ပွဲကြီး" အဖြစ်သာ ကျွန်ုပ် သဘောပေါက် နားလည်ပါသည်။

ဤအချက်သည် လုံးဝ မှားသွားပြီဟု မဆိုနိုင်ပါ။ သို့သော်လည်း နောင်သောအခါ ထပ်မံ ပေါ်ပေါက်လာသည့် အကြောင်းအရာ အဖြစ်အပျက်သစ်များကြောင့် ကျွန်ုပ် ချမှတ်ခဲ့သည့် ကောက်ချက်သည် အမှန်တရားနှင့် လွန်စွာ ဝေးကွာသွားသည်ကို တွေ့ရပြန်ပါသည်။

ဂျပန် လက်နက်ချ အရှုံးပေးပြီးနောက် ၄ နှစ်မျှအကြာမှာပင် တရုတ်ပြည်၏ အာဏာကို တရုတ်ကွန်မြူနစ်များက သိမ်းပိုက်ရရှိလိုက်သည်။ ကူမင်တန်အစိုးရ အကျမြန်ခြင်းနှင့် ပတ်သက်၍ စတာလင်ကိုယ်တိုင်ပင်လျှင် အံ့အားသင့်ခဲ့ရသည်။

နောက် ၁၀ နှစ်မျှ ကြာသောအခါ တရုတ်ပြည် အရှေ့မြောက်ဘက်၌ ရုရှား၏ ဗိုလ်ကျခြင်းများကို တရုတ်တို့က လက်မခံတော့ပေ။ တစ်ပြိုင်တည်းမှာပင် ရုရှားနှင့်လည်း လက်တွဲဖြုတ်လိုက်သည်။ နိုင်ငံတကာ ကွန်မြူနစ် အရေးအခင်းများတွင် ရုရှားကို အန်တုလာသည်။ မိမိ၏ ပြည်တွင်းမှာသာမက အာရှတိုက်မှာပါ ဩဇာသြောင်းရန် ကြိုးပမ်းလာသည်။ ၁၉၅၀ ပြည့်နှစ်နောက်ပိုင်း စတာလင် ကွယ်လွန်အပြီး စတာလင်နည်းဖြင့် ဆိုဗီယက် ပြည်ထောင်စုကြီးကို အုပ်ချုပ်ရန် မလွယ်ကူတော့သောအခါ ဝါဒရေးရာနှင့် ပတ်သက်၍ တရုတ်နှင့် ရုရှားတို့ ကွဲပြားလာကြသည်။

တရုတ်နှင့် ရုရှားတို့၏ အကွဲသည် ကမ္ဘာ့နိုင်ငံရေး ဇာတ်ခုံပေါ်တွင် အရေးကြီးသော အကြောင်းအရာကြီး တစ်ရပ် ဖြစ်လာသည်။ ကမ္ဘာ့ပြည်သူတို့သည် ကန့်လန့်ကာနောက်ကွယ်တွင် ရေးရေးမျှသာ မြင်ရသော တရုတ်ပြည်၏ အခြေအနေများကို မှန်းဆ

mgyoe.com

mgyoe.com

ကြည့်နေကြသည်။ ရမ်းရော်ကြည့်နေကြသည်။ နားစွင့်နေကြရသည်။ အပေါ်ယံ အခြေအနေများကို ကြည့်ပြီး တကယ့် ဖြစ်ရပ်မှန်များသို့ရောက်အောင် ဝေဖန် ပိုင်းခြား နိုင်ရန် ခက်ခဲလာသည်။

တရုတ်ပြည်သည် ကမ္ဘာပေါ်တွင် အကြီးဆုံးနိုင်ငံ ဖြစ်သည်။ လူဦးရေအများဆုံး နိုင်ငံ ဖြစ်သည်။ ထိုမျှမက အဆင်းရဲဆုံးနိုင်ငံလည်း ဖြစ်ခဲ့သည်။ ဖွံ့ဖြိုးတိုးတက်မှု အနည်းဆုံးနှင့် အနေးကွေးဆုံး နိုင်ငံလည်း ဖြစ်ခဲ့သည်။

လူမှုရေးပြဿနာ၊ နိုင်ငံရေး ပြဿနာများနှင့် ပတ်သက်၍ ကြီးကြီးမားမား အငြင်း ပွားကြပြီဆိုလျှင် ရုရှားနှင့် အမေရိကန်တို့ နှစ်ဦးသာ ထိပ်တိုက်တွေ့ကြစမြဲ ဖြစ်သည်။ ပြဿနာပေါင်းစုံတို့သည် သူတို့ နှစ်ပြည်ထောင်အတွင်းမှာသာ ပေါ်ပေါက်လေ့ ရှိ သည်။

သို့ကလို တန်ခိုးအာဏာ ပြိုင်ပွဲများကို ရုရှားနှင့် အမေရိကန်တို့ သဲကြီးမဲကြီး ဖြစ်နေကြခိုက် နှစ်ပေါင်း ၂၀ ခန့်အတွင်း ဖြုန်းခနဲ ထိပ်တန်းသို့ ရောက်လာသော တိုင်းပြည်သည် တရုတ်ပြည်ပင် ဖြစ်ချေသည်။

ရုရှားနှင့် အမေရိကန်တို့သည် ကမ္ဘာ့အင်အားကြီးနိုင်ငံ နှစ်နိုင်ငံအနေဖြင့် ကမ္ဘာ့ ရေးရာ ပြဿနာ အဖြာဖြာကို သူတို့ချည်းသာ ဖြေရှင်းခဲ့ကြသည့်ဘဝမှ ယခု သူတို့ ဩဇာခံနယ်မြေများကို ဆက်လက် ကြီးစိုးထားရန် မဆိုထားနှင့်၊ ဝင်ရောက် ဖျန်ဖြေပေး ရန်မျှကိုပင် မစွမ်းဆောင်နိုင်တော့သော ဘဝသို့ ရောက်ရှိလာသည်။ တရုတ်ကွန်မြူနစ် နိုင်ငံ အင်အားကြီးမားလာသည့်အတွက် ကမ္ဘာ့ရေးရာ ဖြစ်ရပ်များတွင် ကြီးသုံးကြီး နိုင်ငံများအဖြစ် တြိဂံပုံသဏ္ဌာန်သို့ ပြောင်းလဲလာတော့သည်။

ဤစာအုပ်ပါ အခြားအခန်းကဏ္ဍများနှင့် ပတ်သက်၍ များများစားစား ပြောစရာ မရှိတော့ပါ။ ဂျပန်နိုင်ငံနှင့် ပတ်သက်၍ အနည်းငယ် ပြောရန် ရှိပါသည်။

ကမ္ဘာ့တိုက်တစ်တိုက်၏ အာဏာရှင်ဖြစ်ရန် ကြိုးပမ်းစဉ်ကာလက ထိုဒေသရှိ ပြည်သူများကို ဂျပန်တို့က မည်သို့ ဖိနှိပ်ချိုးနှိမ်ထားကြောင်းများကို ပြန်လည်မဖော်ပြလို တော့ပါ။ အာရှတိုက်တွင် အာဏာလွှမ်းမိုးနိုင်ရေးအတွက် ကြိုးပမ်းစဉ်ကာလက ဂျပန် တို့ မည်သို့မည်ပုံ ဆောင်ရွက်ပြုမူခဲ့ကြကြောင်း လူအများတို့ ကိုယ်တိုင်ကိုယ်ကျ တွေ့ထိသိမြင် ခံစားရပြီး ဖြစ်သည်။

စစ်ပြီးစက ဂျပန်ပြည်တွင် ကျွန်ုပ် ကြာရှည် မနေမိခဲ့ချေ။ စစ်ပြီးနောက် နှစ်ပေါင်း များစွာကြာမှ ဂျပန်ပြည်သို့ တစ်ခေါက်ပြန်သွားကာ လေ့လာခဲ့ရပါသည်။ ထိုအခါ

mgyoe.com

mgyoe.com

စစ်ပြီးစ ဂျပန်၏ အခြေအနေသည် အလွန်အမင်း ကျဆင်းခဲ့ခြင်း မရှိကြောင်း မြင်တွေ့ရသည်။ သူတို့သည် စစ်ရှုံးခဲ့သော်လည်း လူမှုရေးနှင့် နိုင်ငံရေး အဆောက်အအုံများကို ပြုပြင်ပြောင်းလဲခြင်း မရှိခဲ့ချေ။ သို့သော်လည်း စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအရ ဂျပန်သည် အာရှတွင် စက်မှုနိုင်ငံကြီး ဖြစ်လာသည်။ အမျိုးသားရေး စိတ်ဓာတ်ကို ပြန်လည်အားသစ်လောင်းပေးခြင်း၊ မိမိကိုယ်မိမိ ပြန်လည်ဆန်းစစ်ဝေဖန်ခြင်းဖြင့် ဂျပန်သည် အာရှတိုက်တွင် ဩဇာလွှမ်းရန် ကြိုးပမ်းနေသော အမေရိကန်၊ ရုရှားနှင့် တရုတ်တို့၏ ပဋိပက္ခကြားမှ အခန်းကဏ္ဍသစ် ထူထောင်ရန် ဝင်ရောက်နေရာယူ ပြင်ဆင်လာသည်။

ဤစာအုပ်တွင် စစ်ပြီးစ ကိုရီးယား ပြဿနာနှင့် ပတ်သက်၍ အကျဉ်းမျှသာ ရေးခဲ့ပါသည်။ သို့သော်လည်း နောက်ပိုင်း ပေါ်ပေါက်ခဲ့သည့် သမိုင်းကြောင်း ဖြစ်စဉ်များအရ ကိုရီးယား၏ အဖြစ်အပျက်တို့သည် စိတ်ထိခိုက်ဖွယ်ရာပင် ဖြစ်သည်။ တစ်ညတွင် အိဂှာ ကောလိပ်ကျောင်းဥက္ကဋ္ဌ (ယခု အိဂှာတက္ကသိုလ် ဥက္ကဋ္ဌ) ကိုရီးယား အမျိုးသမီး ဟယ်လင်ကင်းသည် ကျွန်ုပ်အိမ်သို့ အလည်ရောက်ရှိလာသည်။ ကျွန်ုပ်က ဤစာအုပ်ပါ ကိုရီးယားနှင့် ပတ်သက်သည့် အခန်းကို ဖတ်စေပြီး ထင်မြင်ချက် တောင်းပါသည်။ သူမက...

"ကျွန်မတို့ တိုင်းပြည်မှာ ဒီ... ဒီ... ဒီအတိုင်းပဲ ဖြစ်ခဲ့သလားရှင်"

ဟု မျက်ရည်ကျမတတ် တုန်လှုပ်ချောက်ချားစွာဖြင့် ပြန်မေးသည်။

ကိုရီးယားနိုင်ငံ၌ ၁၉၅၀ ခုနှစ်က ပေါ်ပေါက်ခဲ့သည့် ကြေကွဲဖွယ်ရာ အဖြစ်အပျက်များသည် စစ်ပြီးစက တစ်ပြည်ထောင်ကို နှစ်ပြည်ထောင်ဖြစ်အောင် ခွဲခြမ်းစိတ်ဖြာလိုက်သည့်အကြောင်းကြောင့် ဖြစ်ရသည်ကို ၁၉၄၇ ခုနှစ်က စာဖတ်ခဲ့သူများ နားလည်နိုင်ပါလိမ့်မည်။ ကြောက်မက်ဖွယ်ရာကောင်းသည့် ကြမ်းတမ်းသော ကမ္ဘာစစ်ကြီးအတွင်းက ဘေးမသီရန်မခခဲ့ဘဲ လွတ်ကင်းခဲ့ပါလျက်နှင့် စစ်ကြီးပြီးကာမှ စစ်ဆိုးစစ်ယုတ်နှင့် ရင်ဆိုင်တိုးခဲ့ကြရသည့် ကိုရီးယား၏ ဖြစ်ရပ်သည် အလွန်တရာ ရင်နာဖွယ် ကောင်းလှပါသည်။

အိန္ဒိယပြည်နှင့် ပတ်သက်သည့် ရေးသားထားချက်များကို ပြန်လည် ဖတ်ရှုမိပါသည်။ ထိုအခါ ကျွန်ုပ်၏ မိတ်ဆွေတစ်ဦး ပြောခဲ့သည့် မှတ်ချက်ကို ပြန်လည်စဉ်းစားမိပါသည်။ မိတ်ဆွေက–

"စာရေးဆရာတို့သည် ပြဿနာတစ်ရပ်နှင့် ပတ်သက်၍ မှန်မှန်ကန်ကန် မရပ်

mgyoe.com

တည်နိုင်သောအခါ ဖြစ်ပျက်နေသည့် အခြေအနေများကို မှားယွင်းစွာ ဖော်ပြတတ်ခြင်းနှင့် ပြက်ရယ်ပြု သရော်ခြင်းများကို ပြုလုပ်တတ်ကြသည်" ဟု ပြောဖူးပါသည်။

ဂန္ဒီနှင့် ပတ်သက်၍ ဤစာအုပ်ထဲတွင် ရေးသားဖော်ပြခဲ့ပါသည်။ ယခု ပြန်လည်ဖတ်ရှုကြည့်သောအခါ ထိုချီးကျူးဖော်ပြချက်များထက် ပို၍ ထူးခြားပြီး မချီးကျူးနိုင်ကြောင်း ယခုတိုင် ယုံကြည်နေဆဲ ဖြစ်ပါသည်။

အိန္ဒိယပြည်ရှိ ကျွန်ုပ်၏မိတ်ဆွေ ယူဆွတ်မဟာရာလီနှင့် တစ်ခါက ဆုံကြရင်း စကားလက်ဆုံ ကျဖူးပါသည်။ ယူဆွတ်မဟာရာလီသည် မွတ်စလင်ဘာသာဝင်ဖြစ်ပြီး ထိုစဉ်က ဆိုရှယ်လစ်အမတ် ဖြစ်ပါသည်။ နောင်အခါ ဘုံဘေမြို့တော်ဝန် ဖြစ်လာသည်။ မဟာရာလီက ကျွန်ုပ်၏ ရေးသားချက်များနှင့် ပတ်သက်ပြီး–

"ဂန္ဒီရဲ့ နိုင်ငံရေးနဲ့ ပတ်သက်ပြီး ဒီစာအုပ်ထဲမှာ မင်း ရေးထားတာတွေဟာ နားမလည်လို့ ရေးတာ။ တို့ဆိုရှယ်လစ်တွေကလည်း ဂန္ဒီနဲ့ ပတ်သက်ပြီး အကြိမ်ပေါင်းထောင်သောင်းမက ပြောခဲ့ကြပြီ။ ဒါတွေအားလုံးဟာလည်း တစ်ဖက်သတ်ပဲ။ ဂန္ဒီဟာ တို့ဘဝအားလုံးကို ပြောင်းလဲပစ်ခဲ့တယ်။ ငါတို့ လုပ်ခဲ့တာတွေကိုလည်း ပြောင်းလဲပစ်ခဲ့တယ်။ ဒီမျှမကသေးဘူး။ ငါတို့ အဝတ်အစားတွေကိုပါ ပြောင်းလဲပစ်ခဲ့တယ်။ (သူဝတ်ထားသည့် ဂန္ဒီလက်ရက်ထည်ကို ကိုင်ပြသည်)။ ဒါဟာ အိန္ဒိယပြည်ရဲ့ အမျိုးသားဝတ်စုံပဲ။ ဂန္ဒီနဲ့ တို့နဲ့ဟာ သဘောထားချင်း ကွဲချင်ကွဲမယ်။ ကျွန်ဘဝကနေ လွတ်မြောက်ရေးအတွက် အထက်ကို မျှော်ကြည့်လိုက်တဲ့အခါမှာ နိုင်ငံရေး လမ်းကြောင်းနဲ့ ပတ်သက်ပြီး ဂန္ဒီနဲ့ မတူတာတွေ ရှိချင်ရှိမယ်။ ဒါပေမဲ့ ကျွန်ဘဝက လွတ်မြောက်ချင်တာ၊ ပိုပြီး အဆင့်အတန်းမြင့်တဲ့ ဘဝကို မျှော်ကြည့်တတ်တာဟာ ဘယ်သူ့ကြောင့်လဲ။ ဂန္ဒီရဲ့ ကျေးဇူးတွေ၊ ဂန္ဒီရဲ့ ရှေ့ဆောင် လမ်းပြမှုတွေကြောင့်ပဲ မဟုတ်လား။ ဒီအကြောင်းတွေကိုတော့ ဒီစာအုပ်ထဲမှာ မင်းဘာဖြစ်လို့ ထည့်မရေးတာလဲ" ဟု ယူဆွတ်မဟာရာလီက ကျွန်ုပ်ကို မေးခွန်းထုတ်ပါသည်။

နောင် နှစ်ပေါင်း အတော်ကြာပြီးနောက် အမေရိကန်တို့ မြင်သော ဂန္ဒီ၏ အကြောင်းကို ကျွန်ုပ် ရေးသောအခါ ယူဆွတ်မဟာရာလီ ပြောခဲ့သည့် စကားများကို ပြန်လည် ကြားယောင်နေမိသည်။ ထိုအခါတွင် ကျွန်ုပ်၏ စိတ်သန္တာန်ထဲ၌ အိန္ဒိယ၏ အမျိုးသား နိုင်ငံရေးစိတ်ဓာတ် ဖွံ့ဖြိုးတိုးတက်လာခြင်းနှင့် ပတ်သက်၍ ယူဆွတ်မဟာရာလီ မြင်သော ဂန္ဒီကိုပါ မြင်တွေ့လာရလေသည်။

စစ်ပြီး အိန္ဒိယပြည်တွင် ဟိန္ဒူနှင့် မွတ်စလင်တို့ ဘာသာရေးကွဲကာ ညီအစ်ကိုချင်း သွေးချောင်းစီး လူသတ်ပွဲကြီးများ ဖြစ်ပွားခဲ့ကြရသည်။ ဂန္ဒီသည် မြို့တကာ၊ နယ်

mgyo.com

mgyoe.com

တကာ၏ သွေးလွှမ်းသော လမ်းမများပေါ်တွင် လျှောက်ကာ ဟိန္ဒူနှင့် မွတ်စလင် ညီအစ်ကိုအချင်းချင်း မသတ်ဖြတ်ရန် ရင်နာဖွယ်ရာ ခယတောင်းပန်နေသည့် အကြောင်းများကို ပြန်လည်မြင်ယောင်လာသည်။

ကြေကွဲဝမ်းနည်းဖွယ်ကောင်းသော အဖြစ်အပျက်များကြားတွင် ဂန္ဒီသည် သူ့ကိုယ်ကျိုးမှန်သမျှကို စွန့်လွှတ်ခဲ့သည်။ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး တည်ဆောက်နိုင်ရန် မအိပ်မနေ ကြိုးပမ်းခဲ့သည်။ တိုင်းပြည်လွတ်လပ်ရေးရနိုင်ရန်အတွက် ကြီးမားသည့် စွန့်လွှတ်မှုများ၊ အနစ်နာခံမှုများ၊ ဘေးဒုက္ခများကို ရင်ဆိုင်ခဲ့သည်။ သူ မျှော်မှန်းကြိုးပမ်းခဲ့သည့်အတိုင်း သူ့တိုင်းပြည် လွတ်လပ်ရေးရသည်မှာ မှန်ပါ၏။

သို့သော် လွတ်လပ်ရေးရရှိရန်နှင့် လူမျိုးရေး၊ ဘာသာရေး အဓိကရုဏ်းများ ပြီးငြိမ်းအောင် ဆောင်ရွက်နေဆဲမှာပင် ဟိန္ဒူ လူရူး တစ်ယောက်၏ လက်ချက်ဖြင့် ရေတိမ်နစ်ခဲ့ရလေတော့သည်။

အချို့သော အကြောင်းအရာများနှင့် ပတ်သက်ပြီး အချို့သောသူများသည် အခြားသူများထက် အချိန်ပိုမို ကြာမြင့်သောအခါကျမှ နားလည်သဘောပေါက်တတ်ကြပါသည်။

လူများနှင့် ပတ်သက်၍ လည်းကောင်း၊ နိုင်ငံရေးများနှင့် ပတ်သက်၍ လည်းကောင်း ကောက်ချက်ချမှုများသည် အများအားဖြင့် မှားယွင်းနေလေ့ ရှိသည်။ မှန်ကန်ပါသည်ဆိုလျှင်လည်း လုံးဝဉသုံ မှန်ကန်သည်ဟု မဆိုသာချေ။

သမိုင်း၏ အဖြစ်အပျက်များကို ပြန်လည်သုံးသပ်ကြည့်လျှင် အချို့အကြောင်းများသည် သေးငယ်နေသည်မှာ မှန်သော်လည်း စိတ်ဝင်စားဖွယ် ကောင်းသည့် အဖြစ်အပျက်များကို တွေ့ရတတ်သည်။

ယခု ဤစာအုပ်ကို ပြန်လည်ဖတ်ရင်းဖြင့် အေရှတစ် (Asiatic) ဟူသော စကားလုံးကို စိတ်ဝင်စားဖွယ် တွေ့ရှိရသည်။ မျက်မှောက်ခေတ်တွင် ထိုစကားလုံးကို မသုံးတော့ဘဲ (Asian) ဟူသော စကားလုံးကိုသာ သုံးစွဲနေကြပြီ ဖြစ်သည်။ ယနေ့ခေတ် စာဖတ်သူများသည် ထိုစကားလုံး၏ အပြောင်းအလဲကို သိရှိကြမည် မဟုတ်ပေ။ အဓိပ္ပာယ်ကို နားလည်နိုင်ကြမည် မဟုတ်ချေ။

လွန်ခဲ့သည့် နှစ်ပေါင်း ၂၀ ကျော်က အရှေ့တောင်အာရှ နိုင်ငံများကို အနောက်နိုင်ငံများက (Asiatic)၊ (Asiatique) (Asiatische) စသော စကားလုံးများဖြင့်

mgyoe.com

ခေါ်ဝေါ်ခဲ့ကြသည်။ တရုတ်နှင့် ဂျပန်တို့သည်ပင်လျှင် အနောက်နိုင်ငံသားတို့ကို သံယောင်လိုက်ကာ ထိုစကားလုံးကို သုံးစွဲခဲ့ကြဖူးသည်။ ဂျပန်တို့ ကြွေးကြော်ခဲ့သော "အာရှသားတို့အတွက် အာရှတိုက်" (Asia For Asiatics) ဟူသော စကားလုံးက သက်သေခံလျက် ရှိပါသည်။

ထိုအသုံးအနှုန်းကို ကြားရသောအခါ အာရှတိုက်သားတို့ ဆတ်ဆတ်ခါ နာခဲ့ကြသည်။ အဖိနှိပ်ခံဘဝပါလား၊ ကျွန်သပေါက် ဘဝပါလား ဟူသော အသိများကို ရင်တွင်းမှာ ခံစားခဲ့ကြရသည်။

ဥရောပသား (Europeans) နှင့် အာရှသား (Asiatics) ဟူသော စကားလုံးများမှာ အရှင်သခင်နှင့် လက်အောက်ခံ ကျွန်သပေါက် ဖြစ်သည်ဟူ၍ လည်းကောင်း၊ အုပ်စိုးသူ လူတန်းစားနှင့် အအုပ်ချုပ်ခံ လူတန်းစားဟူ၍ လည်းကောင်း ခွဲခြားသတ်မှတ်သည့် စကားလုံးများအသွင်ကို ဆောင်ခဲ့သည်။ သို့ကလို အာရှသားတို့၏ စိတ်နှလုံးကို ထိခိုက်စေသည့်၊ ဂုဏ်သိက္ခာကို ညှိုးနွမ်းစေသည့် စကားလုံးကို လူအပေါင်းတို့၏ နှုတ်ဖျားမှသာမက ကမ္ဘာ့သမိုင်း အစောင်စောင်မှပါ ပယ်ထုတ်ပစ်ရချေမည်။

၁၉၄၇ ခုနှစ်တွင် အာရှတိုင်းပြည်များမှ ကိုယ်စားလှယ်များကို နယူးဒေလီမြို့သို့ နေရူးက ဖိတ်ခေါ်သည်။ အာရှနိုင်ငံများ၏ ကံကြမ္မာနှင့် ပတ်သက်၍ စည်းဝေးဆုံးဖြတ်ကြရန် ဖြစ်သည်။ တိုင်းပြည်၏ လွတ်လပ်ရေးနှင့် ပတ်သက်၍ နေရူး၏ အရေးကြီးသော ပထမ နိုင်ငံရေး ခြေလှမ်းဟုလည်း ဆိုနိုင်သည်။

ယင်းအစည်းအဝေးကပင် အေးရှန်း (Asian) ဟူသော စကားလုံးကို တီထွင်နိုင်ခဲ့သည်။ ထိုစကားလုံးကိုသာလျှင် လူအများ သုံးစွဲကြရန် တိုက်တွန်းခဲ့သည်။

နေရူး၏ ပုဂ္ဂိုလ်ရေး အရှိန်အဝါ ကြီးမားမှုကြောင့် တစ်ကြောင်း၊ အနောက်နိုင်ငံသားတို့က သူတို့၏ ကိုလိုနီ အမူအကျင့်များကို အလျင်အမြန် ဖယ်ရှားလို၍ တစ်ကြောင်း (Asian) ဟူသော စကားလုံးကို တွင်ကျယ်စွာ လက်ခံအသုံးပြုလာကြလေသည်။ သည်လိုဖြင့်ပင် (Asiatic) ဟူသော စကားလုံးသည် နိုင်ငံတကာ အသုံးအနှုန်းမှ လုံးဝ ပျောက်ကွယ်သွားလေတော့သည်။

နိုင်ငံရေး ဝေါဟာရတွင် ယခု အသုံးမပြုတော့သည့် အခြား ဝေါဟာရ တစ်ခုကို ဤစာအုပ်မှာပင် တွေ့ရပြန်ပါသည်။ ယင်းသည် ဤစာအုပ်ပါ အင်ဒိုချိုင်းနားနှင့် ပတ်သက်သည့် အခန်းတွင် ရေးသားထားသော အာနမ်မိုက်လူမျိုးများ (Annamites) ဟူသော စကားလုံး ဖြစ်သည်။

mgyoe.com

ရှေးဟောင်းအမည်ဖြစ်သည့် ဗီယက်နမ်ကို ၁၉၄၅ လောက်ရောက်မှ သုံးစွဲသည်။ ဗီယက်နမ်လူမျိုးများ (Vietnamese) ဟူသော စကားလုံးကိုမူ ဗီယက်မင်း တော်လှန်ရေးသမားများ ခေတ်တိုင်အောင် သုံးစွဲခြင်း မရှိသေးချေ။ တရုတ်တို့သည် ၎င်းတို့၏ ရှေးအင်ပါယာတွင် ပါဝင်သော အာနမ်မိုက်လူမျိုးများ နေထိုင်ရာ နယ်မြေကို "ငြိမ်းချမ်းသော တောင်ပိုင်း" (Annam) ဟု ခေါ်ခဲ့ကြသည်။

ထို့နောက် ပြင်သစ်အုပ်စိုးသော အင်ဒိုချိုင်းနားနယ်မြေ၌ အာနမ်သည် လူဦးရေများပြားပြီး ဗဟိုကျသော ပြည်နယ်တစ်ခု ဖြစ်ခဲ့သည်။ မြောက်ဘက် တုန်ကင်နယ်၊ တောင်ဘက် ကိုချင်ချိုင်းနားနှင့် အိမ်နီးချင်းတိုင်းပြည်များ ဖြစ်ကြသည့် ကမ္ဘောဒီးယားပြည်၊ လာအိုပြည်တို့နှင့် ကွဲကွဲပြားပြားဖြစ်စေရန် အာနမ်မိုက်လူမျိုးများ (Annamites)၊ အာနမ် နယ် (Annam) စသည်ဖြင့် ခေါ်ဝေါ်သုံးစွဲခဲ့ကြခြင်း ဖြစ်သည်။

အာနမ်ပြည်နယ်ကို ဘိုဒိုင်းက အုပ်စိုးခဲ့သည်။ ၎င်းသည် စောစောပိုင်းက ပြင်သစ်၏ ကြိုးဆွဲခံ ရုပ်သေးဘုရင်ခံဖြစ်ပြီး နောက်ပိုင်းတွင် ဂျပန်၏ ရုပ်သေးရုပ် ဖြစ်လာပြန်သည်။ ၁၉၄၅ ခုနှစ်တွင် အာဏာ ပြုတ်ကျပြီး ဟန္စိုင်အစိုးရလက်တွင်းသို့ အာဏာ လွှဲပြောင်းပေးအပ်ခဲ့ရသည်။ သူကိုယ်တိုင်ကမူ ပြင်သစ်ထံ အညံ့ခံခဲ့သည်။

၁၇ မျဉ်းပြိုင်သည် အာနမ်ပြည်နယ်ကို နှစ်ပိုင်းခွဲခဲ့သည်။ ထိုနောက်ပိုင်းမှစပြီး အာနမ် ဟူသော ဝေါဟာရသည်လည်း သက်ဆိုးမရှည်တော့ဘဲ ပျောက်ကွယ်ခဲ့ရလေသည်။ မြောက်ပိုင်းနှင့် တောင်ပိုင်း နှစ်ခြမ်းစလုံးကို ဗီယက်နမ်ဟု ပေါင်းရုံးခေါ်ဆိုခဲ့ကြသည်။

ယခု ဗီယက်နမ် စစ်ဖြစ်နေခြင်းသည် မြောက်ပိုင်းနှင့် တောင်ပိုင်း ပူးပေါင်းလိုကြသောကြောင့် ဖြစ်သည်။ နိုင်ငံရေးအရသော် လည်းကောင်း၊ ပထဝီဝင် သဘောအရသော်လည်းကောင်း မည်သို့ပင် ကွဲပြားခြားနားနေကြစေကာမူ သူတို့အားလုံးသည် သူတို့ကိုယ်သူတို့ ရှေးဟောင်းအမည်ဖြစ်သည့် "ဗီယက်နမ်နိုင်ငံ" နှင့် "ဗီယက်နမ်လူမျိုးများ" ဟုသာလျှင် ခေါ်ဝေါ်နေကြပြီ ဖြစ်သည်။

ဗီယက်နမ်တွင် အမေရိကန်တို့ မည်ကဲ့သို့ ပါဝင်ပတ်သက်ခဲ့သည် ဆိုခြင်းနှင့် စပ်လျဉ်း၍ အကြောင်းအချက် အချို့ကို ဤစာအုပ်တွင် ရေးသားဖော်ပြခဲ့ပါသည်။

စောစောပိုင်း ဖြစ်ရပ်များကို အမေရိကန်တို့အနေဖြင့် ကောင်းစွာ ဂရုစိုက်ခြင်း မရှိခဲ့ကြချေ။ မည်သို့မည်ပုံများ ဖြစ်ပျက်ခဲ့သည်ကိုပင်လျှင် အနည်းအကျဉ်းမျှသာ မှတ်မိကြပေတော့မည်။ အမှန်မှာမူ စောစောပိုင်း ဖြစ်ရပ်များကို အခြေခံပြီး နောက်ပိုင်း

mgyoe.com

ဖြစ်ရပ်များ ပေါ်ပေါက်လာခြင်း ဖြစ်သည်။ ရှေ့ပိုင်းနှင့် နောက်ပိုင်း ဖြစ်ရပ်တို့သည် ကြီးစွာသော ဆက်စပ်မှုများ ရှိခဲ့လေသည်။ ဤပြဿနာနှင့် ပတ်သက်၍ သူတို့သည် စောစောပိုင်းက အလေးအနက် မစဉ်းစားခဲ့ကြ။ စောစောကတည်းက ဖြေရှင်းရမည့် အစား နောက်ပိုင်းရောက်ခါမှ အသက်ပေါင်းများစွာကို စတေးပြီး ပိုမိုခက်ခဲကာ ရှုပ်ထွေးနက်နဲသည့် ပြဿနာပေါင်း သောင်းခြောက်ထောင်အတွင်းသို့ ဖွတ်ဝင်ကာ ဖြေရှင်းနိုင်ရန် ကြိုးပမ်းလာကြခြင်း ဖြစ်သည်။

၁၉၄၅ ခုနှစ်က အင်ဒိုချိုင်းနားသို့ ပြင်သစ်တို့ ပြန်လည်ရောက်ရှိလာခြင်းနှင့် ပတ်သက်၍ အမေရိကန်တွင် တာဝန်ရှိကြောင်း စာဖတ်သူများ သတိပြု အမှတ်ရကြပါလိမ့်ဦးမည်။ သို့ကလို ပြင်သစ်ကို လမ်းဖွင့်ပေးခြင်းအားဖြင့် ကွန်မြူနစ်နှင့် အမျိုးသား အစိုးရများအောက်တွင် ပြည်ထောင်နှစ်ခြမ်းပဲ့တို့ ပြန်လည်ပေါင်းစည်းရေး လမ်းစကို ပိတ်ပင်တားဆီးခဲ့ခြင်း ဖြစ်သည်။

ပြင်သစ်ကို အမေရိကန်တို့ အပင့်အဖိတ်ကောင်းသဖြင့် နှစ် ပေါင်း ၂၀ တိုင် အောင် ပြင်သစ်နှင့် ဗီယက်နမ်၊ ဗီယက်နမ်နှင့် ဗီယက်နမ်၊ ယခု အမေရိကန်နှင့် ဗီယက်နမ်တို့၏ မပြီးဆုံးနိုင်သော စိစိညက်ညက်ကြေသည့် စစ်ပွဲကြီးများ ဖြစ်ပွားပေါ် ပေါက်လာအောင် ဖန်တီးလိုက်ခြင်းနှင့်လည်း အတူတူပင် ဖြစ်သည်။

စောစောပိုင်းကသာ အခြားဖြစ်နိုင်သော နည်းလမ်းများဖြင့် တရားမျှတစွာ ဖြေရှင်းပေးခြင်း၊ ပြင်သစ်ကို ပြန်လာခွင့်မပေးခြင်းများ ပြုလုပ်ခဲ့မည်ဆိုပါက ယခု ဖြစ်ပွားနေသည့် သွေးပင်လယ်ဝေ စစ်ပွဲတို့သည်လည်း ဖြစ်ပွားပေါ်ပေါက်လာမည် မဟုတ်။ အမေရိကန်၏ ဂုဏ်သိက္ခာသည်လည်း အာရှတိုက်တွင် ရုပ်ပျက်ဆင်းပျက် ဖြစ်မည် မဟုတ်။ ထို့ပြင် ခြေကုပ်စခန်းများကိုပင် ရရှိနိုင်ဦးမည် ဖြစ်ကြောင်း စာဖတ်သူ များ သတိထားမိကြပါလိမ့်မည်။

အင်ဒိုချိုင်းနားသို့ ပြင်သစ် ပြန်လာရေးသည် ပြဿနာတစ်ရပ် အနေဖြင့်ပင် မပေါ်ပေါက်ခဲ့။ စစ်ပြီးသွားလျှင် အင်ဒိုချိုင်းနားတွင် ပြင်သစ်ကိုယ်စား အုပ်ချုပ်မှု အသစ်တစ်ခုလုပ်ရန် အမေရိကန်သမ္မတ ရုစဗဲ့က ကြံစည်ခဲ့ဖူးသည်။ သို့သော်လည်း ၁၉၄၆ ခုနှစ်သို့ ရောက်သောအခါ ထိုအကြံအစည်တို့ ပျောက်ပျက်ကုန်တော့သည်။ မိမိ၏ လက်အောက်ခံ ကိုလိုနီနယ်မြေများကို ပြန်လည်အုပ်ချုပ်ရန် အမေရိကန်၏ မူဝါဒ များက ပြင်သစ်ကို တိုက်တွန်းမိလျက်သား ဖြစ်နေတော့သည်။ အမေရိကန်၏ မူဝါဒများကို ရေးဆွဲပြီး ကြိုးကိုင်သူများသည် အင်ဒိုချိုင်းနား ပြည်သူများ၏ မျက်နှာ ထက် ပြင်သစ်မျက်နှာကို ပိုမိုအလေးထားလာကြသည်။

mgyoe.com

mgyoe.com

ကိုလိုနီနိုင်ငံများကို အုပ်ချုပ်သူတို့သည် သူတို့ အကျိုးစီးပွားကို မထိခိုက်စေရန် အတွက် အချိန်ကြာမြင့်မှ လွတ်လပ်ရေး ပေးလိုကြသည်။ ရတတ်သမျှများကို ဝါးမျို ချင်ကြသေးသည်။ အမေရိကန်သည်လည်း ကိုလိုနီနိုင်ငံများ သက်ဆိုးရှည်နေသည်နှင့် အမျှ ဥရောပတွင် ရတတ်သမျှသော အကျိုးစီးပွားများကို ထုတ်နုတ်ယူလိုသေးသည်။ ထို့ကြောင့်လည်း ပြင်သစ်တို့ကို လမ်းဖွင့်ပေးလိုက်ခြင်း ဖြစ်သည်။

ထိုသို့ ပြင်သစ် ပြန်လာနိုင်ရန် လမ်းဖွင့်ပေးခြင်းသည် ဟိုချီမင်းအပေါ် အမေရိကန် တို့ အကဲဖြတ်မှု မှားယွင်းခြင်းကြောင့်လည်း ဖြစ်သည်။ ဟိုချီမင်းသည် အမျိုးသား အရင်းရှင်ကောင်း တစ်ယောက် ဖြစ်သည်။ အနောက်နိုင်ငံ ပညာတတ် တစ်ဦး ဖြစ် သည်။ ထို့ကြောင့် ဟိုချီမင်း ရှိနေခြင်းအားဖြင့် မိမိတို့ အကျိုးစီးပွားများ ယုတ်လျော့သွား နိုင်ဖွယ်ရာအကြောင်းမရှိ။ ဟိုချီမင်းသည် ဗီယက်နမ် ကောင်းစားရေးကိုသာ ဖောက်ချ လုပ်ကိုင်မည့်သူဖြစ်သည်ဟု အကဲဖြတ်ခဲ့ကြသည်။

အထင်နှင့်အမြင်သည် ပါစင်အောင် လွဲချော်တော့သည်။ ဟိုချီမင်းသည် ရောမ ကွန်မြူနစ်ကြီး ဖြစ်နေတော့သည်။ အမျိုးသားရေးစိတ်ဓာတ် အလွန်ပြင်းထန်သည့် အမျိုးသား ခေါင်းဆောင်ကြီး ဖြစ်နေတော့သည်။

ထိုအကြောင်းများကြောင့် ဟိုချီမင်းကို ကူညီရန် အမေရိကန်တို့ လက်တွန့်ခဲ့ကြ သည်။ မူဝါဒရေးဆွဲသူတို့ကလည်း အခြေအနေ အမှန်ကို ကောင်းစွာ မလေ့လာနိုင် အောင် ဖြစ်နေကြသည်။ ကွန်မြူနစ် ဟိုချီမင်းသည် အမျိုးသားရေးစိတ်ဓာတ် မည်မျှ ထက်သန်ခဲ့သနည်း ဟူသည်မှာလည်း သူတို့အတွက် ပြဿနာကြီး တစ်ရပ် ဖြစ်နေ သည်။

ထိုစဉ်က ဗီယက်နမ် ပြည်သူတို့၏ အမျိုးသားရေး စိတ်ဓာတ် ပြင်းထန်တက်ကြွ နေသည်ကို ရုရှားကလည်း ဂရုမစိုက်နိုင်သေး။ ထိုသို့သော ကာလမျိုး၌ အမေရိကန်က စိတ်ကောင်း စေတနာကောင်းနှင့် ကူညီမှုပေးခဲ့မည်ဆိုလျှင် ယနေ့ ဗီယက်နမ်သည် မည်မျှတိုးတက်နေချိမ့်မည်နည်း။ အမေရိကန်တို့သည် တစ်စုံတစ်ရာ ကူညီမှုကို မပြုလုပ်ခဲ့ပါ။ ထို့ကြောင့်လည်း ဤမေးခွန်းနှင့် ပတ်သက်၍ ဖြေစရာအဖြေ မရှိပါ။

ဟိုချီမင်းသည် သူ၏ အစိုးရ တည်မြဲရေးအတွက် ၁၉၄၅ ခုနှစ်မှ ၁၉၄၉ ခုနှစ် အတွင်း အပြင်းအထန် လှုပ်ရှားရုန်းကန်ခဲ့ရသည်။ အခက်အခဲပေါင်း မြောက်မြားစွာတို့ ကြားမှပင် ပြင်သစ်နှင့် စေ့စပ်မှုများကို အားတက်သရော ပြုလုပ်ဆောင်ရွက်ခဲ့သေး သည်။

mgyoe.com

ထိုအချက်များကို ကြည့်ခြင်းအားဖြင့် စောစောပိုင်းကသာ အမေရိကန်တို့က လမ်းဖွင့်ပေးခဲ့လျှင် ဟိုချီမင်းသည် အမေရိကန်နှင့် လက်တွဲပြီး တိုးတက်မှုများကို ဆောင်ရွက်နိုင်ခဲ့ပေလိမ့်မည်။ အမေရိကန်တို့လည်း မျက်နှာကောင်း ရကြပေလိမ့်မည်။

သို့သော်လည်း တရုတ်ပြည်တွင် ကွန်မြူနစ်များ အာဏာရလိုက်သည်နှင့် တစ်ပြိုင်တည်း ယင်းအခွင့်အလမ်းသည်လည်း လုံးဝ ကွယ်ပျောက်သွားလေတော့သည်။ ဟိုချီမင်းသည် ကွန်မြူနစ်နိုင်ငံကြီး နှစ်နိုင်ငံဖြစ်သော တရုတ်နှင့် ရုရှားတို့ကိုသာ အားကိုးရတော့သည်။

ပြင်သစ်ကို ကူညီရန် အမေရိကန်တို့ ဆုံးဖြတ်လိုက်ခြင်းအားဖြင့် ဗီယက်နမ်နှင့် ပူးပေါင်းနိုင်ရေး လမ်းစသည် ပို၍ပို၍ ဝေးကွာသွားတော့သည်။ ပြည်တွင်းစစ် မဖြစ်ပွားဘဲ ကွန်မြူနစ် မဟုတ်သည့် အမျိုးသား အစိုးရ တင်မြှောက်ရေး အခွင့်အလမ်းကိုလည်း လက်လွှတ်ဆုံးရှုံးလိုက်ရတော့သည်။

၈ နှစ်ကြာ သွေးပင်လယ်ဝေ စစ်ပွဲကြီးများ ခင်းကျင်းပြီးသောအခါ အမျိုးသား စိတ်ဓာတ်နှင့် လွတ်မြောက်လိုသော စိတ်ဓာတ်များကို ပြင်သစ်တို့ အညံ့ခံ အရှုံးပေးပြီး ဗီယက်နမ် နယ်မြေမှ အရှုံးကြီး ရှုံးကာ အပြီးတိုင် ထွက်ခွာခဲ့ကြရလေတော့သည်။ ထိုသို့ ပြင်သစ်များ ထွက်ခွာသွားအပြီး ထိုနယ်မြေပေါ်သို့ ခြေပြန်ချလာသူမှာ ကျွန်ုပ်တို့ အမေရိကန်များပင် ဖြစ်သည်။ နောက် နှစ်အနည်းငယ်အကြာမှာပင် ထပ်မံဖြစ်ပွားလာပြန်သည့် သွေးပင်လယ်ဝေသော စစ်ပွဲကြီးများတွင် ကျွန်ုပ်တို့ အမေရိကန်များကိုယ်တိုင် ပါဝင်တိုက်ခိုက်မိလျက်သား ဖြစ်နေချေတော့သည်။

စောစောပိုင်းက အမေရိကန် လက်နှေးခဲ့မှုကြောင့် ၁၉၄၅ ခုနှစ် နောက်ပိုင်း အာရှတိုက်သည် ကမ္ဘာ့အလယ်တွင် မည်သို့သော အခန်းကဏ္ဍမှ ရပ်တည်ခဲ့ရကြောင်းကို ဗီယက်နမ်စစ်က သက်သေခံလျက် ရှိသည်။ ဥရောပ၊ အာရှနှင့် အာဖရိကနိုင်ငံများတွင် ဖြစ်ပေါ်လာသည့် အခြေအနေသစ်များကို မှန်ကန်စွာ လေ့လာသုံးသပ်နိုင်ခြင်းလည်း မရှိခဲ့ချေ။ ဂျပန်နှင့် စစ်ပြီးချိန်တွင် အမေရိကန်တို့သည် အာရှတိုက်ကို မျှော်ကြည့်ရာ၌ လမ်းတိုက မကြည့်ဘဲ ပိုမိုဝေးကွာသည့် လမ်းရှည်အတိုင်း မျှော်ကြည့်နေကြသည်။ အနီးကပ် ကြည့်ရမည့်အစား အဝေးမှ လှမ်းမျှော်အကဲခတ်နေကြသည်။ ၁၉၄၅ ခုနှစ်ကတည်းက ဖြစ်ပေါ်နေသည့် အခြေအနေအရပ်ရပ်တို့ကို အမေရိကန်တို့ မှန်မှန်ကန်ကန် ကြည့်မြင်သုံးသပ်နိုင်ခဲ့ကြမည်ဆိုလျှင် ယနေ့ ကမ္ဘာ့ဖြစ်ရပ်များသည် တစ်မျိုးတစ်ဖုံ ပြောင်းလဲနေနိုင်ဖွယ်ရာအကြောင်း ရှိလေသည်။

mgyoe.com

နယ်မြေများကို မိမိလက်ဝယ် သိမ်းပိုက်ထားမည်ဟု မည်သို့သောအချိန်ကမှ မရည်ရွယ်မိခဲ့ပါဘဲလျက်နှင့် နယ်မြေထိန်းစစ်ပွဲကြီးများကို အမေရိကန်တို့သည် ၁၉၅၀ ပြည့်နှစ်လွန်များတုန်းက ကိုရီးယားတွင် တစ်ကြိမ်၊ ၁၉၆၀ ပြည့်နှစ်လွန်များတုန်းက ဗီယက်နမ်တွင် တစ်ကြိမ် သွေးပင်လယ်ဝေအောင် ဆင်နွှဲခဲ့ကြရသည်။ ထိုသို့ စစ်ပွဲကြီးများကို ပါဝင်တိုက်ခိုက်လာရသဖြင့် အာရှတိုက်ကို အနီးကပ် ကြည့်ရှုရသည့် အခြေအနေမျိုးသို့ ဆိုက်ရောက်လာသည်။ စောစောပိုင်းက စိတ်မဝင်စားခဲ့သည့် အာရှတိုက်ကို ယခုမှ စိတ်ဝင်စားလာရသည့်ဘဝ ဖြစ်သည်။

ထို့ကြောင့်လည်း ကာတွန်းဆရာ တစ်ဦးက ၁၉၆၆ ခုနှစ် သမ္မတ ဂျွန်ဆင်၏ အာရှခရီးစဉ်နှင့် ပတ်သက်ပြီး သရော်သည့် ကာတွန်းတစ်ခုကို ရေးဆွဲခဲ့သည်။ ဂျွန်ဆင်ကို ၁၆ ရာစုက နယ်မြေသစ်ရှာသူများ ဝတ်လေ့ရှိသော ဝတ်စုံကို ဝတ်ဆင်ပေးပြီး နောက်ခံကားကို အာရှတိုက်မြေပုံ ရေးဆွဲထားသည်။ ယခုခေတ်ရောက်မှ အမေရိကန်များအနေဖြင့် အာရှတိုက်ကို ရှာဖွေတွေ့ရှိကြသည် ဟူသည့် သဘော ဖြစ်သည်။

၁၉၄၅ ခုနှစ်က အာရှနိုင်ငံများရှိ အမျိုးသားရေး အုံကြွမှုများကို ဥရောပတိုက်သားတို့က နှိမ်နင်းခဲ့ရာတွင် အမေရိကန်က ဥရောပတိုက်သားများကို ကူညီခဲ့သည်။ ထို့နောက် နှစ်ပေါင်း ၂၀ ခန့် ကြာသော မြင့်သောအခါ ကွန်မြူနစ်ကို ခုခံတိုက်ခိုက်နေရသည့် အဆိုပါ အာရှတိုက်၏ အမျိုးသားရေးဝါဒီများကိုပင် အမေရိကန်က ပြန်လည်ကူညီနေရသောဘဝသို့ ရောက်လာပြန်သည်။

အာရှနိုင်ငံများအတွင်းရှိ ကွန်မြူနစ် လှုပ်ရှားမှုများကို နှိမ်နင်းရာတွင် အမျိုးသားရေး ဝါဒီများကို ကူညီရင်းဖြင့် ကျွန်ုပ်တို့ အမေရိကန်ကိုယ်တိုင် ဘေးကျပ်နံကျပ် ဖြစ်လာလေတော့သည်။

ဗီယက်နမ်တွင် အန္တရာယ် ကြီးမားသည့် တန်ဖိုးကြီးမားသည့် အတွေ့အကြုံများ၊ ခါးသီးလှသည့် ကြမ်းကြုတ်ရက်စက်မှုလည်း လွန်ကဲသည့် စစ်ပွဲများကို ဆင်နွှဲနေရင်းဖြင့် အာရှတိုက်၏ အမျိုးသားရေး စိတ်ဓာတ်သည် မည်မျှခိုင်မာကာ မည်မျှ ပြင်းထန်ကြောင်း ခန့်မှန်းသိရှိနိုင်ပါသည်။ ကြောက်မက်ဖွယ်ကောင်းသော ခေတ်မီလက်နက်များဖြင့် ဆင်နွှဲကာ အကုန်သတ်၊ အကုန် မီးလောင်တိုက်သွင်းသည့် စစ်ပွဲကြီးများကို ကြံ့ကြံ့ခံနေနိုင်ခြင်းသည် ပြင်းထန်သော အမျိုးသားရေး စိတ်ဓာတ်ကြောင့်ပင် ဖြစ်လေသည်။

သီးခြားနိုင်ငံများ ထူထောင်ကာ ကိုယ့်မင်းကိုယ့်ချင်း အုပ်ချုပ်ပြီး ကိုယ့်ပြဿနာ

mgyoe.com

mgyoe.com

ကိုယ် ဖြေရှင်းခဲ့ကြသည့် ၁၉ ရာစုနှစ် နိုင်ငံရေး ပုံသဏ္ဌာန်ဖြင့် ယနေ့ကမ္ဘာသည် ခရီးဆက်၍ ဖြစ်နိုင်တော့မည် မဟုတ်ချေ။

ကမ္ဘာ့ပြဿနာပေါင်းစုံကို ပူးပေါင်းဖြေရှင်းနိုင်မည့် လူမျိုးပေါင်းစုံ၊ နိုင်ငံပေါင်းစုံ အသင်းမျိုးရှိရန် လိုအပ်လာပြီ ဖြစ်ကြောင်း ကြုံတွေ့နေရသည့် အခြေအနေများက တောင်းဆိုလျက် ရှိသည်။ တစ်ပြိုင်တည်းမှာပင် တိုင်းပြည်အသီးသီးတွင် စည်ပင်ဝပြောစေရေးအတွက် ဆိုရှယ်လစ် အိပ်မက်များကိုလည်း မက်ခဲ့ကြပြီ။

ထိုအကြောင်းများကြောင့် နိုင်ငံပေါင်းချုပ်အသင်းကြီးကို ဖွဲ့စည်းခဲ့ကြသည်။ သို့သော်လည်း ပြဿနာပေါင်းစုံကို အောင်မြင်စွာ ဖြေရှင်းပေးနိုင်ခြင်း မရှိခဲ့။ သို့သော်လည်း ယင်းနိုင်ငံပေါင်းချုပ်အသင်းကြီးသည် ယနေ့ ရပ်တည်နေသည့် ကမ္ဘာ့ကုလသမဂ္ဂ၏ ရှေ့ပြေးပင်ဖြစ်လေရာ အချည်းနှီးဟုလည်း မဆိုသာပါ။

ကုန်လွန်ခဲ့သည့် ရာစုနှစ်များကို ပြန်ကြည့်လျှင် မဟာအမျိုးသားရေး နိုင်ငံများနှင့် မဟာအင်ပါယာနိုင်ငံကြီးများ ထူထောင်ခဲ့ကြကြောင်းကို မြင်တွေ့ရမည် ဖြစ်သည်။ နောက်ဆုံးတွင် မဟာအင်ပါယာနိုင်ငံကြီးများသည် ရှင်သန်ကြီးထွားလာသည့် မဟာအမျိုးသားရေး စိတ်ဓာတ်များ၏ တွန်းလှန်မှုကို မခံနိုင်ဘဲ ပြိုကွဲပျက်စီးခဲ့ရသည်သာ ဖြစ်ချေသည်။ ယင်းအတွေ့အကြုံများကို သုံးသပ်ကြည့်ခြင်းအားဖြင့် ယနေ့ကမ္ဘာသည် မဟာအင်ပါယာနိုင်ငံ စနစ်ကို လက်မခံတော့ကြောင်း သိသာထင်ရှားပါသည်။

လောဘရမ္မက် ကြီးမားခြင်း၊ တစ်ဦးနှင့်တစ်ဦး ညီညွတ်မှုမရှိခြင်း၊ တစ်နိုင်ငံနှင့် တစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု မရှိခြင်းတို့ကြောင့် အင်ပါယာ နိုင်ငံများသည် တစ်ခုပြီး တစ်ခု ပြိုကွဲခဲ့ကြရသည်။ မဟာအမျိုးသားရေး စိတ်ဓာတ်ဖြင့် တည်ထောင်ခဲ့ကြသည့် နိုင်ငံများ၏ အခြေအနေသည်လည်း တိုးတက်မှုများ တုံ့နှေးခဲ့ရသည်။ ထိုနည်းအားဖြင့် ထိုနိုင်ငံများ ပြိုကွဲလာခြင်း၊ ကမ္ဘာ့စီးပွားပျက်ကပ်ကြီးများနှင့် ရင်ဆိုင်လာရခြင်း၊ ကမ္ဘာစစ်ကြီးများ ဖြစ်ပွားခဲ့ရခြင်းတို့ကို ကမ္ဘာသူကမ္ဘာသားတို့ ရင်ဆိုင်ခံစားခဲ့ကြရလေတော့သည်။

ကမ္ဘာ့ပြည်သူများ၏ လွတ်လပ်ခွင့်ကို အပြည့်အဝမပေးဘဲ နှစ်ပေါင်းများစွာ ကြာမြင့်သည်အထိ ဖိနှိပ်ချုပ်ချယ်ထားခြင်းကြောင့်လည်း ပြိုကွဲခဲ့ရခြင်းများ ရှိသည်။

ပထမ ကမ္ဘာစစ်ကြီးပြီးချိန်တွင် ဥရောပတိုက်၌ ဩစတြေးလျ– ဟန်ဂေရီအင်ပါယာ ပြိုကွဲခဲ့သည်။ ဒုတိယကမ္ဘာစစ်ကြီးပြီးချိန်တွင်လည်း အာရှတိုက်၌ ဂျပန်တို့၏ တိုက်ခိုက်မှုကြောင့် ဥရောပ အင်ပါယာ ပြိုကွဲပျက်စီးခဲ့ရပြန်သည်။ အင်ပါယာသစ်ကို

mgyoe.com

mgyoe.com

ထူထောင်လိုသည့် ဂျပန်တို့သည်လည်း အမေရိကန်ကို လက်မြှောက်အရှုံးပေးခြင်းဖြင့် စခန်းသိမ်းခဲ့ရသည်။ တစ်ဆက်တည်းမှာပင် အာဖရိကတိုက်ရှိ အင်ပါယာ အကြွင်းအကျန်များကိုလည်း လက်လွှတ်ခဲ့ကြရပြန်သည်။

ကမ္ဘာ့အာဏာကို လက်ဝယ်သိမ်းပိုက်ထားလိုသူတို့၏ အင်အားသည် တစ်နေ့တခြား နည်းပါးလျော့ကျလာခဲ့သည်။

တန်ခိုးအာဏာပြိုင်ပွဲများ ဆင်နွှဲနေကြဆဲမှာပင် ကမ္ဘာပြည်သူတို့၏ နိုးကြားမှုနှင့် အမျိုးသားရေး စိတ်ဓာတ်များသည် ရှင်သန်ကြီးထွားလာကာ အမျိုးသား နိုင်ငံသစ်အများအပြားတို့သည် တစ်နိုင်ငံပြီး တစ်နိုင်ငံ ပေါ်ပေါက်လာခဲ့ကြ၏။

ထိုသို့သော အခြေအနေများကြောင့်လည်း ကမ္ဘာ့အဖွဲ့အစည်းကြီး တစ်ရပ်ကို မဖြစ်မနေ ဖွဲ့စည်းရန် အကြောင်းဆိုက်လာသည်။

ကမ္ဘာ့ကုလသမဂ္ဂ တည်ထောင်ရန် ဆန်ဖရန်စစ္စကိုမြို့တွင် ကျင်းပသည့် အစည်းအဝေးသို့ ၅၉ နိုင်ငံမှ ကိုယ်စားလှယ်တို့ တက်တက်ကြွကြွ တက်ရောက်ခဲ့ကြသည်။ ၁၉၆၆ ခုနှစ်သို့ ရောက်သောအခါ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ ဦးရေသည် ၁၂၁ နိုင်ငံအထိ တိုးတက်လာသည်ကို မြင်တွေ့ရလေသည်။

အမျိုးသားနိုင်ငံသစ်များ ထူထောင်ခြင်းဖြင့် တိုင်းတစ်ပါးသားတို့၏ အချိန်ကြာမြင့်စွာ အုပ်ချုပ်ခြင်းမှ ရုန်းကန်ထွက်ခဲ့ကြသည်။ ထိုသို့ ရုန်းကန်ထွက်ခဲ့ကြရာတွင် လွတ်လပ်စ နိုင်ငံများအနက် အချို့တို့သာလျှင် မိမိ၏ တိုးတက်မှုကို မိမိတို့ကိုယ်တိုင် ဖန်တီးနိုင်ပြီး အချို့မှာမူ အကြောင်းအမျိုးမျိုးကြောင့် တစ်ပါးသူအပေါ်တွင် မှီခိုနေကြရသေးသည်။

တိုင်းတစ်ပါးသား အုပ်ချုပ်မှုအောက်မှ လွတ်မြောက်လာကြပါပြီ ဆိုသော်လည်း သူတို့မှာ ပြဿနာပေါင်း သောင်းခြောက်ထောင်တို့နှင့် ရင်ဆိုင်နေကြရသေးသည်။ နယ်မြေခွဲဝေမှုများ၊ နယ်နိမိတ် ပိုင်းခြား သတ်မှတ်မှုများသည် ရှုပ်ထွေးနေဆဲ ဖြစ်သည်။ အမှန်ဆိုမူ သူတို့ ပိုင်ဆိုင်သည့် နယ်နိမိတ်ကို သူတို့ သတ်မှတ်ခဲ့ကြခြင်း မဟုတ်၊ ခေတ် ဟောင်းတုန်းက သူတို့ကို အုပ်ချုပ်သူ တိုင်းတစ်ပါးသားများ၏ စိတ်ကြိုက် ပိုင်းခြားသတ်မှတ်ခဲ့ကြခြင်း ဖြစ်သည်။ ထိုသို့ တိုင်းတစ်ပါးသား စိတ်ကြိုက် သတ်မှတ်ခဲ့ခြင်းကြောင့်လည်း ယခု လွတ်လပ်လာသည့်အခါတွင် ဒေသခံ ပြည်သူများခမျာမှာ နယ်နိမိတ် အငြင်းပွားမှုများနှင့် ဆက်လက် ရင်ဆိုင်နေကြရခြင်း ဖြစ်သည်။

နယ်နိမိတ်အသစ် သတ်မှတ်မှုများကို ပြုလုပ်ပြီး လွတ်လပ်လာကြသည့် နိုင်ငံများ

mgyoe.com

mgyoe.com

အချင်းချင်း ညီညွတ်ရေးသည် လွန်စွာ အရေးကြီးပါသည်။ တစ်နိုင်ငံစီအတွင်း၌လည်း အမျိုးသား စည်းလုံးညီညွတ်မှုများ ရှိရန် အရေးကြီးသည်။

တန်ခိုးအာဏာ ပြိုင်ပွဲကြီးများဖြင့် ကျွက်ကျွက်ညံနေသော ဤကမ္ဘာမြေပေါ်တွင် မိမိ ရပ်တည်ရမည့် အခန်းကဏ္ဍကို လည်းကောင်း၊ မိမိ လက်ခံသင့်သည့် ပုံသဏ္ဍာန်ကို လည်းကောင်း မှန်မှန်ကန်ကန် ရွေးချယ်တတ်ရန် အရေးကြီးပါသည်။

ကမ္ဘာတန်ခိုး အာဏာလုပွဲကြီးသည် နျူကလီယားလက်နက်ဖြင့် အဆုံးသတ်လိမ့်မည်ဟုလည်း ကျွန်ုပ်တို့ မျှော်မှန်းထားနိုင်သည်။

ထိုအန္တရာယ်ကို ရှောင်တိမ်းရင်းဖြင့် မိမိတို့၏ တိုးတက်ကြီးပွားမှု၊ တည်တံ့ခိုင်မြဲမှု၊ စည်းလုံးညီညွတ်မှုတို့ကို တည်ဆောက်နိုင်ကြမည်ဆိုပါက လူသားဆန်သော လူသား အနွယ်တော်ကြီး၏ တိုးတက်တည်တံ့မှုကို ရယူနိုင်မည်သာ ဖြစ်သည်။

ကမ္ဘာတန်ခိုး အာဏာလုပွဲများကို ဆင်နွှဲသူမှာ လူသားများပင် ဖြစ်သည်။ အာဏာ လုကြရင်းဖြင့် ပျက်စီးပျောက်ကွယ်မည့် အဆင့်သို့ရောက်အောင် ဖန်တီးမည့်သူမှာ လည်း လူသားများပင် ဖြစ်သည်။ ထို့ကြောင့် လူသားတို့ ဖန်တီးသည့် အန္တရာယ်ကို လူသားတို့ကသာလျှင် ရှောင်တိမ်းနိုင်ကြမည် ဖြစ်ပါသည်။

ဤစာအုပ်ကို လွန်ခဲ့သော နှစ်ပေါင်း ၂၀ ကျော်က ကျွန်ုပ် ရေးသားခဲ့ပါသည်။ ယခု ပြန်ဖတ်ကြည့်သောအခါ လွန်ခဲ့သည့် နှစ်ပေါင်း ၂၀ ကျော်က ကျွန်ုပ်၏ အမြင် များနှင့် ယနေ့ ကျွန်ုပ်၏ အမြင်များသည် မတူကွဲပြားခြားနားခြင်း မရှိလှသည်ကို တွေ့ရသည်။

ဤစာအုပ်တွင် ခေတ်ဟောင်း အမျိုးသားရေး ဝါဒကို ကျွန်ုပ် လက်မခံခဲ့ချေ။ ထိုနည်းတူစွာ အသစ်ထပ်မံ ပေါ်ပေါက်လာမည့် အမျိုးသားရေး ဝါဒများကိုလည်း ယုံကြည်မှု နည်းခဲ့ပါသည်။ ကျဉ်းမြောင်းသော အမျိုးသားရေး ဝါဒများကို ကျွန်ုပ် နားလည်တတ်ကျွမ်းသမျှ ရိုးသားစွာ ဖော်ပြခဲ့ခြင်းသာ ဖြစ်ပါသည်။

ဤစာအုပ်၏ နောက်ဆုံးအခန်းတွင် အသက်ငင်နေသော ဆိုရှယ်လစ်အိပ်မက်ဟု အမည်တပ်ကာ ထိုဆိုရှယ်လစ် အိပ်မက်ဘက်ကပင် ကျွန်ုပ် တတ်စွမ်းသမျှ ရပ်တည်ခဲ့ ပါသည်။ ထိုစဉ်ကလည်း အိပ်မက်ပမာသာ ကျွန်ုပ် ခံစားခဲ့ရသည်။ နောင်သောအခါ တွင် ဆိုရှယ်လစ်စနစ်သည် အသွင်တစ်မျိုး၊ အမည်တစ်မျိုးဖြင့် ဆက်လက် ရှင်သန်နိုင် အောင် တိုက်ပွဲဝင်ရဦးမည်ဟု ကျွန်ုပ် ယုံကြည်ခဲ့ပါသည်။ ဤကမ္ဘာသည် ဆင်ခြင်တုံ တရား ကင်းမဲ့သည့်အချိန်သို့ ရောက်နေပြီဟုလည်း ထိုစဉ်က ခံစားမိခဲ့သည်။

mgyoe.com

mgyoe.com

ထို့ကြောင့်လည်း မိမိ ဆင်ခြင်သုံးသပ်မိသည့်အတိုင်း ရိုးသားစွာ ရေးသားဖော်ပြခဲ့ခြင်း ဖြစ်ပါသည်။

ထိုစဉ်က ကျွန်ုပ်၏ ဆင်ခြင်သုံးသပ်ချက်များသည် မှားယွင်းသလော၊ သို့တည်း မဟုတ် အစွန်းတစ်ဖက်သို့ ရောက်သွားသလောဟု ယခု ပြန်လည် စဉ်းစားကြည့်သော အခါ အဖြေမပေးနိုင်အောင် ဖြစ်နေရပါသည်။ ၁၉၄၇ ခုနှစ်က ဤစာအုပ်နှင့် ပတ်သက် သော ဝေဖန်ချက် တစ်ခုကို ပြန်လည်အမှတ်ရပါသည်။ ဝေဖန်ချက်က–

"ကျွမ်းကျွမ်းကျင်ကျင် စီကာပတ်ကုံး ရေးသားထားသည့် အိပ်မက်ဆိုး တစ်ခု ဖြစ်သည်။ နံနက်အရုဏ်တက်လျှင် အားလုံး ပျောက်ကွယ်သွားမည်သာ ဖြစ်သည်" ဟူ၍ ဖြစ်သည်။

မည်သို့ဆိုစေ ဤစာအုပ်တွင် ရေးသားခဲ့သည့်အတိုင်း ယနေ့ မျက်မှောက်ကာလ၌ ဖြစ်ပျက်နေသည်များ ရှိပါသည်။ သို့ကလို မှန်ကန်လာသည်များနှင့် ပတ်သက်၍ မည်သို့ ဝေဖန်လိုပါသေးသနည်းဟုလည်း အဆိုပါ ဝေဖန်ရေးဆရာကို ပုစ္ဆာ ထုတ်ချင် ပါသည်။

သို့သော်လည်း လွန်ခဲ့သော နှစ်ပေါင်း ၂၀ ကျော်က ကျွန်ုပ်၏ အမြင်နှင့် ယနေ့ ကျွန်ုပ်၏ အမြင်နှစ်ခုတွင် ကြီးမားစွာ ကွဲလွဲသွားသည့် အချက်တစ်ခုကို ပြန်လည်တွေ့ရှိရပါသည်။

ယင်းကွဲလွဲမှုသည် တန်ခိုးအာဏာ လုပွဲများဖြင့် ရှုပ်ထွေးနေသော အခြေအနေမှ ကျော်လွှားနိုင်ရေးနှင့် ပတ်သက်ပါသည်။ လူသားတို့၏ အနာဂတ်အရေးနှင့် ပတ်သက် ၍ အမေရိကန်စနစ်သော် လည်းကောင်း၊ ရုရှားစနစ်သော် လည်းကောင်း အရေးပါ အရာရောက်သည့် စနစ်များ မဟုတ်ဟု ရေးသားမိခဲ့သည်။ ယခု ပြန်လည်ဆင်ခြင်ကြည့် သောအခါ ထိုရေးသားချက်သည် သွက်သွက်လည်အောင် မှားယွင်းသွားကြောင်း သဘောပေါက်မိပါသည်။ မည်သို့ဆိုစေ ဤကမ္ဘာကြီး မည်သို့ ဖြစ်ပျက်လာမည်ကို စောင့်ကြည့်ရန် အချိန်လည်း မရှိတော့ပါ။ ယခင် ယုံကြည်ချက် အဟောင်းများကို အချိန်ကြာမြင့်စွာ ရင်ဝယ်သိုသိပ်ထားနိုင်စွမ်းလည်း မရှိတော့ပါ။

၁၉၄၉ ခုနှစ်က အာရှတောင်ပိုင်းသို့ ကျွန်ုပ် ခရီးတစ်ခေါက်သွားခဲ့သေးသည်။ "လွတ်လပ်ရေးရရုံဖြင့် မလုံလောက်သေး" အမည်ရှိ စာအုပ်တစ်အုပ်ကို ရေးရန် ဖြစ်သည်။ သို့သော်လည်း ထိုစာအုပ်ကို မရေးဖြစ်ခဲ့ပါ။

အသစ်ပေါ်ထွန်းလာသည့် အမျိုးသားရေးဝါဒ၏ အရေးကြီးပုံနှင့် ကံမကောင်း အကြောင်းမလှပုံများကို ရေးသားရန် ရည်သန်ခဲ့သည်။ အမျိုးသား နိုင်ငံသစ်များ

mgyoe.com

mgyoe.com

ပေါ်ပေါက်စ အရှေ့တောင်အာရှတွင် ကြားနေရေး ဝါဒသည်လည်း အထူးကျော်ကြား နေခိုက် ဖြစ်သည်။ ယင်းကြားနေရေးဝါဒ၏ အားနည်းချက်များ၊ ချွတ်ယွင်းချက်များ ကိုလည်း ရေးသားရန် ကြိုးစားခဲ့ဖူးသည်။

အဖြစ်မှန် တရားများကို ဘေးဖယ်ထားပြီး တန်ခိုးအာဏာလုပွဲများ ဆင်နွှဲနေကြ သည့် ကာလလည်း ဖြစ်သည်။ ရုရှားနှင့် တရုတ်တို့၏ တစ်ပါတီ အာဏာရှင်စနစ်ကို ဆန့်ကျင်ရန် အမေရိကန်တို့ ကြိုးစားရင်းဖြင့် အာရှတိုက်မှာ ခြေချနေခိုက်လည်း ဖြစ်သည်။ အာရှတိုက်၏ ဖွံ့ဖြိုးရေးအတွက် အမေရိကန်က စွမ်းဆောင်ပေးမည်ဟု ကြွေးကြော်ကာ အဆက်အသွယ်များ ရယူနေချိန်လည်း ဖြစ်သည်။

အခြေအနေအရပ်ရပ်တို့ကို လေ့လာခဲ့လင့်ကစား အရှေ့တောင်အာရှနှင့် ပတ် သက်သည့် စာအုပ်ကို ကျွန်ုပ် မရေးဖြစ်ခဲ့ပါ။ ဤသို့ မရေးဖြစ်ခဲ့သည့်အတွက် စိတ် မကောင်း ဖြစ်မိပါသည်။ သို့သော်လည်း ကိုရီးယားစစ်ပွဲ ဖြစ်ပွားအောင် ဖန်တီးသည့် ဆောင်ရွက်ချက်နှင့် ဝါဒများ၊ တရုတ်နှင့် ထိပ်တိုက်ပြဿနာ ဖြစ်ပွားရမှုများ၊ မက် ကာသီဝါဒီတို့၏ ကမူးရှူးထိုး ဆောင်ရွက်မှုများအကြောင်းကိုမူ နောက်နှစ်တွင် ရေးသားဖြစ်ခဲ့သောကြောင့် စိတ်ဖြေသာပါသည်။ အာရှနှင့် အာဖရိကတွင် အသစ်ပေါ် ပေါက်လာသည့် နိုင်ငံများနှင့် အမေရိကန် ဆက်ဆံရေး၊ အမေရိကန်ပြည်တွင်း လူနေမှုစနစ်များ အဆင့်ဆင့် ပြောင်းလဲလာသည့် အရေးများကိုမူ မျက်ခြည်မပြတ် ကျွန်ုပ် လေ့လာနေခဲ့သည်။

ဆူပူသောင်းကျန်းသည့် အမျိုးသားဝါဒများသည် ခေတ်ကို နောက်ပြန်ဆွဲလျက် ရှိသည်။ ထို့ကြောင့်လည်း အမြော်အမြင် ကြီးမားစွာဖြင့် ရှေ့ရေးကို စဉ်းစားရတော့မည်။ အမေရိကန်သည် ကမ္ဘာ့နိုင်ငံရေးတွင် အဆုံးအဖြတ် တစ်ခုခု ပေးနိုင်ရန် ကြိုးစားနေ သည်။ သို့သော်လည်း သူ့တိုင်းပြည်အတွက် သူ လုပ်ပေးနိုင်သည်ထက် ပိုပြီး မည် သည့်နိုင်ငံကိုမှ ကူညီထောက်ပံ့နိုင်မည် မဟုတ်ချေ။ အခြားသော နိုင်ငံအသီးသီးတို့ကို မည်သို့ပင် ကတိများ ပေးစေကာမူ သူ့တိုင်းပြည်အရေးသည်သာလျှင် အဓိက ဖြစ်ရ ပေလိမ့်မည်။

ဤစာအုပ်ကို ပြန်လည်ထုတ်ဝေခြင်းအားဖြင့် ကုန်လွန်ခဲ့ပြီးသည့် အဖြစ်အပျက် အကြောင်းအရာများ၊ ဆုံးဖြတ်ချက်များကို နောက်ပိုင်း ထပ်မံ ဖြစ်ပွားလာသည့် အခြေအနေသစ်များနှင့် ချိန်ထိုးနှိုင်းယှဉ် စစ်ဆေးခွင့်ကို ရပါသည်။

အသက် ၃၆ နှစ်အရွယ်က ရေးသားခဲ့သည်များကို ယခု အသက် ၅၆ နှစ်အရွယ်

mgyoe.com

အတွေ့အကြုံများဖြင့် ပြန်လည်ဖတ်ရှုနေရခြင်းသည် လွန်ခဲ့သော နှစ်ပေါင်း ၂၀ က ကိုယ်တိုင်ပါဝင်ခဲ့သည့် ရုပ်ရှင်ကားကို ပြန်လည် ကြည့်ရှုနေရသကဲ့သို့ ဖြစ်ပါသည်။

ဤစာအုပ်တွင် ကြီးကျယ်သည့် အရေးအခင်းများကြောင်းကို ထည့်သွင်းရေးသားထားပါသည်။ သို့သော်လည်း ထိုအရေးအခင်းများတွင် ကျွန်ုပ်သည် ကိုယ်တိုင်ကိုယ်ကျ ပါဝင်ကပြခဲ့သော ဇာတ်ကောင် တစ်ဦးကား မဟုတ်ပါ။ ပုံသဏ္ဌာန်မျိုးစုံဖြင့် ဖြစ်ပျက်နေသည့် ကမ္ဘာ့အရေးအခင်းများကို စမ်းတဝါးဝါးဖြင့် ဇာတ်ခုံနောက်ကွယ်မှ လေ့လာကြည့်ရှုနေခဲ့သူ ပွဲကြည့်ပရိသတ် တစ်ဦးမျှသာ ဖြစ်ပါသည်။

ကြီးမားသည့် ကမ္ဘာ့အရေးအခင်းကြီးများတွင် ကိုယ်တိုင်ပါဝင်ခွင့်ရခြင်း၊ မရခြင်းမှာ အကြောင်းမဟုတ်ပါ။ ထိုအရေးအခင်းကြီးများကို လေ့လာသုံးသပ်ခွင့်ရခြင်းသည်သာလျှင် အရေးကြီးပါသည်။ မိမိသည် မည်မျှသေးငယ်သူပင် ဖြစ်စေကာမူ ကျယ်ပြောသည့် ပိတ်ကားကြီးပေါ်၌ ဖြစ်ပျက်ခဲ့သည့် အရေးကြီးသော အဖြစ်အပျက်ကြီးများကို ရှုမြင် လေ့လာခွင့်သည်သာလျှင် အရေးကြီးပါသည်။

အင်အားကြီးမားမှုများ၊ ဘေးဒုက္ခများ၊ ဖိနှိပ်ချုပ်ချယ်မှုများ၊ အကျပ်အတည်းများ၊ ပျက်စီးယိုယွင်းမှုများ၊ ရှုပ်ထွေးသည့် ပြဿနာများဖြင့် ရောပြွမ်းနေသော ခေတ်ကြီးကို ကျော်လွှားဖြတ်သန်းရင်း ပွဲကြည့်ပရိသတ်အနေဖြင့် ရှုမြင်သုံးသပ်ခွင့်ရခဲ့သောကြောင့် တန်ဖိုးမဖြတ်နိုင်သော အတွေ့အကြုံများကို ကျွန်ုပ် ရရှိနိုင်ခဲ့သည်ဟု ယုံကြည်မိပါသည်။ ထိုသို့ရရှိခဲ့သည့် အတွေ့အကြုံများအရ ဤစာအုပ်ကို ရေးသားဖြစ်ခဲ့ခြင်းလည်း ဖြစ်ပါသည်။

ယခု တစ်ဖန် ဤစာအုပ်ကိုပင် စာဖတ်သူတစ်ဦး၏ အမြင်ဖြင့် လည်းကောင်း၊ စာရေးသူတစ်ဦး၏ အမြင်ဖြင့် လည်းကောင်း ထောင့်စုံအောင် လေ့လာသုံးသပ်ခွင့်၊ စဉ်းစားဆင်ခြင်ခွင့်ကို ရရှိပါသည်။ ကျွန်ုပ်၏ ရှုမြင်သုံးသပ်ချက်များနှင့်အတူ အတွေ့အကြုံများသည် ယခု စာဖတ်သူကို စိတ်ဝင်စားမှု ပေးနိုင်လိမ့်မည်ဟု မျှော်လင့်ပါသည်။

မေ့ပျောက်နေသည့် အကြောင်းအရာများ၊ အဖြစ်အပျက်များ၊ အတွေ့အကြုံများသည် ဤစာအုပ်ကို ပြန်လည်ဖတ်ရှုမိသောအခါ ကျွန်ုပ်၏ စိတ်အာရုံဝယ် ထင်ထင်ရှားရှား ပြန်လည်ပေါ်ပေါက်လာသည်။ ထို့ကြောင့် များစွာ ကျေနပ်မိပါသည်။ လူတို့သည် ဘေးဒုက္ခအန္တရာယ်နှင့် ကြုံတွေ့ရသောအခါ ခံနိုင်ရည်ရှိမှု၊ အကောင်းအဆိုးအမှားအမှန် ပိုင်းခြားနိုင်မှု၊ သတ္တိရှိမှုများသည် မည်မျှ အရေးကြီးကြောင်း သိရှိနားလည်ရပါသည်။ ထိုအရည်အချင်းများနှင့် ပြည့်စုံအောင်လည်း ဘေးဒုက္ခအန္တရာယ်များက လေ့ကျင့်သင်ကြားပေးပါသည်။

mgyoe.com

mgyoe.com

ကြုံခဲ့ရသည့် အဖြစ်အပျက်များကို ကျေနပ်နှစ်သိမ့်စွာဖြင့် လည်းကောင်း၊ ဂုဏ်ယူစွာဖြင့် လည်းကောင်း၊ ရယ်စရာအဖြစ်ဖြင့် လည်းကောင်း၊ ရှက်ခြင်း၊ ဒေါသဖြစ်ခြင်း၊ ရွံရှာမုန်းတီးခြင်း၊ ဝမ်းနည်းကြေကွဲခြင်းတည်း ဟူသော ခံစားမှုမျိုးစုံတို့ဖြင့် လည်းကောင်း ပြန်လည် သတိရမိပါသည်။ စိတ်သန္တာန်ဝယ် ပြန်လည်တွေးထင်မိပါသည်။

ထိုအချိန်များက ကြုံခဲ့ရသည့် ဘေးဒုက္ခများကြောင့် ရင့်ကျက်မှု ရရှိလာကာ ယခုအချိန်တွင် ကျင့်သားရပြီး ခံနိုင်ရည်ရှိသူ တစ်ဦးလည်း ဖြစ်လာပါသည်။ ထို အတွက်လည်း စိတ်ချမ်းသာမိပါသည်။

အရေးပါသည့် ကြီးကျယ်သော အရေးအခင်းများ ဖြစ်သည်ဟု ယုံကြည်ခဲ့သမျှ တို့ကို ဤစာအုပ်တွင် ထည့်သွင်းရေးသားခဲ့ပါသည်။ ထိုအရေးပါသော ကြီးကျယ်သည့် အဖြစ်အပျက်များသည် ယနေ့ထက်တိုင်အောင်လည်း ကျွန်ုပ်၏ ဘဝနှင့်အတူ ကပ်ပါနေသည်ကိုပါ တွေ့ ရှိရပြန်ပါသည်။ သို့သော်လည်း နှစ်ကာလပေါင်းများစွာ ကွာဝေးလာပြီ ဖြစ်သောကြောင့် ယခုအချိန်မှ ပြန်လည် မှန်းဆကြည့်သော် ခပ်ရေးရေး မျှသာ မြင်တွေ့နိုင်သော အကြောင်းအရာတို့သည်လည်း အမြောက်အမြား ဖြစ်ပါ သည်။

ကျွန်ုပ်သည် အရေးပါအရာရောက်သည့် ပုဂ္ဂိုလ်ပေါင်းများစွာတို့နှင့် ဆက်သွယ် ခွင့်၊ ရင်းနှီးခွင့်၊ တွေ့ဆုံဆွေးနွေးခွင့်များ ရရှိခဲ့သဖြင့်လည်း ကြည်နူးမှုကို ခံစားခဲ့ရပါ သည်။

ဖြစ်ပွားပေါ်ပေါက်သော ကြီးကျယ်သည့် အရေးအခင်းကြီးများထဲမှ မပြောပ လောက်သည့် သေးငယ်သော အချက်အလက်ကလေးများကို ရှာဖွေကြည့်ရှုတတ်သည့် အကျင့်ကို စစ်ကြီးအတွင်းက ကျွန်ုပ် ရရှိခဲ့ပါသည်။

ဤစာအုပ်၏ ပထမဆုံးအခန်းတွင် စစ်တိုက်ရန် ရောက်ရှိလာကြသည့် အမေ ရိကန် စစ်သားများနှင့် တရုတ်များ၊ အိန္ဒိယလူမျိုးများ၊ မသင့်မြတ်မှုကို ထည့်သွင်း ရေးသားခဲ့သည်။ ကမ္ဘာစစ်ကြီးတွင် ပါဝင်တိုက်ခိုက်ရန် စစ်ထွက်လာသည့်အကြောင်း သည် ကြီးကျယ်သည့်အကြောင်း ဖြစ်သည်။ ထိုကြားထဲက ဒေသခံပြည်သူများနှင့် မသင့်မြတ်သည့်အကြောင်းသည် သေးငယ်သောအကြောင်း ဖြစ်သည်။ သို့သော် သေးငယ်သော အကြောင်းသည် မည်မျှအရေးကြီးကြောင်း နောင်သောအခါကျမှ သဘောပေါက် နားလည်ကြမည် ဖြစ်ပါသည်။

ထို့ကြောင့်လည်း သေးငယ်သော အဖြစ်အပျက်များပင် ဖြစ်လင့်ကစား အရေး တယူဖြင့် ကျွန်ုပ် မှတ်တမ်းတင်ခဲ့သည်။ သွားလေရာပါသည့် မှတ်တမ်းစာအုပ်ထဲမှာ

mgyoe.com

 mgyoe.com

ရေးမှတ်ခဲ့သည်။ ထို့ကြောင့်လည်း သေးငယ်သည့် အကြောင်းအရာကလေးများပါ မကျန် ပြည့်ပြည့်စုံစုံ ရေးသားနိုင်ခဲ့ခြင်း ဖြစ်ပါသည်။

ကျွန်ုပ်သည် ကြီးမားသည့် နိုင်ငံရေး အပြောင်းအလဲကြီးများကိုသာ အာရုံစိုက် လေ့လာခြင်းထက် ထိုနိုင်ငံရေး ပြောင်းလဲမှုကြီးများ ဖြစ်ပေါ်စေသည့် သေးငယ်သော အကြောင်းအရာကလေးများကို အထူးပြု အာရုံစိုက် လေ့လာခဲ့သည်။ တိုင်းတစ်ပါး မြေပေါ်သို့ ရောက်လာသည့် အမေရိကန် လူဖြူလူမည်းတို့နှင့် ဒေသခံ တရုတ်လူမျိုး များ၊ အိန္ဒိယလူမျိုးများ၏ ဆက်ဆံရေးကို လေ့လာခဲ့သည်။ ထိုဆက်ဆံရေးများမှ တစ်ဆင့် ပြောင်းလဲဖြစ်ပေါ်လာသည့် နိုင်ငံရေးများကို လေ့လာခဲ့သည်။

ထိုလူမှုရေးများကို အခြေခံပြီး ဖြစ်ပွားပေါ်ပေါက်ခဲ့သည့် အမျိုးသားရေးများ၊ အာဏာလုမှုများ၊ ကြီးကျယ်သည့် နိုင်ငံရေး အပြောင်းအလဲများ၊ လူမျိုးရေး ခွဲခြားမှုများ၊ လူမျိုးစုတို့၏ ယဉ်ကျေးမှုများ၊ ဘာသာရေးများ စသည်တို့ကို အထူးအာရုံစိုက် လေ့ လာခဲ့သည်။

သို့ကလို လူမှုရေးနှင့် ဆက်နွယ်သည့် နိုင်ငံရေးများကို သတင်းစာဆရာဘဝဖြင့် ၂၅ နှစ်တိုင်တိုင် အပတ်တကုတ် လေ့လာပြီးသောအခါတွင် သတင်းစာလောကကို ကျွန်ုပ် ကျောခိုင်းခဲ့ပါသည်။ သတင်းစာလောကကို ကျောခိုင်းကာ ပညာရေး ဒလာက တွင်းသို့ ဝင်ရောက် ခြေချခဲ့သည်။ မိမိဆည်းပူးခဲ့သည့် အတွေ့အကြုံများကို လွတ်လပ် စွာ ပြန်လည် တွေးတောရင်း စာပေရေးသားနိုင်သည့်ဘဝသို့လည်း ရောက်ရှိခဲ့ပါ သည်။ ထို့ကြောင့်လည်း **"ကျွန်ုပ်တို့၏ စိတ်တွင် စွဲထင်နေသော ခြစ်ရာများ၊ တရုတ်ပြည်နှင့် အိန္ဒိယပြည်တွင် ထင်ခဲ့သော အမေရိကန်တို့၏ အရိပ်များ"** ဟူသော စာအုပ်ကို ရေးသားနိုင်ခဲ့သည်။ စစ်အတွင်းက အတွေ့အကြုံများကို ပြန်လည် ရေးသားခြင်း ဖြစ်သည်။

လူဖြူလူမည်း အမေရိကန်များနှင့် အနောက်အာဖရိကမှ အာဖရိက လူမျိုးများ တွေ့ဆုံပုံ၊ အမေရိကန် နီးဂရိုးတို့၏ ဘဝပြောင်းလဲလာပုံ၊ အိန္ဒိယတွင် ဇာတ်နိမ့်သူတို့ ပေါ်ပေါက်လာပုံ၊ ဂျူးလူမျိုးများ သီးခြားနိုင်ငံ ထူထောင်လာပုံ၊ အရှေ့တောင်အာရှ ပြည်သူများ ကိုလိုနီ ထမ်းပိုးအောက်မှ လွတ်မြောက်လာပုံ၊ ဂျပန်ပြည်ကြီး အင်ပါယာ နိုင်ငံဘဝမှ လျှောကျသွားပုံများကို အနုစိတ် လေ့လာနိုင်ခဲ့ပါသည်။

ထို့ပြင် ကျွန်ုပ်နှင့် ခေတ်ပြိုင်ဖြစ်သော လူငယ်တို့၏ အကြောင်းများကိုလည်း လေ့လာရေးသားနိုင်ခဲ့သည်။ လူငယ်တို့၏ အရေးကြီးသော အခန်းကဏ္ဍများကိုလည်း

mgyoe.com

mgyoe.com

သုံးသပ်နိုင်ခဲ့သည်။ လွန်ခဲ့သော နှစ်ပေါင်းများစွာက အာသာကော့စလာ ရေးသည့် စာအုပ်တစ်အုပ်ကို ဝေဖန်ခဲ့သည့် ကျွန်ုပ်၏ ဝေဖန်ချက်ထဲမှ စာတစ်ကြောင်းကို ပြန်လည် သတိရနေပါသေးသည်။

"အမြဲတမ်း စဉ်းစားနေသည့် တိုးတက်သော ခေတ်ပညာတတ် တော်လှန်ရေးသမား ဖြစ်သော်ငြားလည်း ယခု ဘာကို စဉ်းစားရမှန်း မသိတော့သူ" ဟု ကျွန်ုပ် ဝေဖန်ခဲ့ဖူးသည်။ ယခု အမှာစာရေးချိန်တွင် ကျွန်ုပ်တို့သည် အသက်ကြီးရင့်လာကြပြီ ဖြစ်သောကြောင့် လူငယ်တော်လှန်ရေးသမားများ မဟုတ်တော့ပါ။

အမျိုးသားရေး ပြဿနာ၊ လူတန်းစား ပဋိပက္ခ၊ အတ္တကောင်းကျိုး၊ အာဏာ အစရှိသည်တို့၏ စူးရှချွန်ထက်သော အချွန်အတက်များ၊ အစွန်းများကို ထိတွေ့ စမ်းသပ်မိရာမှ သမိုင်း၏ အစဉ်အလာများကို သဘောပေါက် နားလည်လာခဲ့သည်။ ရွေ့လျားပြောင်းလဲလာသော သမိုင်းကြောင်းအစဉ်နှင့် ပတ်သက်၍ မည်သို့ သဘောထားရမည်ကို နားလည်လာခဲ့သည်။

ဤကမ္ဘာတွင် စူးစမ်းရှာဖွေလေ့လာရန် အကြောင်းအရာများ မြောက်မြားစွာ ရှိပါသည်။ အထူးသဖြင့် ယခုအချိန်တွင် စီးပွားရေးနှင့် ပတ်သက်ပြီး ဆိုးဝါးသည့် အဆုံးအဖြတ်များ၊ လူတန်းစား ပြဿနာများ၊ အရှုပ်အထွေး ပေါင်းစုံတို့ဖြင့် ရောပြွမ်းနေသည့် ပတ်ဝန်းကျင်များ၊ ပဋိပက္ခများ၊ လူသားတို့၏ မြားမြောင်လှသည့် အတွေ့အကြုံများကို လေ့လာရန် အရေးကြီးလာပါသည်။

ဤစာအုပ်ကို ရေးရာတွင် အရှုံးနှင့်အမြတ်ကို တစ်ပြိုင်တည်း ခံစားနေရပါသည်။ အကြောင်းအရာ တစ်ခုကို ရိုးရိုးသားသား ရေးလျှင် အငြင်းပွားစရာ ဖြစ်လာသည်။ ရှုပ်ရှုပ်ထွေးထွေး အမြင်ဖြင့် ရေးလျှင် စောဒကတက်မည့်သူပင် မရှိ။

ယခင် နှစ်ပေါင်း ၂၀ ကျော်က ရေးခဲ့သည့် စာကြောင်းများကို ပြန်ဖတ်ကြည့်သော အခါ ဒေါသစိတ်ဖြင့် ရေးခဲ့သည်များကိုလည်း ပြန်လည်မြင်တွေ့နေရသည်။ ထို စာကြောင်းများကို ယခု ပြန်ရေးမည်ဆိုလျှင် တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားဖွယ်ရာလည်း ရှိသည်။ မည်သို့ပင်ဆိုစေ ထိုစဉ်က ထိုသို့ ရေးခဲ့မိသည်ကို ဝမ်းမနည်းပါ။ အသက်ငယ်သည့်အတွက် လူငယ်စိတ်သာ ရှိခဲ့ပေမည်။ ယခု အသက်ကြီးလာသောအခါ ငယ်စဉ်က အကြောင်းများကို ပြန်လည် ဝမ်းနည်းနေ၍ ဖြစ်နိုင်တော့မည် မဟုတ်ပါ။

ဤစာအုပ်ကို ရေးသားခဲ့သူသည် မိမိသာလျှင် ဖြစ်ချေသည်တကားဟု စိတ်အတွင်း၌ ခံစားနေရသည့် အကြောင်းကိုလည်း ယခု အမှာစာ နိဂုံးမချုပ်မီ ဖော်ပြလိုပါသည်။

mgyoe.com

mgyoe.com

ဤစာအုပ်ကို ရေးသားသူနှင့် ကျွန်ုပ်သည် အမှန်တကယ်ပင် ရင်းနှီးနေသည်ဟု လည်း ခံစားရပါသည်။ အမှန်တကယ် ဖြစ်ပျက်ခဲ့သည်တို့ကို အဖြစ်အတိုင်း လက်မခံ နိုင်အောင်လည်း ခံစားနေရပြန်ပါသည်။ သို့သော် အမှန်ဖြစ်သည်တို့ကို လက်မခံဘဲ မည်သို့နေနိုင်ပါမည်နည်း။ မိမိ တွေ့ကြုံခဲ့ရသည်များထက် ပို၍ ဘာများသိသနည်း ဟုလည်း မိမိကိုယ်မိမိ မေးခွန်းထုတ်မိပါသည်။ ယခင်က ရေးသားနိုင်ခဲ့သည့် အချက် အလက်များထက် ပို၍လည်း ဘာကိုမျှ ရေးစွမ်းနိုင်ကြောင်း မရှိတော့သည်ကိုလည်း ဝန်ခံအပ်ပါသည်။

ဤစာအုပ် ရေးသားရာတွင် ကူညီကြသည့် မြေးမကလေးများ ဖြစ်ကြသော ဂျယ်နီနှင့် ကေတီကို လည်းကောင်း၊ ဇနီးဖြစ်သူ ဗိုင်အိုလာ အာအိုက်ဇက်ကို လည်း ကောင်း ကျေးဇူးတင်ကြောင်း ထပ်မံဖော်ပြအပ်ပါသည်။

ဟာရီးအာအိုက်ဇက်
ကိန်းဘရစ်၊ မက်ဆာချူးဆက်။
အောက်တိုဘာ ၂၀၊ ၁၉၆၆။

mgyoe.com

mgyoe.com

နိဒါန်း

အာရှတိုက်မှာ မငြိမ်းချမ်းနိုင်ပါ။ ဂျပန်တို့ စစ်ရှုံးပြီးချိန်မှစ၍ ဤကမ္ဘာမြေပေါ်တွင် ဤတစ်ဖက်စွန်းမှ အခြားသော တစ်ဖက်စွန်းသို့ တိုင်အောင် နေရာအနှံ့အပြားတို့၌ သေနတ်သံများ စီစီညံခဲ့သည်။ နိုင်ငံတိုင်းတွင် နိုင်ငံရေးနှင့် လူမှုရေး ပြဿနာများ၊ မတူကွဲလွဲမှုများ၊ ဒေါသအမျက်ခြောင်းခြောင်းထွက်မှုများ၊ မကျေနပ်မှုများ၊ အလိုဆန္ဒမပြည့်ဝမှုများ ရောပြွမ်းရှုပ်ထွေးလျက် ရှိသည်။ တရုတ်ပြည်တွင် ပြည်တွင်းစစ်သည် လည်းကောင်း၊ အင်ဒိုချိုင်းနားနှင့် အင်ဒိုနီးရှားတွင် အမျိုးသားစစ်ပွဲတို့သည် လည်းကောင်း၊ အိန္ဒိယပြည်တွင် အဓိကရုဏ်းများနှင့် တော်လှန်ပုန်ကန်မှုများသည် လည်းကောင်း၊ ကိုရီးယားနှင့် ဖိလစ်ပိုင်နိုင်ငံများတွင် နိုင်ငံရေး ပဋိပက္ခများသည် လည်းကောင်း အတောမသတ်နိုင်အောင် ဖြစ်ပွားပေါ်ပေါက်လျက် ရှိသည်။ ဤကမ္ဘာ၏ နေရာဒေသအသီးသီးတွင် အငတ်ဘေးများ၊ အခြေအနေ ရှုပ်ထွေးမှုများနှင့် စီးပွားပျက်ကပ်များ ဆိုက်ရောက်လျက် ရှိသည်။

ယင်းသို့သော အခြေအနေများသည် ကြီးမားသည့် ပစိဖိတ်စစ်ပွဲကြီးကြောင့် မလွှဲမရှောင်နိုင်ဘဲ ဖြစ်ပွားပေါ်ပေါက်ခဲ့ရခြင်းဖြစ်သည်ဟု အလွယ်ပြောနိုင်ပါသည်။ သို့သော်လည်း ပစိဖိတ်စစ်ပွဲထက် ပိုမို အရေးကြီးသည့်အကြောင်းများ ရှိသေးသည်။ စစ်ဟူသည်မှာ ဆိုးဝါးသော အဖြစ်ဆိုးကြီး တစ်ခုသာလျှင် ဖြစ်သည်။ တစိုက်မတ်မတ် ဖြစ်ပွားနေသည့် ပဋိပက္ခများက တစ်ဆင့် ပေါက်ကွဲထွက်ပေါ်လာသော အဖြစ်ဆိုးသာလျှင် ဖြစ်သည်။

mgyoe.com

အာရှတိုက်မှာ မငြိမ်းချမ်းနိုင်ပါ။ အဘယ့်ကြောင့်ဆိုသော် စစ်ဟူသော အဖြစ်ဆိုးသည် ဘာတစ်ခုကိုမျှ ဖြေရှင်းပေးနိုင်စွမ်း မရှိသောကြောင့် ဖြစ်သည်။ ထိုကြားထဲကပင် အာရှတိုက်ကြီး တစ်ခုလုံးကို အုပ်စိုးသိမ်းပိုက်နိုင်ရန်အတွက် ဂျပန်တို့က စစ်တစ်ခုကို ဆင်နွှဲလိုက်ကြသေးသည်။

သန်းပေါင်းများစွာသော ပြည်သူတို့သည် နိုင်ငံရေး လွတ်လပ်မှုရရန်အတွက် ရုန်းကန်လှုပ်ရှားမှုများကို ယခင်ကလည်း ပြုလုပ်ခဲ့ကြရသည်။ ယခုလည်း ဆက်လက် ရုန်းကန်ကြရပေဦးမည်။

သန်းပေါင်းများစွာသော ပြည်သူတို့သည် ခေတ်နောက်ကျမှု၊ မဖွံ့ဖြိုးမတိုးတက်မှုနှင့် ငတ်မွတ်ခေါင်းပါးမှုများအကြားမှ လွတ်မြောက်ရန် ယခင်ကလည်း ရုန်းကန်တိုက်ပွဲဝင်ခဲ့ကြရ၏။ ထိုနည်းတူစွာ ယခုလည်း ဆက်လက် ရုန်းကန်တိုက်ပွဲဝင်ကြရပေဦးမည်။

ပစိဖိတ်စစ်ပွဲကြီးသည် ကမ္ဘာစစ်ကြီး တစ်ခုကဲ့သို့ပင် လူသားတို့၏ အသက်ပေါင်းများစွာတို့ကို သေကျေပျက်စီးစေခဲ့သည်။ လယ်ယာ အိုးအိမ် စည်းစိမ်ချမ်းသာတို့ကို ပြုတ်ပြုတ်ပြုန်းစေခဲ့သည်။ ထိုသို့သော သေကျေဆုံးရှုံးမှုများမှတစ်ပါး မည်သည့် တိုးတက်မှု၊ ဆန်းသစ်မှုကိုမျှ လူသားများအတွက် စွမ်းဆောင်ပေးနိုင်ခြင်း မရှိခဲ့ချေ။ သန်းပေါင်းများစွာသော ပြည်သူတို့သည် မရှုမလှ သေပွဲဝင်ခဲ့ကြရပြီး မသေကြွင်းကျန်နေသူများကလည်း အသက်ရှင် ရပ်တည်နိုင်ရေးအတွက်၊ သာယာဝပြောသော လူ့ဘောင်ကြီး တည်ဆောက်နိုင်ရေးအတွက် နည်းလမ်းကို ရှာဖွေနေကြရရှာသည်။

မျက်မှောက်ကာလ ကမ္ဘာ့ရုပ်ပုံလွှာကိုကြည့်လျှင် ဤသို့သာ မြင်ရပေသည်။

အာရှတိုက်သည် ဤကမ္ဘာ၏ အခြမ်းတစ်ခြမ်းလို ဖြစ်နေသည်။ ယင်းကမ္ဘာ တစ်ခြမ်းသော အာရှတိုက်သည် အမေရိကန်ပြည်သူအားလုံးတို့အတွက် အရေးပါအရာရောက်လှပါသည်။ ဤသို့ အရေးပါအရာရောက်သည်ကို အမေရိကန် အများစုတို့က သဘောပေါက် လက်ခံနိုင်ခြင်း မရှိခဲ့ကြချေ။

မဖြေရှင်းနိုင်သည့် တရုတ်လယ်သမား ပြဿနာများသည် လည်းကောင်း၊ မလေးကူလီတို့၏ ပြဿနာများသည် လည်းကောင်း အမေရိကန် စစ်သားပေါင်းများစွာတို့ကို အာရှတိုက်၏ ချောင်ကျလှသော နေရာဒေသများတွင် ပင်ပန်းတကြီး စစ်တိုက်ရင်း သေပန်းပွင့်စေသည့် ပြဿနာများပင် ဖြစ်ကြောင်း လွန်ခဲ့သည့် နှစ်ပေါင်းအနည်းငယ်ခန့်ကမှ အမေရိကန်အချို့တို့ သဘောပေါက် နားလည်ခဲ့ကြလေသည်။

mgyoe.com

mgyoe.com

ထိုပြဿနာများကို အကြောင်းပြုပြီး အမေရိကန် ပြည်ထောင်စုရှိ ပြည်နယ်ပေါင်း မြောက်မြားစွာတို့မှ အမေရိကန် စစ်သားများသည် အာရှတိုက်ရှိ စစ်မြေပြင်များသို့ ရောက်လာကြရသည်။ ပစိဖိတ် စစ်မြေပြင်သို့ ရောက်လာကြရသည်။ သို့ကလို ရောက်လာခြင်းသည်လည်း သေပန်းပွင့်ရန် ရောက်လာခြင်းမှတစ်ပါး အခြား မည်သည့် အကြောင်းမျှ မရှိချေ။ အမှန်တကယ်လည်း သေပန်းပွင့်ခဲ့ကြရပါသည်။

ဤအဖြစ်အပျက်တို့သည် ပုလဲဆိပ်ကမ်းကို ဂျပန်တို့ စတင်တိုက်ခိုက်သည့် အတွက် အစပျိုးခဲ့ခြင်း မဟုတ်ပေ။ ထိုနည်းတူစွာ လက်နက်ချ အရှုံးပေးကြောင်း အမေရိကန် စစ်သင်္ဘော မစ်ဆိုရီပေါ်တွင် ဂျပန်တို့ လက်မှတ်ရေးထိုးသည်ကိုလည်း အကြောင်းပြုခြင်း မဟုတ်ပါ။ ဂျပန်တို့ သစ္စာဖောက်ကာ နယ်ချဲ့ကျူးကျော်ရာမှ စတင် ဖြစ်ပွားလာခြင်း ဖြစ်လေသလောဟုလည်း မေးခွန်းထုတ်ရန် မလိုပါ။

လွန်ခဲ့သည့် နှစ်ပေါင်း ၁၅၀ ခန့်ကတည်းက အစပျိုး တည်ရှိခဲ့သည့် မီးပွား ဖြစ်သည်။ တစ်နည်းဆိုရသော် အာရှတိုက်၏ ချမ်းသာကြွယ်ဝသော သယံဇာတ ပစ္စည်းများကို အနောက်နိုင်ငံကြီးများက အာသာတငမ်းငမ်းဖြင့် လိုချင်ရမ္မက်ကြီးခဲ့ရာမှ အစပျိုးခဲ့သော ပြဿနာများ ဖြစ်သည်။

အရင်းအမြစ်ကို တူးဖော်ရမည်ဆိုလျှင် အရုပ်ဆိုး အကျည်းတန်လှသော အတိတ် သမိုင်းကြောင်းများကို ပြန်၍ လှန်လှောရတော့မည် ဖြစ်သည်။ အင်ပါယာချဲ့ထွင်လိုမှု၊ ကျေးကျွန်ပိုင်ဆိုင်လိုမှုအကြောင်းများကို ပြန်ပြောင်းဆန်းစစ်ရတော့မည် ဖြစ်သည်။

နယ်မြေနှင့် ကျေးကျွန်ကို တန်ခိုးကြီးနိုင်ငံအချင်းချင်း ယှဉ်ပြိုင်လုခဲ့သည့် အကြောင်းများကို ပြန်လည်ဖော်ထုတ်ရတော့မည် ဖြစ်သည်။ ကျွန်အပြုခံ၊ အဖိနှိပ်ခံ ပြည်သူတို့သည် ကျွန်သပေါက်ဘဝမှ လွတ် မြောက်ရေး၊ ကိုယ့်ကြမ္မာကိုယ် ဖန်တီး ခွင့်ရရေးအတွက် တိုက်ပွဲဝင်ခဲ့ကြသည့် အကြောင်းများကို ပြန်ပြောင်းသတိရ ရတော့မည် ဖြစ်သည်။

လွန်ခဲ့သည့် ဆယ်စုနှစ်ပေါင်းများစွာကတည်းက အင်အားကြီးနိုင်ငံတို့ မျိုးစေ့ချခဲ့သည့် ဘေးဒုက္ခများသည် ယခုအချိန်တွင် ပေါက်ကွဲလာခြင်းသာလျှင် ဖြစ်သည်။ ထို့ကြောင့် ဤဘေးဒုက္ခတို့သည် ဂျပန်က စစ်စတိုက်ခြင်းနှင့် လုံးဝ မသက်ဆိုင်သလို ဂျပန် လက်နက်ချ အရှုံးပေးခြင်းနှင့်လည်း မည်သို့မျှ သက်ဆိုင်ခြင်း မရှိချေ။

အမေရိကန် ပြည်ထောင်စုသည်လည်း ဤသမိုင်း၏ ဖြစ်ရပ်များတွင် တစ်စိတ် တစ်ပိုင်း ပါဝင်ပတ်သက်ခဲ့သည်။ ထိုအကျိုးဆက်များမှ ဖြစ်ပေါ်လာမည့် အကြောင်း

mgyoe.com

တရားများကို အမေရိကန်သည်လည်း တာဝန်ခွဲဝေယူရမည်သာ ဖြစ်သည်။ ဂိုဏ်းဂဏ စစ်ပွဲကြီးသဖွယ် ဖြစ်ပွားခဲ့သည့် ယင်းအဖြစ်အပျက်တို့သည် နှစ်ကာလ ရှည်လျားလွန်းလှပါသည်။ ယနေ့တိုင်အောင်လည်း ပြီးဆုံးနိုင်ခြင်း မရှိသေး။ ကျွန်ုပ်တို့ ချီတက်နေသည့် ခရီးလမ်းဆုံးသည်လည်း ယနေ့တိုင်အောင် မရောက်ရှိနိုင်သေး။

ဤပြဿနာသည် အလွန်တရာ ကြီးကျယ်ပြီး ရှုပ်ထွေးလွန်းလှသည်။ ထို့ကြောင့် အလွယ်တကူနှင့် ဖြေရှင်း၍ ရနိုင်ဦးမည် မဟုတ်သေးချေ။ အဖြစ်အပျက်တို့သည် ရှုပ်ထွေးသည်မှာ မှန်သော်လည်း အနှစ်သာရပိုင်းအနေဖြင့်မူ အလွန်တရာ ရှုပ်ထွေးလွန်းလှသည်ဟု မဆိုနိုင်ပါ။

အာရှတိုက်တွင် ပြည်သူကုဋေကုဋာတို့ နေထိုင်လျက် ရှိကြသည်။ သူတို့နေထိုင်သည့် မြေပြင်သည် သယံဇာတ ပေါကြွယ်သည့် မြေအပြင် ဖြစ်သည်။ ထိုသို့ သယံဇာတ ပေါကြွယ်သော မြေပြင်အပေါ်တွင် နေထိုင်ကြရလင့်ကစား သူတို့ခမျာမှာ အလွန်တရာမှ ဆင်းရဲနွမ်းပါးရှာကြသည်။ အလွန်တရာမှ ခေတ်နောက်ကျရှာကြပါသည်။

လွန်ခဲ့သည့် ရာစုနှစ်များကတည်းက အနောက်နိုင်ငံတို့သည် အာရှတိုက်ကို အဆီစား အသားမျိုခဲ့ကြသည်။ ဈေးပေါသော အလုပ်သမားများ၏ လုပ်ခများအပေါ်တွင် ခေါင်းပုံဖြတ်ခဲ့ကြသည်။ ယခု လောလောဆယ်မှာပင်လျှင် ဂျပန်နိုင်ငံသည်လည်း အာရှနိုင်ငံများ၏ အဆီကို စား၍ အသားကိုမျိုရန်၊ အလုပ်သမားများ၏ လုပ်အားကို လက်ဝါးကြီးအုပ်ရယူရန် ကြိုးပမ်းလာပြန်သည်။ အင်အားကြီးနိုင်ငံတို့သည် ကိုယ်ထိလက်ရောက် ပြုလုပ်ခွင့် မကြုံသေးသော်လည်း အကြောင်းပေါ်လျှင် အဆင်သင့်ဝင်နိုင်ရန်အတွက် အကွက်ကိုသာ ချောင်းမြောင်းနေခဲ့ကြသည်။

သွေးစုပ်လိုသူတို့သည် အာရှမြေပေါ်မှာ အာရှတိုက်သားများနှင့် အကြိမ်ကြိမ် စစ်ခင်းခဲ့ကြသည်။ ကုပ်သွေးစုပ်လိုသူ သူတို့ အချင်းချင်းလည်း ဤမြေပေါ်မှာပင် စစ်မြေပြင် စစ်တလင်းအဖြစ် စစ်ခင်းခဲ့ကြသည်မှာ အကြိမ်ပေါင်း များပြားလှပါပြီ။ အာရှတိုက်၏ သယံဇာတပစ္စည်းများကို ရရှိနိုင်ရေး၊ ဈေးကွက်ချဲ့ထွင်နိုင်ရေးအတွက် အင်အားကြီး နိုင်ငံတို့သည် အဆက်မပြတ်ပင် အားပြိုင်မှုများ ပြုလုပ်ခဲ့ကြသည်။

လူမျိုးပေါင်းစုံသည် အုပ်စုလိုက်ဖွဲ့ကာ ဝင်ရောက်လာကြပြီး သူတို့ အကျိုးစီးပွားရှိရေးအတွက် လောဘဇောတိုက်ခဲ့ကြသည်။ ကြောက်မက်ဖွယ်ကောင်းသော သူတို့၏ အားပြိုင်မှုများသည် တစ်စထက်တစ်စ ပိုမို ပြင်းထန်လာကြသည်။

mgyoe.com

mgyoe.com

နောက်ဆုံး ကုန်သွယ်ရေးနည်းဖြင့် ယှဉ်ပြိုင်ခြင်းကိုပင် မပြုနိုင်တော့ဘဲ လက်နက်စွဲကိုင်ကာ စစ်မက်ဖက်ပြိုင် တိုက်ခိုက်ကြသည်အထိ ဖြစ်လာတော့သည်။ ထိုသို့သော စစ်ပွဲများကိုလည်း အာရှမြေပေါ်မှာပင် ခင်းကျင်းကြခြင်း ဖြစ်လေသည်။

ထိုသို့သော အားပြိုင်တိုက်ခိုက်မှုများ၊ ဈေးကွက်လုမှုများ၊ လောဘဇောတိုက်မှုများကြောင့် အာရှပြည်သူများခမျာမှာ အဖြစ်ဆိုး၊ ဘဝဆိုး၊ ကံကြမ္မာဆိုးများအတွင်းမှ ရုန်းမထွက်နိုင်အောင် ဖြစ်ခဲ့ကြရလေသည်။ သူတို့၏ ရင်မှာ အမြစ်တွယ် ပေါက်ဖွားလာသည့် အမျိုးသားရေး စိတ်ဓာတ်များလည်း အမှုန့်ချေ ဖျက်ဆီးခြင်းကို ခံခဲ့ကြရလေတော့သည်။

ထို့ကြောင့်လည်း စီးပွားရေးတွင် ကမ္ဘာ့ပြည်သူများနှင့် မည်သို့သောအခါတွင်မှ ပခုံးချင်းယှဉ် ရင်ပေါင်တန်းနိုင်ကြတော့မည် မဟုတ်ချေ။ သူတို့၏ ရှေးကျသော ရိုးရာဓလေ့၊ ခေတ်မမီတော့သည့် လူမှုဆက်ဆံရေး ဘဝများအတွင်းမှာသာ နစ်မွန်းနေကြရတော့မည် ဖြစ်သည်။

အာရှပြည်သူများထဲမှ အလားအလာရှိသူများကိုလည်း နယ်ချဲ့နိုင်ငံကြီးများက သူတို့၏ လက်သုံးတော်အဖြစ်သာလျှင် အသုံးချခဲ့သည်။ အဆီကိုစား အသားကိုမျိုရာတွင် သော်လည်းကောင်း၊ ခေါင်းပုံဖြတ်ရာတွင် သော်လည်းကောင်း လက်နက်ကိရိယာများအဖြစ်နှင့်သာလျှင် သဘောထားခဲ့သည်။

သည်လိုဖြင့် အာရှတိုက်သည် ကြွယ်ဝချမ်းသာသည်မှာ မှန်သော်လည်း အာရှပြည်သူများအတွက် ကြွယ်ဝချမ်းသာခြင်း မဟုတ်တော့ချေ။ ခေါင်းပုံဖြတ်လိုသူ၊ ကုပ်သွေးစုပ်လိုသူ၊ တန်ခိုးအာဏာ ကြီးထွားလိုသူအချင်းချင်း စစ်မက်ဖက်ပြိုင်ရာ နယ်မြေဘဝမှ လွတ်မြောက်နိုင်ခြင်း မရှိခဲ့။

ရာနှင့်ချီသော နှစ်ပေါင်းများစွာ အချိန်ကြာမြင့်အောင် စစ်ပွဲတို့သည် အသွင်အမျိုးမျိုးဖြင့် ဖြစ်ပွားခဲ့ကြလေသည်။ နယ်ချဲ့အချင်းချင်း ဆင်နွှဲသည့် စစ်ပွဲများ၊ နယ်ချဲ့နှင့် နယ်အချဲ့ခံပြည်သူတို့ ဆင်နွှဲရသည့် စစ်ပွဲများ၊ ဒေသခံ ပြည်သူအချင်းချင်း ဆင်နွှဲရသည့် စစ်ပွဲများ၊ စသည်ဖြင့် စစ်ပွဲပေါင်း မြောက်မြားစွာတို့သည် ဈေးကွက်ကို အကြောင်းပြု၍ လည်းကောင်း၊ နိုင်ငံရေးကို အကြောင်းပြု၍ လည်းကောင်း၊ တန်ခိုးအာဏာကို အကြောင်းပြု၍ လည်းကောင်း ဖြစ်ပွားခဲ့ကြရသည်။ နောက်ဆုံး ၁၉၄၀–၄၅ ခုနှစ်တွင် ဖြစ်ပွားသည့် ကမ္ဘာစစ်ကြီးကဲ့သို့သော ကြီးမားသည့် စစ်ပွဲကြီးကိုပင် အာရှမြေပေါ်မှာ ခင်းကျင်းကြလေတော့သည်။

mgyoe.com

mgyoe.com

ထို့ကြောင့်လည်း အာရှတိုက်မှာ ငြိမ်းချမ်းရေး မရနိုင်တော့ပါ။ သွေးပင်လယ်ဝေစေသည့် စစ်တစ်ခု ပြီးဆုံးခြင်းသည် နောက်ထပ် ဖြစ်ပွားဦးမည့် သွေးပင်လယ်ဝေမည်ဖြစ်သော စစ်တစ်ခုကို ငံ့လင့်ကြိုဆိုခြင်းသာလျှင် ဖြစ်လေသည်။ စစ်တစ်ခု ပြီးဆုံးသွားသည် ဆိုသော်လည်း ကောင်းမွန်သည့် အနာဂတ်ရေးကို မမျှော်မှန်းနိုင်ခဲ့ကြ။

အာရှတိုက်၏ မြောက်ပိုင်းသည် အမေရိကန်နှင့် ဂျပန်တို့ အင်အားဖက်ပြိုင်ရာနယ်မြေဖြစ်ရာမှ အမေရိကန်နှင့် ရုရှားတို့ အင်အားချင်း ပြိုင်ဆိုင်ရာ နယ်မြေအဖြစ်သို့ ကူးပြောင်းရောက်ရှိလာပြန်သည်။

အာရှတောင်ပိုင်း နိုင်ငံများတွင်လည်း ဗြိတိသျှနှင့် အခြားအင်အားကြီးနိုင်ငံများ၏ ကိုလိုနီနယ်မြေအဖြစ် ပြန်လည်သိမ်းယူခြင်းကို ခံလိုက်ကြရပြန်သည်။ သည်လိုဖြင့်ပင် အာရှနိုင်ငံများ၊ ခေတ်နောက်ကျသည့် အာဖရိကနိုင်ငံများ၊ အင်အားသေးသည့် ဥရောပမှ နိုင်ငံငယ်များသည် ကမ္ဘာ့အင်အားကြီးနိုင်ငံတို့ တန်ခိုးအာဏာ ယှဉ်ပြိုင်ကြရာတွင် ဓားစာခံများဘဝသို့သာ ကျရောက်နေကြရသည်။ သူတို့အတွက် ငြိမ်းချမ်းရေး လမ်းစကား မျှော်မှန်းနိုင်စကောင်းသောအရာ မဟုတ်တော့ချေ။ ထာဝရ ဖြစ်ပွားနေမည့် စစ်ပွဲများဆီသို့သာ ဦးတည်လျက် ရှိလေသည်။

ဂျပန်နှင့် စစ်ပြီးသောအချိန်တွင် အာရှတိုက်၏ အခြေအနေသည် ထိုအတိုင်းပင်ရှိခဲ့လေသည်။ ထို့ကြောင့်လည်း ဤစာအုပ်တွင် ထိုအကြောင်းများကိုသာ အဓိကထားပြီး ရေးသားထားပါသည်။

ထာဝရစစ်ပွဲဟူသည်မှာ လုံးဝ မလွှဲမရှောင်သာသောကြောင့် ဖြစ်ပွားလာခြင်းမဟုတ်ပါ။ အာရှတစ်လွှားတွင် ဖြစ်ပွားခဲ့သည့် စစ်ပွဲများသည် တန်ခိုးအာဏာကြီးထွားလာရေးနှင့် အမြတ်ထုတ် ကုပ်သွေးစုပ်လိုသည့် အကြောင်းများကိုသာ အခြေပြုပြီး ဖြစ်ပွားခဲ့ရခြင်း မဟုတ်ပါ။ ထိုမျှမကသော အကြောင်းများကိုလည်း ကျွန်ုပ် လေ့လာတွေ့ရှိခဲ့ရပါသည်။

အဖိနှိပ်ခံ ပြည်သူတို့သည် အပြောင်းအလဲ တစ်ခုခု ဖြစ်လိမ့်မည် ဟူသော မျှော်လင့်ချက်ဖြင့် စိတ်အားတက်ကြွနေကြသည်။ အပျက်အစီးများကို စွန့်လွှတ်လိုကြသည်။ ပင်ပန်းကြီးစွာ လုပ်ကိုင်နေရသည့် ဘဝမှ လွတ်မြောက်လိုကြသည်။ အခြေခံ အုတ်မြစ်အသစ်များအပေါ်တွင် ပုံသဏ္ဌာန် အသစ်များကို တည်ဆောက်လိုနေကြသည်။ တစ်စတစ်စဖြင့် ယင်းမျှော်လင့်ချက်သည် ကြီးထွားလာသည်။

လူ့သမိုင်းကြောင်း တစ်လျှောက်တွင် ဤသို့သော ကြီးကျယ်သည့် မျှော်လင့်ချက်မျိုးသည် ကြီးကျယ်သော ဖန်တီးနိုင်စွမ်းကို ပေးခဲ့ကြောင်း သာဓကများလည်း အများ

mgyoe.com

ရှိပါသည်။ သို့သော် ရိုင်းစိုင်းကြမ်းကြုတ်မှုများ၏ ဟန့်တားချေဖျက်ခြင်းနှင့်သာ ရင်ဆိုင်တိုးနေရသည်။ အကယ်၍ ထိုအဟန့်အတားများကိုသာ တွန်းလှန်ချေဖျက်နိုင်ခဲ့ကြမည်ဆိုပါက လူ့သမိုင်းတွင် အဓိကကျသော သမိုင်းမှတ်တိုင်တို့ကို ထူဆောက်နိုင်ခဲ့ကြမည် ဖြစ်ပါသည်။ အင်အားကြီးခိုင်သည့် အမှတ်အသားများကို ပြုလုပ်နိုင်ခဲ့ကြမည် ဖြစ်ပါသည်။ အနာဂတ် အမေရိကန် ပြည်သူတို့သည်လည်း ယင်းအဓိကကျသော သမိုင်းမှတ်တိုင်များတွင် ပါဝင် သက်ဆိုင်ကြမည် ဖြစ်ပါသည်။

အာရှတိုက်တွင် လူမှုရေး၊ နိုင်ငံရေး၊ စီးပွားရေး ပြဿနာများကို မဖြေရှင်းနိုင်သေးသည်နှင့်အမျှ အာရှမြေပြင်သည်လည်း ပဋိပက္ခများ ဖုံးလွှမ်းရာ နယ်မြေပင် ဖြစ်နေပေလိမ့်ဦးမည်။ ထိုသို့ ပဋိပက္ခများ ပြွမ်းတီးနေမည်ဆိုလျှင် အာရှတိုက်တွင် ငြိမ်းချမ်းရေး မရှိနိုင်ပါ။ အာရှတိုက်တွင် ငြိမ်းချမ်းရေးမရနိုင်လျှင် အမေရိကန်အတွက်လည်း ငြိမ်းချမ်းရေးရရှိနိုင်မည် မဟုတ်ပါ။ ထို့မျှမက ဤကမ္ဘာကြီးတစ်ခုလုံးအတွက်လည်း ငြိမ်းချမ်းရေးရနိုင်မည် မဟုတ်တော့ပေ။

ကျွန်ုပ်တို့သည် မည်သို့သော ကမ္ဘာမျိုး တည်ဆောက်ရန် အချိန် ရှိနေသေးသနည်း ဟူသည့် မေးခွန်းကို စဉ်းစားရန် လိုအပ်လာသည်။

ကျွန်ုပ်တို့သည် သယံဇာတပစ္စည်းအားလုံး၊ လူသားတို့အတွက် လိုအပ်ချက်အားလုံးကို စုပေါင်းပိုင်ဆိုင်ကြသည့် နိုင်ငံပေါင်းစုံ၊ လူမျိုးပေါင်းစုံ၊ ယဉ်ကျေးမှုပေါင်းစုံတို့ကို တစ်အုပ်တစ်ဖွဲ့တည်း စုစည်းတည်ထောင်နိုင်ကြပါမည်လား။ အကယ်၍ စုစည်းတည်ထောင်နိုင်ကြမည်ဆိုလျှင် မည်သို့မည်ပုံ စုစည်းတည်ထောင်ကြမည်နည်း။ မစုစည်းနိုင်ဟုဆိုလျှင် မည်သို့မည်ပုံ ဖြစ်ပေါ်လာဦးမည်နည်း။

❒

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

အာရှတိုက်ရောက် အမေရိကန်စစ်သားများ

စိတ်မပါဘဲ ပြည်ပရောက်သူများ

စစ်အတွင်းကာလ၌ ကမ္ဘာ့နေရာဒေသ အနှံ့အပြားသို့ သွားရောက်ခြင်းဖြင့် မိမိတို့အတွက် အကျိုးကျေးဇူး များလိမ့်မည်ဟု အမေရိကန်လူမျိုး အများစုတို့က သက်ဝင်ယုံကြည်ခဲ့ကြသည်။

ထိုသို့ တိုင်းပြည်အနှံ့ သွားရောက်ခြင်းဖြင့် တိုင်းတစ်ပါးပြည်သူများ အကြောင်းကို လေ့လာနိုင်ခဲ့ကြလိမ့်မည်။ ကမ္ဘာ့အရေးအခင်းများကိုလည်း အမြင်ကျယ်ကျယ်ဖြင့် ကြည့်တတ် မြင်တတ် လေ့လာတတ်ပေလိမ့်မည်။ ထို့ပြင်မက နိုင်ငံတကာ၏ သဘောပေါက် နားလည်ခြင်းကိုခံရသော သံတမန်များအဖြစ်နှင့် မိမိတို့ တိုင်းပြည်သို့ ပြန်လာနိုင်ခဲ့ကြလိမ့်မည်ဟု သူတို့ တွေးထင်မျှော်လင့်ခဲ့ကြလေသည်။

သို့သော် ကံဆိုးစွာဖြင့်ပင် သူတို့ မျှော်လင့်ထားသလို ဖြစ်ပေါ်မလာခဲ့ချေ။

ကမ္ဘာ့အရပ်ရပ်တွင် အမေရိကန် စစ်သားများနှင့် အခြားနိုင်ငံသားတို့၏ တွေ့ဆုံမှုသည် အံ့ဩဖွယ်၊ စိတ်ချမ်းမြေ့ဖွယ်ကောင်းသော တွေ့ဆုံမှု တစ်မျိုး ဖြစ်မလာခဲ့။ အကုသိုလ် ကြီးမားသည့် ဒုက္ခဆိုးကြီး တစ်ခုသာလျှင် ဖြစ်ခဲ့လေတော့သည်။

ဥရောပမှာကဲ့သို့ပင် အာရှတိုက်တွင်လည်း အမေရိကန် စစ်သားများသည် နားလည်မှု ပျက်ပြားခြင်းကို ခံကြရသည်။ အပြန်အလှန် အာဃာတထားမှုနှင့် မုန်းတီးရွံရှာဖွယ်ကောင်းသော အဖြစ်အပျက်များသာလျှင် အဖတ်တင်ခဲ့သည်။

အမေရိကန်စစ်သားအများစုတို့သည် တရုတ်နှင့် အိန္ဒိယပြည်သားများကို နားမလည်နိုင်ခဲ့ကြ။ မနှစ်သက် မကျေနပ်နိုင်ခဲ့ကြ။ ထိုနည်းတူစွာပင် တရုတ်နှင့် အိန္ဒိယ

mgyoe.com

ပြည်သားများကလည်း အမေရိကန် စစ်သားများကို တစ်ခဏ ပေါင်းကြည့်ရုံမျှဖြင့် လုံး၀ မနှစ်သက်နိုင်အောင် ဖြစ်လာကြလေသည်။

စစ်တွင်းကာလ ဟူသည်မှာ အလွန်တရာ နူးညံ့သိမ်မွေ့သည့် နိုင်ငံတကာ ချစ်ကြည်ရေးတည်း ဟူသော အပင်ငယ်ကို ရှင်သန်ကြီးထွားအောင် စိုက်ပျိုးနိုင်ရန် အခြေအနေမျိုးသည်လည်း ရစကောင်းသည် မဟုတ်ပါ။ စစ်ဟူသည်မှာ သေကျေပျက်စီးခြင်း၊ ဒဏ်ရာအနာတရ ဖြစ်ခြင်းများကိုသာ ဖန်တီးစမြဲ ဖြစ်သည်။ လူသားအချင်းချင်း ဆက်ဆံရေးကို ပျက်ပြားစေအောင် ပြုလုပ်စမြဲသာ ဖြစ်သည်။ ဘယ်သူသေသေ ငတေမာပြီးရော ဟူသည့် တစ်ကိုယ်ကောင်း စိတ်မျိုးကိုသာ မွေးမြူပေးစမြဲ ဖြစ်သည်။ ဆင်ခြင်တုံတရား ကင်းမဲ့သော မိုက်မဲသည့် အတွေ့အကြုံများကိုသာ ပေးစမြဲ ဖြစ်သည်။ ညံ့ဖျင်းသော စိတ်ဓာတ်များကိုသာ အမြစ်တွယ် ကြီးထွားစမြဲ ဖြစ်သည်။

လူတို့သည် စစ်ဥပဒေများကလွဲပြီး ဘာကိုမျှ ဂရုမထားနိုင်ကြတော့ချေ။ သည်လိုဖြင့်ပင် အကြံတုံး ဉာဏ်တုံး နလပိန်းတုံးများ ဘ၀သို့ ရောက်ရှိလာကြရစမြဲ ဖြစ်သည်။ မိမိ အသက်ရှင် ရပ်တည်နိုင်ရေးကိုသာလျှင် အာရုံစိုက်နိုင်ကြတော့သည်။ ကြုံတွေ့လာရသမျှသော ဘေးဒုက္ခအပေါင်းတို့ကို ကြံ့ကြံ့ခံနိုင်ရန်ကိုသာ အာရုံစိုက်နိုင်ကြတော့သည်။ ပင်ပန်းကြီးစွာ ရုန်းကန်ရပ်တည်ရသည့်ဘ၀၊ ရောဂါဘယ ထူပြောသည့် ဒုက္ခများမှ လွတ်မြောက်ရန်ကိုသာ အလေးထားနိုင်တော့သည်။

ဤသို့သော အခြေအနေမျိုးတွင် မိမိတို့ ရောက်ရှိရာ ဒေသများရှိ ပြည်သူများ၏ နားလည်မှုကိုရအောင်ယူမည်ဟု မည်သို့ စိတ်ကူးယဉ်နိုင်ပါမည်နည်း။ မိမိနှင့် ဆုံတွေ့ရသည့် တိုင်းတစ်ပါးသား ပြည်သူများထံမှ အကြင်နာတရား၊ မေတ္တာတရားကို ရအောင် ယူမည်ဟု မည်သို့ စိတ်ကူးယဉ်နိုင်ပါမည်နည်း။

အသက်ငယ်ရွယ်သော အမေရိကန် စစ်သားကလေးများကို လေ့လာကြည့်မည်ဆိုလျှင် သူတို့သည် ဖော်ရွေ၏။ အပေးအကမ်း ရက်ရော၏။ စိတ်ဓာတ်ရင့်ကျက်မှု နည်းပါး၏။ ကိုယ်ကျိုးကို ကြည့်တတ်၏။ အမြင်ကျဉ်းမြောင်း၏။ ဘာကိုမဆို လက်ခံလွယ်၏။ တစ်ဖက်က တက်ကြွဖျတ်လတ်သော်လည်း တစ်ဖက်တွင် ထုံထိုင်းနေပြန်၏။ တစ်ပါးသူ၏ အလိုကို အလွယ်တကူ လိုက်လျောတတ်၏ စသော အရည်အချင်းမျိုးစုံကို မြင်တွေ့ရမည် ဖြစ်သည်။ ဤသို့သော အမေရိကန် စစ်သားတစ်ယောက်ကို မည်သို့သော တိုင်းတစ်ပါးသားများက လေးစားနိုင်ပါမည်နည်း။ သဘောပေါက်နားလည်နိုင်ပါမည်နည်း။

mgyoe.com

mgyoe.com

အမေရိကန် စစ်သားတစ်ဦးသည် အာရှတိုက်တွင် မည်သို့မည်ပုံ တွေ့ကြုံရလိမ့်မည်ဆိုခြင်းနှင့် ပတ်သက်၍ သူ ကျင်လည်ခဲ့ရသည့် သူ့တိုင်းပြည်မှ ပတ်ဝန်းကျင်၊ သူ သင်ကြားခဲ့ရသည့် ပညာရေး၊ သူ တက်ခဲ့ရသည့် စစ်သင်တန်းများက မည်ကဲ့သို့ ပို့ချလိုက်ပါသနည်း။ မည်ကဲ့သို့ လမ်းညွှန်လိုက်ပါသနည်း။ မည်ကဲ့သို့ သွန်သင်လိုက်ပါသနည်း။

သူတို့သည် အမေရိကန်ပြည်တွင် မော်တော်ကားများ၊ ရေဒီယိုများ၊ ရုပ်မြင်သံကြားများ၊ ရုပ်ရှင်များ၊ ကျောင်းကောင်းကောင်းများ၊ လိုတရသည့် ဈေးဆိုင်များ၊ ကြီးမားအောင်မြင်လှသည့် ကုန်ထုတ်လုပ်မှု ပတ်ဝန်းကျင်များတွင် အစားကောင်းစား၊ အဝတ်ကောင်းဝတ်ကာ ဇိမ်ခံနေထိုင်ခဲ့ကြရသူများ ဖြစ်သည်။ သို့ကလို နတ်ဘုံ နတ်နန်းတမျှသော ဘဝမှ ကျောက်ခေတ်နီးပါး ခေတ်နောက်ကျလှသည့် ဒေသများဆီသို့ သူတို့ကို စေလွှတ်လိုက်သည်။

အရှေ့ဖျားနိုင်ငံများသည် သူတို့အတွက် စည်းစိမ်ယစ်မူးဖွယ်၊ စိတ်လှုပ်ရှားအံ့သြဖွယ်ကောင်းသော ဒေသများ ဖြစ်လိမ့်မည်ဟု သူတို့ မျှော်လင့်ထားခဲ့ကြသည်။

တကယ်တမ်း သူတို့ ရောက်လာသောအခါ အထင်နှင့်အမြင်သည် တက်တက်စင်အောင် လွဲနေချေတော့သည်။ အောက်တန်းကျပြီး ဆင်းရဲနွမ်းပါးမှုများကိုသာ မြင်ရသည်။ သူတို့နိုင်ငံတွင်လည်း ဆင်းရဲသူများ ရှိပါ၏။ သို့သော် အာရှတိုက်မှ ဆင်းရဲနွမ်းပါးသော ပြည်သူများလောက် မြင်မကောင်း ရှုမကောင်း မဖြစ်လှချေ။

အာရှတိုက်တွင် သန်းပေါင်းများစွာသော ပြည်သူများသည် ညစ်ပတ်ပေရေကာ တိရစ္ဆာန်များကဲ့သို့ ထုံထုံပေပေ အလုပ်လုပ်နေကြရသည်ဟု သူတို့ တွေးထင်မိကြသည်။

ဤမျှ ဆင်းရဲနွမ်းပါးသည့် ပြည်သူများကို မြင်တွေ့စက အံ့သြခြင်းကြီးစွာဖြင့် သနားညှာတာစိတ်များ ပေါ်ပေါက်ခဲ့ကြသေးသည်။ တဖြည်းဖြည်းနှင့် မြင်ဖန်များသောအခါ သနားညှာတာစိတ်များလည်း ပပျောက်ကုန်သည်။ ဤပတ်ဝန်းကျင်ကို လေ့လာရမည် ဖြစ်သော်လည်း လေ့လာလိုစိတ် မရှိတော့။ ဤမျှ ဆင်းရဲနွမ်းပါးသော ပြည်သူများနှင့် ဆက်ဆံခြင်းကို မပြုလိုတော့။ စောစောပိုင်းက ဤပတ်ဝန်းကျင်မျိုးတွင် နေထိုင်တာဝန် ထမ်းဆောင်ရန်ကိုပင် ဝန်လေးမိခဲ့ကြသည်။

အနေကြာတော့မှ နေသားကျလာသည်။ နွားတင်းကုပ်အနီးတွင် အနေကြာသောအခါ နှာခေါင်းယဉ်လာသကဲ့သို့ ဖြစ်ချေသည်။ ဤပတ်ဝန်းကျင်မှာ နေတတ်အောင်လည်း သူတို့ကိုယ်သူတို့ ပြုပြင်လာကြသည်။

mgyoe.com

mgyoe.com

မည်သို့ဆိုစေ၊ အာရှတိုက်သားများကို အဆင့်အတန်းမြင့်သော လူသားများ အဖြစ် သဘောထားကာ ဆက်ဆံနိုင်ဖို့ ခက်ခဲလာသည်မှာ အမှန် ဖြစ်သည်။ သူတို့နှင့် တန်းတူထားကာ ဆက်ဆံရန် တွန့်တိုလာကြသည်။ စောစောပိုင်းက ပေါ်ပေါက်ခဲ့ သည့် သနားညှာတာစိတ်များသည် ဂရုမစိုက်ခြင်း၊ သည်းမခံနိုင်ခြင်း၊ ရွံရှာမုန်းတီးခြင်း များအဖြစ် ပြောင်းလဲလာပြီ ဖြစ်သည်။

အမေရိကန် ပြည်သူများကို ကမ္ဘာ့သူ ကမ္ဘာ့သားကောင်းများ ဖြစ်လာစေရန် အတွက် ပြုစုပျိုးထောင်ပေးမှု၊ လေ့ကျင့် သင်ကြားပေးမှုသည် အမေရိကန် လူ့အဖွဲ့ အစည်းမှာသော် လည်းကောင်း၊ ပညာသင်ကြားရေးမှာသော် လည်းကောင်း မရှိ သလောက် ရှားပါးလှပါသည်။ ကျောင်းတွင် သင်ကြားခဲ့ရသည့် သမိုင်း၊ စီးပွားရေး၊ ဘာသာရေး၊ ဘာသာစကားနှင့် ဒဿနိက ဘာသာရပ်များတွင်လည်း ပါဝင်ခြင်း မရှိခဲ့။ အခြား လူမျိုးများအကြောင်းကို သော်လည်းကောင်း၊ အခြားသော ရိုးရာ ဓလေ့ထုံးစံများအကြောင်းကို သော်လည်းကောင်း လေ့လာခဲ့ခြင်းလည်း မရှိပါ။ အမေရိကန်နိုင်ငံဝန်းကျင်ရှိ ပင်လယ်သမုဒ္ဒရာများကို ဖြတ်ကျော်ကာ အခြားသော ကမ္ဘာများ၏ အကြောင်းကိုလည်း ဟုတ်တိပတ်တိ လေ့လာခဲ့ခြင်း မရှိပါ။

အခြားနိုင်ငံများသည် မိမိတို့နှင့် အလှမ်းကွာဝေးလှသည်။ မိမိတို့ထက်လည်း အောက်တန်းကျသည်။ မိမိတို့ လေ့လာသင့်သည့် ထူးခြားသော အကြောင်းအရာများ လည်း မရှိဟုသာ သဘောပိုက်ခဲ့ကြသည်။

မိမိတို့၏ အမေရိကန် တိုင်းပြည်သည်သာလျှင် လူမျိုးပေါင်းစုံဖြင့် ဖွဲ့စည်း တည်ထောင်ထားသည်။ အဘက်ဘက်က တိုးတက်နေသော နိုင်ငံ ဖြစ်သည်။ မိမိတို့ တိုင်းပြည်ရှိ အရာခပ်သိမ်းတို့သည် အကောင်းဆုံး၊ အမွန်မြတ်ဆုံး၊ အခမ်းနားဆုံး၊ အကြီးကျယ်ဆုံးများ ဖြစ်သည်။ မိမိတို့သည်သာလျှင် အချမ်းသာဆုံး အတော်ဆုံး၊ ပညာအတတ်ဆုံး၊ အရင့်ကျက်ဆုံးများဖြစ်သည်ဟု ယုံမှတ်ခဲ့ကြသည်။ စိတ်ကြီးဝင်ခဲ့ ကြသည်။

ထိုသို့သော အကြောင်းများကြောင့်လည်း အမေရိကန်စစ်သား တစ်ယောက် သည် မိမိတိုင်းပြည်နှင့် အခြားတိုင်းပြည်များ ကွာခြားပုံ၊ အဆင့်အတန်း မတူညီပုံ ယဉ်ကျေးမှုချင်း ကွဲလွဲပုံတို့ကို လေ့လာသင်ကြားခွင့် မရခဲ့ခြင်း ဖြစ်သည်။ ထို့ကြောင့် သူတို့သည် ကမ္ဘာ့ပြည်သူများအကြောင်း၊ ကမ္ဘာ့နိုင်ငံများအကြောင်းကို သဘောပေါက် နားလည်နိုင်ခြင်း မရှိကြတော့ချေ။

mgyoe.com

mgyoe.com

စစ်ကြီးတစ်ရပ်နှင့် အမေရိကန်ပြည်သူတို့ ရင်ဆိုင်လိုက်ရခြင်းသည် ကမ္ဘာ့အခြေအနေအရပ်ရပ်တို့ ဆိုးဝါးလာခြင်းကြောင့် မဟုတ်၊ ရန်သူများက ပင်လယ်သမုဒ္ဒရာများကို ဖြတ်ကျော်ပြီး သူတို့ကို အရပ်ဆိုးစွာဖြင့် ခြိမ်းခြောက် တိုက်ခိုက်လာသောကြောင့် စစ်အတွင်းသို့ ဝင်ရောက်လာခဲ့ခြင်း ဖြစ်သည်။

စစ်ကြီးတစ်ရပ်ကို ဖြုန်းခနဲ ရင်ဆိုင်လိုက်ရသောအခါ အမေရိကန် စစ်သားတို့သည် စစ်မြေပြင်ရှိရာ ဝေးလံသော ဒေသများသို့ ခရီးရှည်ကြီးဖြင့် စေလွှတ်ခြင်းကို ခံကြရသည်။ ထိုနည်းဖြင့် ကမ္ဘာ့အရှေ့ဖျား တိုင်းပြည်များသို့ သူတို့ ရောက်လာကြသည်။ သို့သော်လည်း ကမ္ဘာ့အရှေ့ဖျားရေးရာနှင့် ပတ်သက်၍ ဘာတစ်ခုမျှ သင်ကြားပေးခြင်း မရှိခဲ့။ သူ တာဝန်ထမ်းဆောင်ရမည့် ပတ်ဝန်းကျင်သည် မည်သို့သော ပတ်ဝန်းကျင်မျိုးဖြစ်ပြီး မည်သို့အဆင့်အတန်း ရှိကြောင်း၊ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံတို့သည် မည်သို့ရှိကြောင်း သွန်သင်ပေးလိုက်ခြင်း မရှိချေ။

ထို့ကြောင့်လည်း သူတို့ မသိဖူးသည့်၊ မကြားဖူးသည့် အဆင့်အတန်းများရှိရာ၊ လူမျိုးများနေထိုင်ရာ၊ ယဉ်ကျေးမှုများ ထွန်းကားရာ အရှေ့တိုင်းနိုင်ငံများသို့ ရောက်လာသောအခါတွင် အမေရိကန်တို့သည် အခြားလူမျိုးများထက် အရာရာတွင် သာကြောင်း ခံစားကြရခြင်း ဖြစ်သည်။ ခေတ်နောက်ကျလှသော အာရှတိုက်နှင့် အာရှတိုက်သားများသည် အမေရိကန်တို့၏ နည်းစနစ်များနှင့် ပညာအရာတွင် လုံးဝ မယှဉ်နိုင်ကြကြောင်း အထင်ပေါက်ကြခြင်း ဖြစ်သည်။ အာရှတိုက်ရှိ ဥရောပတိုက်သားများ နေထိုင်ရာ အိုးအိမ် အဆောက်အဦ အနည်းငယ်မျှသာလျှင် အမေရိကန်တို့၏ နေထိုင်မှုအဆင့်ကို မီရုံကလေးရှိသည်ဟု အတွေးပေါက်လာကြခြင်း ဖြစ်သည်။

ထိုမှတစ်ပါး အာရှပြည်သူများသည် ဘဝရပ်တည်နိုင်ရေးအတွက် ပင်ပန်းကြီးစွာ ရုန်းကန်နေကြရသည်။ သူတို့သည် အင်္ဂလိပ်စကားကိုလည်း မပြောတတ်ကြ။ ယုတ်စွအဆုံး အရှိန်ဖြင့် အပြင်းမောင်းလာသည့် မော်တော်ကားကိုပင် လွတ်အောင် မည်သို့ ရှောင်တိမ်းရကောင်းမှန်း မသိကြဟု အထင်အမြင်သေးလာကြသည်။

နွားလှည်းများ၊ သစ်သားထယ် သစ်သားထွန်များ၊ ကျွဲနွားများဖြင့် ရုန်းကန်လှုပ်ရှားနေရသော နယ်မြေများသို့ ရောက်လာသောအခါတွင် အမေရိကန် စစ်သားတို့သည် အင်္ဂါဂြိုဟ်သားများသဖွယ် ဖြစ်နေလေတော့သည်။ သူတို့ကိုယ်သူတို့ အခြားဂြိုဟ်တစ်ခုမှ လာရောက်သူများအဖြစ် အထင်အမြင် ပေါက်လာကြသည်။

သို့ကလို အာရှမြေပေါ်သို့ အခြားကမ္ဘာတစ်ခု သို့တည်းမဟုတ် အခြားဂြိုဟ်

mgyoe.com

တစ်ခုမှ ရောက်လာခဲ့ရခြင်း ဖြစ်သော်လည်း သူတို့ကိုယ်တိုင်က လာချင်လွန်းသဖြင့် လာကြရခြင်း မဟုတ်ပါချေ။

ထောင်ပေါင်းများစွာသော အမေရိကန် လူငယ်တို့သည် နိုင်ငံခြား နယ်မြေသစ်များသို့ လူမှုရေးရာ အဖြာဖြာများကို လေ့လာရန်၊ သိမြင်နားလည်ရန် သူတို့ကိုယ်တိုင် လိုလိုလားလားဖြင့် ရောက်လာကြခြင်း မဟုတ်သည်မှာ အမှန် ဖြစ်သည်။ သူတို့ တွယ်တာမြတ်နိုးသည့် အိမ်များ၊ သူတို့ ချစ်ခင်နှစ်သက်သည့် ပတ်ဝန်းကျင်များမှ သူတို့ကို ဇွတ်အဓမ္မ ဆွဲခေါ်လာခြင်း ဖြစ်သည်။ သူတို့၏ အလိုဆန္ဒနှင့် ဆန့်ကျင်ပြီး စစ်မြေပြင် စစ်တလင်းသို့ ဇွတ်အတင်း ပို့ဆောင်ကာ စစ်တိုက်ခိုင်းခြင်း ဖြစ်သည်။ အုပ်ချုပ်သူ လူတန်းစား၏ ခြယ်လှယ်သမျှကို အလိုဆန္ဒနှင့် ဆန့်ကျင်ပြီး ခေါင်းငုံ့ခံကြရခြင်း ဖြစ်သည်။

ထို့ကြောင့် သူတို့သည် စစ်ကို လည်းကောင်း၊ စစ်တပ်ကို လည်းကောင်း မုန်းတီးစက်ဆုပ်လာကြသည်။ ထိုမှတစ်ဆင့်တက်ကာ သူတို့၏ ကံကြမ္မာကို သူတို့ ပြန်ပြီး မုန်းတီးလာကြသည်။ သို့သော် ဘာမျှမတတ်နိုင်ချေ။ ကံစီမံရာကိုသာ ခံကြရသည့် ဘဝ ဖြစ်သည်။

သို့ကလို ကိုယ့်ကြမ္မာကိုယ် မဖန်တီးနိုင်ဘဲ အလိုဆန္ဒနှင့် ဆန့်ကျင်ပြီး တာဝန်ထမ်းဆောင်နေကြရသည့်အတွက် စိတ်ဓာတ်ကျလာကြသည်။ အထီးကျန်ဘဝတွင်းသို့ တိုးဝင်လာကြရသည်။ ကမ္ဘာတစ်ဝက် ဝေးသော သူတို့တိုင်းပြည်တွင် ကျန်ရစ်ခဲ့သည့် မိဘညီအစ်ကို မောင်နှမ၊ သားမယား၊ ချစ်သူ များကို တမ်းတနေကြရသည်။ သူတို့အဖို့ အယူခံ မရှိ၊ ချမှတ်သည့်အမိန့်ကို ခေါင်းငုံ့ခံနေကြရသော ဘဝ ဖြစ်သည်။ အလုပ်ကြမ်းနှင့် ပြစ်ဒဏ်ပေးခြင်းခံရသကဲ့သို့ ဖြစ်နေသည်။

ထိုအကြောင်းများကြောင့်လည်း သူတို့သည် တရားခံ ရှာလာကြတော့၏။ မြင်မြင်သမျှကို စိတ်နာနေကြတော့၏။ ကြုံတွေ့နေရသည့် ပတ်ဝန်းကျင်ကိုလည်း ဒေါသမျက်စိဖြင့် ကြည့်မိနေကြ၏။ အာဃာတတရားများ ထားနေကြသည်။ ကိုယ့်ဘဝကို ကိုယ်မကျေနပ်ရာမှ ပတ်ဝန်းကျင်အပေါ်သို့ အပြစ်ပုံချလာကြသည်။

သူတို့၏ ဘဝအမှန်၊ အဖြစ်အမှန်ကလည်း နယ်သစ်၊ မြေသစ်၊ ပတ်ဝန်းကျင်သစ်တွင် လေ့လာသင်ကြားရန် ရောက်ရှိလာကြသည့် ကျောင်းသားများ မဟုတ်ပါ။ ထို့အတူ သာသနာပြုရန် ရောက်လာကြသည့် သာသနာပြု အဖွဲ့များလည်း မဟုတ်ပါ။ သူတို့၏ အလိုဆန္ဒမပါဘဲနှင့် ဇွတ်အဓမ္မ ပြည်နှင်ဒဏ်ခံကြရသူများသာလျှင် ဖြစ်ချေသည်။

mgyoe.com

mgyoe.com

လူတုံးလူညံ့များ

အမေရိကန်စစ်သားများ ရောက်လာပြီးနောက် “ဂုခ်” ဟူသော စကားလုံးကို အိန္ဒိယနိုင်ငံတွင် သုံးစွဲခဲ့သည်။ ယင်းစကားလုံးသည် အာဖရိကမြောက်ပိုင်းနှင့် အရှေ့အလယ်ပိုင်းဒေသတွင် သုံးစွဲခဲ့သည့် စကားလုံး ဖြစ်သည်။ ပူအိုက်ပြီး ဆင်းရဲနွမ်းပါးသော တိုင်းပြည်များတွင် မရယ်မပြုံးနှင့် စုဝေးနေထိုင်တတ်ကြသည့် လူမျိုးများကို ခေါ်ဝေါ်ခြင်း ဖြစ်သည်။ ယခု အိန္ဒိယပြည်သို့ သူတို့ ရောက်လာသောအခါတွင်လည်း အိန္ဒိယတိုင်းသားများကို တင်စားခေါ်ဝေါ်ရာ စကားလုံး ဖြစ်နေချေတော့သည်။

“ငတုံးတွေကို သိပ်ဂရုစိုက်မနေနဲ့။ ဒီကောင်တွေက များလွန်းတော့ ကားနဲ့ ရှောင်လို့ကို မရနိုင်ဘူး။ မထုံတက်သေးနိုင်ပြီး အလည်း အလွန်းတော့ တိုက်မိမှာပဲ။ လေယာဉ်ပျံကွင်းနဲ့ မြို့ထဲကို သွားတဲ့အခါတိုင်း အနည်းဆုံး ဒါဇင်ဝက်လောက်တော့ တိုက်မိခဲ့တာချည်းပဲ” ဟု အမေရိကန် အရာရှိတစ်ဦးက ပြောပြသည်။ မော်တော်ကား တိုက်မှု တစ်ခါဖြစ်လျှင် ဒဏ်ငွေ ၅၀ ဆောင်လိုက်ပါက သူတို့အတွက် အမှုပြီးသွားလေ့ ရှိသည်။

“ကျွန်တော် ဒီကိုရောက်စတုန်းကတော့ ကျွန်တော့် အစေခံကို ကောင်းကောင်း မွန်မွန် ဆက်ခံခဲ့ပါတယ်။ နည်းနည်းကြာလာတော့ ဒီကောင်တွေကို ဒီလို ဆက်ဆံလို့ မရတော့ဘူး။ လူပါးဝချင်လာတယ်။ ဒါကြောင့် သူတို့ကို အင်္ဂလိပ်တွေ ဆက်ဆံသလို ဆက်ဆံတော့တာပဲ” ဟုလည်း အခြား အမေရိကန် တစ်ယောက်က ပြောသည်။

အိန္ဒိယပြည်တွင် အခိုင်းအစေများ အလွန်ပေါများပါသည်။ ဟိုတယ်တစ်ခုမှ ထမင်းစား စားပွဲတစ်ခုလျှင် အခိုင်းအစေ သုံးယောက်မှ လေးယောက်အထိ ရှိတတ်သည်။ အထပ်တိုင်းမှာလည်း အခိုင်းအစေပေါင်း မြောက်မြားစွာတို့ ရှိကြသေးသည်။

အင်္ဂလိပ်တို့သည် ကိုယ်ပိုင် အခိုင်းအစေများ ထားတတ်ကြသည်။ စောစောပိုင်းက အမေရိကန် စစ်သားများသည် သူတို့ တပ်တွင်း၌ ဆောင်ရွက်ရန်ရှိသည်တို့ကို မိမိတို့ဘာသာ လုပ်ကိုင်ကြသည်။ နောက်ပိုင်း ရောက်လာသောအခါ အင်္ဂလိပ်များကဲ့သို့ပင် အမေရိကန် အရာရှိများက ကိုယ်ပိုင် အခိုင်းအစေများ ထားလာကြပြီး စစ်သားများကလည်း တပ်တွင်းမှာပင် ကိုယ်တိုင် လုပ်ကိုင်လေ့ မရှိကြတော့။

ထိုသို့ ခိုင်းစေရာတွင်လည်း အခွင့်အရေးပေးလှသည် မဟုတ်။ ဒူးနေရာဒူး၊ တော်နေရာတော် ထားရမည်ဟု အတွေးပေါက်လာကြသည်။ “ဒီကောင်တွေကို အရော မဝင်နဲ့။ သိပ်အရေးမပေးနဲ့။ ကမ်းတက်လာလိမ့်မယ်” ဟူသော စကားမျိုးကို ပြောဆို
mgyoe.com

mgyoe.com

သုံးစွဲလာကြသည်။ သည့်လိုဖြင့် အင်္ဂလိပ်တို့ ပြုမူဆက်ဆံသလို အမေရိကန်တို့သည်လည်း ပြုမူဆက်ဆံလာကြလေသည်။

တစ်ခါက ကာလကတ္တားမြို့ရှိ ဟိုတယ်တစ်ခုတွင် အဖြစ်အပျက်တစ်ခု တွေ့ကြုံခဲ့ရဖူးသည်။ အမေရိကန်အရာရှိတစ်စုနှင့် ကျွန်ုပ်အတူ ထိုင်နေသည်။ စားသောက်ဖွယ်ရာ စာရင်းထဲတွင် ဖော်ပြထားသည့် ဟင်းတစ်မျိုးမှာ မရနိုင်ကြောင်း စားပွဲထိုးက ရှင်းပြသည်။ သူ့စကားကြောင့် အမေရိကန် အရာရှိတစ်ဦးသည် ဒေါသအမျက် ခြောင်းခြောင်းထွက်ကာ မျက်နှာနီရဲလာသည်။

"ဒီတုံးပါးစပ်က ဒီလိုစကားမျိုး ထွက်မလာစေနဲ့" ဟု စားပွဲထိုးရှိရာ စားပွဲတစ်ဖက်ခြမ်းသို့ လှမ်းအော်လိုက်သည်။ ထိုမျှနှင့် အားမရနိုင်သေးဘဲ စားပွဲထိုးရှိရာဘက်သို့ ထသွားပြီး ကျစ်ကျစ်ပါအောင် ဆုပ်ထားသော လက်သီးကို စားပွဲထိုး၏ မျက်နှာနားသို့ ကပ်ပြသည်။

"လက်သီးကို မြင်တယ် မဟုတ်လား။ စာရင်းထဲမှာပါပြီး မရှိဘူး ဆိုတဲ့ ဟင်းကို ရအောင် သွားယူချေ။ ဒီဟင်းပါမလာရင် မင်း မျက်နှာကို လက်သီးစာ ကျွေးပစ်မယ်" ဟု ကြုံးဝါးသည်။ စားပွဲထိုးလည်း ထိတ်ထိတ်ပျာပျာဖြင့် ထွက်သွားသည်။

"ဒီကောင်တွေကို ဒီနည်းနဲ့ပဲ ဆက်ဆံရတယ်" ဟု ပြောကာ ကျွန်ုပ်ဘေးတွင် ပြန်ထိုင်သည်။

ထိုကဲ့သို့ ရက်စက်စွာ ဆက်ဆံမှုများကို မကြာခဏ မြင်တွေ့နေရသည်။ လူတုံးလူညံ့များသည် ဘာမျှသိတတ်သူများ မဟုတ်သောကြောင့် သူတို့ကို ကျွန်ကဲ့သို့ ဆက်ဆံနေရကြောင်းကိုလည်း အမေရိကန်များက မကြာခဏ ထုတ်ဖော်ပြောဆိုသည်ကို ကျွန်ုပ် အကြိမ်ကြိမ် ကြားခဲ့ရဖူးသည်။

ပိုက်ဆံအနည်းငယ် ပိုပေးရန် အသနားခံ တောင်းမိသည့်အတွက် အထိုးအကြိတ်ခံရပြီး လမ်းပေါ်တွင် ကျန်ရစ်ခဲ့သည့် လန်ချားသမားများကိုလည်း မကြာခဏ မြင်တွေ့ခဲ့ရသည်။ ကာလကတ္တားမြို့ရှိ အငှားကားမောင်းသည့် ပန်ချာပီများနှင့် အရက်မူးနေသည့် အမေရိကန်စစ်သားများ မကြာခဏ ရန်ဖြစ်ကြသည်ကိုလည်း မမြင်ချင်အဆုံး ဖြစ်သည်။ ထို့ကြောင့် အငှားယာဉ်မောင်းသူများသည် ညဘက်ထွက်သောအခါ အဖော်တစ်ယောက်နှင့် ထွက်ရသည့် ဘဝသို့ ရောက်လာသည်။ နယူးဒေလီမြို့ရှိ မြင်းလှည်းသမားများသည်လည်း အမေရိကန်စစ်သားများနှင့် ရန်ဖြစ်ရဖန်များသော

mgyoe.com

ကြောင့် နောက်ဆုံးတွင် မြင်းလှည်းမောင်းထွက်တိုင်း ခဲများ ဆောင်သွားကြရလေသည်။

ဈေးဆိုင်များတွင် ဈေးဝယ်ရာ၌လည်း ပဋိပက္ခများ ဖြစ်ကြစမြဲ ဖြစ်သည်။ ဈေးအမှန်ပြောလင့်ကစား အညစ်ခံရသည်ဟု အမေရိကန် စစ်သားတို့က ထင်မှတ်ကြသည်။ ထို့ကြောင့် မတန်တဆ ဈေးဆစ်ရာမှ ရန်ပွဲများဖြင့် အဆုံးသတ်ရစမြဲ ဖြစ်သည်။

ကုန်သည်များ၊ လုပ်ငန်းရှင်များ၏ ကောင်းမွန်စွာ ဆက်ဆံခြင်းကို အရပ်တကာတွင် အမေရိကန်စစ်သားတို့ ကြုံတွေ့ခဲ့ကြရသည်။ ထို့အတူ အိန္ဒိယပြည်တွင်လည်း သူတို့ကို အရေးပေးကာ ထင်သလို ဆက်ခံနိုင်ခွင့်ရလိမ့်မည်ဟု သူတို့ ထင်ခဲ့ကြသည်။ ထိုအထင်ဖြင့် အခွင့်အရေးပိုယူရာမှ ဆက်ဆံရေးများ ပျက်ပြားလာခြင်း ဖြစ်သည်။

"ဒီကောင်တွေဟာ အလွန် ကောက်ကျစ်စဉ်းလဲတဲ့ အကောင်တွေ၊ တစ်ယောက်တလေကိုတောင်မှ မယုံရဘူး" ဟူသော စကားမျိုးကို အမေရိကန်တို့ ပြောလာကြသည်။

အမေရိကန်လူမျိုးသည် မိမိထက် အားနည်းသူအပေါ်တွင် ဖိနှိပ်လေ့၊ အနိုင်ကျင့်လေ့ မရှိပါ။ ယခုမူ ထိုအစဉ်အလာအားလုံးကို အိန္ဒိယပြည်တွင် သူတို့ စွန့်ပယ်လိုက်ကြလေပြီ။ အိန္ဒိယပြည်ရှိ ဆင်းရဲနွမ်းပါးသူများကို သာမန် လူ့အဆင့်ထက်တစ်ဆင့် လျှော့ချပြီး ဆက်ဆံခြင်းများကို ပြုလုပ်လာကြလေပြီ။

ရထားမောင်းသူများ၊ လန်ချားဆွဲသူများ၊ ကူလီများကို ပန်ချာပီ ပုလိပ်တို့က ရိုက်နှက်နှိပ်စက်နေသည့် မြင်ကွင်းများကိုလည်း နေ့စဉ်နှင့်အမျှ လမ်းမများပေါ်တွင် သူတို့ မြင်တွေ့ခဲ့ကြရသည်။ ထို့ကြောင့်လည်း အားငယ်သူအပေါ် အနိုင်ကျင့် နှိပ်စက်ခြင်းသည် သူတို့အဖို့ ရိုးလာသလို ဖြစ်နေသည်။

နယ်ဘက် အုပ်ချုပ်ရေးအရာရှိ တစ်ဦးဖြစ်သူ ကျွန်ုပ်၏ အမေရိကန် မိတ်ဆွေတစ်ဦးက သူ ကြုံခဲ့ရသည့် အဖြစ်အပျက် တစ်ခုကို ပြန်ပြောပြသည်။

တစ်ညနေခင်းတွင် နယူးဒေလီမြို့ရှိ အင်ပီးရီးယယ် ဟိုတယ်အဝင်ဝ၌ သူရပ်နေသည်။ ထိုအခိုက် သူ့အနီးတွင် မြင်းလှည်းမောင်းသမား တစ်ဦးကို အိန္ဒိယပုလိပ်တစ်ဦးက ရိုက်နှက်နေသည်။ မြင်းလှည်းခ ပိုတောင်းရပါမည်လား ဆိုကာ ရိုက်နှက်နေခြင်း ဖြစ်သည်။ အကူအညီမဲ့၊ ခိုကိုးရာမဲ့ ဖြစ်နေရှာသူ မြင်းလှည်းသမားသည် ထိုအိန္ဒိယပုလိပ်ထံမှ ပိုတောင်းခြင်း မဟုတ်၊ အင်္ဂလိပ်လူမျိုး ဗနီးမောင်နှံထံမှ

mgyoe.com

 mgyoe.com

တောင်းခြင်း ဖြစ်သည်။ ဈေးပိုတောင်းသည် ဆိုခြင်းမှာလည်း မှန်ချင်မှ မှန်ပေလိမ့်မည်။ သူသည် ထိုအဖြစ်အပျက်ကို ရပ်ကြည့်နေမိသည်။ မကြာမီ မြင်းလှည်းသမား ထွက်သွားသောအခါကျမှ သူ စိတ်မကောင်း ဖြစ်ရတော့သည်။ မိမိ၏ မျက်စိအောက်တွင် နိုင့်ထက်စီးနင်း ပြုမူနေသည်ကို ဝင်ရောက် ဟန့်တားခြင်း မပြုမိသည့်အတွက် သူ့ကိုယ်သူ အံ့အားသင့်မိကြောင်း ကျွန်ုပ်ကို ပြောပြလေသည်။

"ဒီကိုရောက်စက လူဆွဲတဲ့ လန်ချားကို စီးရမှာ လိပ်ပြာမသန့်လှဘူး။ အခုတော့ လန်ချားသမား မြန်မြန်ဆွဲအောင် ကြာပွတ်နဲ့ ရိုက်ချင်စိတ် ပေါက်လာတယ်" ဟုလည်း ကျွန်ုပ်၏ မိတ်ဆွေ ဗိုလ်မှူးတစ်ယောက် ပြောပြသည့် စကားကို စိတ်မချမ်းမြေ့ဖွယ်ရာ ကြားခဲ့ရပါသေးသည်။

အမေရိကန်တို့သည် ဗြိတိသျှကို ဖယ်ရှားပြီး မိမိတို့ကို လွတ်လပ်ရေးပေးရန် ရောက်လာကြခြင်း ဖြစ်သည်ဟု အမေရိကန်တို့ အိန္ဒိယရောက်စက အိန္ဒိယလူမျိုး အများတို့က ယုံကြည်ခဲ့ကြသည်။ အမေရိကန်သည် ကိုလိုနီ ထမ်းပိုးအောက်မှ ကျွန်နိုင်ငံများ လွတ်လပ်ရေးရရန်နှင့် ဒီမိုကရေစီ အခွင့်အရေးများ ပြန့်ပွားရေးအတွက် ဆောင်ရွက်ရန် ကမ္ဘာစစ်ကြီးအတွင်းသို့ ဝင်ရောက်ခဲ့သည်ဟု ထင်မှတ်ခဲ့ကြသည်။

အမှန်ဆိုမူ အမေရိကန်၏ဝါဒသည် အိန္ဒိယပြည်နှင့် ပတ်သက်၍ လက်ရှောင်နေရန် ဖြစ်သည်။ ကြားနေရန် ဖြစ်သည်။ အိန္ဒိယပြည် လွတ်လပ်ရေးနှင့် ပတ်သက်ပြီး ရှေ့ဆောင်ရှေ့ရွက်လည်း မပြုခဲ့။ နည်းပေးလမ်းပြလည်း မလုပ်ခဲ့။ ထိုသို့သော အဖြစ်မှန်ကို အိန္ဒိယလူမျိုး အနည်းငယ်သာလျှင် သိနားလည်ခဲ့ကြသည်။

ကာလကတ္တားတွင် ပန်ချာပီ အငှားယာဉ်မောင်း တစ်ယောက်ကို အမေရိကန် စစ်သားတစ်ယောက်က သတ်သဖြင့် သေဆုံးခဲ့သည်။ ထိုအခါက မြို့ထဲရှိ ပန်ချာပီလူမျိုးများက လူထုရှုပန ပြုလုပ်ရန် ဆုံးဖြတ်ကြသည်။ ကန့်ကွက်သည့် ပိုစတာများ ကိုင်ဆောင်ပြီး အမေရိကန် စစ်ရုံးရှေ့မှ ဖြတ်သန်းချီတက်မည်ဟု ကြေညာသည်။ ထိုကြေညာချက်ကို ကြားသောအခါ အမေရိကန်ဗိုလ်ချုပ်သည် ဗြိတိသျှပုလိပ်မင်းကြီးနှင့် ပန်ချာပီ ခေါင်းဆောင်များကို ချက်ချင်း ခေါ်လိုက်သည်။

သူ့စစ်ရုံးပတ်လည်တွင် အသင့်တပ်ဆင်ထားသည့် စက်သေနတ်များကို ပြသည်။ မိမိစစ်ရုံးရှေ့မှ ဖြတ်သန်းချီတက်လျှင် လူထုအတွင်းသို့ စက်သေနတ်ဖြင့် ပစ်ခတ်ချေမှုန်းပစ်မည်ဟု ပြောသည်။ သို့ဖြင့် လူထုရှုပန အခမ်းအနားလည်း ပျက်ပြယ်သွားရတော့သည်။ ထိုသို့ ပျက်ပြယ်သွားသည့်အတွက် အမေရိကန် ဗိုလ်ချုပ်

mgyoe.com

သည် ဂုဏ်ယူမဆုံး ဖြစ်နေသည်။ သူ့စစ်သားများကလည်း သူ၏ လုပ်ပုံကိုင်ပုံနှင့် ပတ်သက်၍ ဂုဏ်ယူမဆုံး ဖြစ်နေကြသည်။

အိန္ဒိယပြည်ရှိ အမေရိကန်တို့သည် အိန္ဒိယနိုင်ငံသားများကို မုန်းတီးရုံသာ မဟုတ်၊ ဗြိတိသျှများကိုလည်း မနှစ်သက်နိုင်ကြချေ။ ထို့အတူ ဗြိတိသျှတို့ကလည်း အမေရိကန်တို့ကို ကျေနပ်ခြင်း မရှိ။

ဗြိတိသျှတို့သည် အိန္ဒိယပြည်သူများကို ဖိနှိပ်ထားသည်။ အမေရိကန်သည် ဒီမိုကရေစီစနစ်ကို လက်ခံကျင့်သုံးသောလူမျိုးဖြစ်သဖြင့် အိန္ဒိယတွင် ဒီမိုကရေစီ အခွင့်အရေးများပေးပါက အခက်ဟု တွက်ဆကာ ပူပင်သောက ရောက်ခဲ့ကြသည်။ သို့သော်လည်း အမေရိကန်များအပေါ် အိန္ဒိယပြည်သူများက ရွံ့မုန်းနေသည်ကို တွေ့ မြင်ရသောအခါ စိတ်သက်သာရာရခဲ့ကြလေသည်။

စစ်ပြီးသောအခါ ကာလကတ္တားတွင် လူမျိုးရေး အဓိကရုဏ်းကြီး တစ်ခု ဖြစ်သည်။ ထိုအဓိကရုဏ်းကို နှိမ်နင်းသည့်အနေဖြင့် အမေရိကန်စစ်တပ်က စက် သေနတ်ဖြင့်ပစ်ရာ လူပေါင်း ၄၀၀ ခန့် သေဆုံးသွားသည်။ ထိုသတင်းကို ကြားသော အခါ ဗြိတိသျှစစ်ဗိုလ်ချုပ် တစ်ဦးက–

"ကောင်းတယ်၊ နောက်ဆုံးတော့ အမေရိကန်တွေဟာ ဒီလိုပဲ လုပ်ကြရမှာပဲ" ဟု ဝမ်းသာအားရ ပြောသည်။

အမေရိကန်တို့ကလည်း အိန္ဒိယလူမျိုးများနှင့် ပတ်သက်ပြီး စိတ်ပျက်လက်ပျက် ဖြစ်နေကြသည်။

"ဂျပန်တွေကို ဒုက္ခပေးချင်ရင် သူတို့လက်ထဲ အိန္ဒိယပြည် ထည့်ပြီး အုပ်ချုပ် ခိုင်းလိုက်တာ အကောင်းဆုံးပဲ" ဟု အမေရိကန် ဗိုလ်ချုပ်တစ်ဦးက အိန္ဒိယနှင့် ပတ် သက်၍ ချိုးချိုးနှိမ်နှိမ် ပြောခဲ့ဖူးသည်။

တိုင်းပြည်တစ်ခုသည် အခြား တိုင်းပြည်တစ်ခု၏ လက်အောက်တွင် ကျွန် သပေါက်ဘဝဖြင့် နှစ်ပေါင်း ၂၀၀ ကျော် နေခဲ့ရပါက ထိုတိုင်းပြည်ရှိ ပြည်သူများ သည် အောက်ကျနောက်ကျ ဖြစ်နေခြင်း၊ တိုင်းပြည်သည်လည်း များစွာ ခေတ်နောက် ကျနေခြင်းနှင့် ရင်ဆိုင်ရမည် ဆိုသည်ကို အမေရိကန်တို့ နားမလည်နိုင်ခဲ့ကြချေ။

အိန္ဒိယတက္ကသိုလ်များတွင် တွေ့ဆုံကြရာမှ အိန္ဒိယလူမျိုးများနှင့် မိတ်ဆွေ ဖြစ်ကြရသော အမေရိကန်များလည်း ရှိပါသည်။ သူတို့သည် အိန္ဒိယပြည်သူများ အပေါ်မှာ နားလည်နိုင်ကြသည်။ ဆင်းရဲနွမ်းပါးလွန်းသည့် ဘဝဖြင့် အသက်ရှင်

mgyoe.com

mgyoe.com

ရပ်တည်နိုင်ရေးအတွက် ပင်ပန်းကြီးစွာ ရုန်းကန်နေကြရသော အိန္ဒိယပြည်သူများ အပေါ် စာနာထောက်ထားတတ်သည့် အမေရိကန်များ ရှိပါသည်။ သို့သော် ရှာမှ ရှားလှပါသည်။

နာဂတောင်တန်းအစွန်း လီဒိုလမ်းမကြီးပေါ်ရှိ ထန်းရွက်မိုးသော ဝါးတဲတစ်ခု အတွင်း၌ အမေရိကန် တပ်ကြပ်တစ်ဦးနှင့် ကျွန်ုပ် တွေ့ခဲ့ရပါသည်။ သူသည် အိန္ဒိယ လူမျိုးများအပေါ် နားလည်တတ်သည့် အလွန်တရာ ရှာမှရှားသော အမေရိကန်လူမျိုး တစ်ဦးပင် ဖြစ်ပါသည်။ အင်္ဂလိပ်–ဟိန္ဒူ အဘိဓာန် အဟောင်းကလေး တစ်အုပ်ကို ဆွဲထုတ်လာပြီး ဟိန္ဒူစကားကို မည်ကဲ့သို့ ပြောရမည် ဖြစ်ကြောင်း ရှင်းပြသည်။

"ဒီအဘိဓာန်ကလေးဟာ ကျွန်တော်တို့အတွက် သိပ်အသုံးဝင်နေတယ်။ အကြောင်း ပေါ်တိုင်း ဒီစာအုပ်ကိုပဲ အားကိုးနေရတယ်။ ကုလားတွေနဲ့ ပြဿနာပေါ်တိုင်း ကျွန်တော့် လူတွေဟာ ကျွန်တော့်ဆီပဲ ပြေးလာကြတယ်။ ဘာသာစကား အခက်အခဲကလည်း ရှိတယ် မဟုတ်လား။ ကျွန်တော် လိုက်သွားမှ ပြဿနာပြီးလေ့ ရှိတယ်"

သူနှင့် စကားပြောနေစဉ် စုတ်ပြတ်ပြီး ညစ်ပတ်ပေရေနေသော အဝတ်အစား များ ဝတ်ထားသည့် ကုလားမကလေးတစ်ဦး ဝင်လာသည်။ တပ်ကြပ်ကြီး၏ ကုလား ထိုင် နောက်ဘက်သို့သွားကာ သူ့လည်ပင်းကို ဖက်လိုက်သည်။ ကျွန်ုပ်ကိုလည်း တပ်ကြပ်ကြီး၏ ပခုံးပေါ်မှကျော်ပြီး မျက်လုံးဝိုင်းကြီးများဖြင့် လှမ်းကြည့်နေသည်။ တပ်ကြပ်ကြီးက ဟိန္ဒူဘာသာဖြင့် တစ်စုံတစ်ရာကို ခပ်တိုးတိုး ပြောသည်။ ကလေးမ ကလေးက ခေါင်းခါပြသည်။ တပ်ကြပ်ကြီးက ထပ်ပြောပြန်သည်။ ခဏကြာသော အခါ ကလေးမကလေး ပြန်ထွက်သွားသည်။

"ဒါ ကျွန်တော့် သမီးကလေးပေါ့။ သူ့နာမည်က ဂျမီလာတဲ့။ အသက် ၇ နှစ်လောက်ပဲ ရှိဦးမယ် ထင်တယ်။ သူ့ကို သန့်သန့်ရှင်းရှင်း ဖြစ်အောင် ရေချိုးပေး တယ်။ အဝတ်အစားအသစ်နဲ့ ဖိနပ်ဝယ်ပြီး ဆင်တယ်။ ဒါပေမဲ့ နောက်နေ့ကျတော့ သူ့အဝတ်အစားတွေဟာ စုတ်ပြတ်ပြီး ညစ်ပတ်မြဲ ညစ်ပတ်နေတာပဲ။ အခု မြင်တဲ့ အတိုင်းပဲလေ။ ကျွန်တော် ဝယ်ဆင်ပေးလိုက်တဲ့ အဝတ်အစားအသစ်တွေနဲ့ ဖိနပ်ကို သူ့မိဘတွေက ချွတ်ယူပြီး ဈေးမှာ ရောင်းစားလိုက်ကြတယ်။ ကျွန်တော့်မှာလည်း ဝယ်ပေးလို့ကို မဆုံးနိုင်တော့ဘူး။ ဂျမီလာဟာ အသက်ငယ်ပေမဲ့ ပါးနပ်ချက်ချာတယ်။ ဒါကြောင့် ဒီကလေးကို ကျွန်တော် သဘောကျတယ်ဗျာ။ ကျွန်တော် ဒီကို ရောက်နေ တာ လပေါင်း သုံးဆယ်ရှိပြီ။ ဒီလို တောကြီးခေါင်ခေါင်ထဲမှာ ဂျမီလာလို အဖော်

mgyoe.com

mgyee.com

ကောင်းကလေး တစ်ယောက် ရနေလို့ ဖြေသာပါသေးရဲ့"ဟု တပ်ကြပ်ကြီးက ပြောပြသည်။ သူ့စကားနှင့် သူ့အသံများသည် အလွန်တရာ ပျင်းရိငြီးငွေ့ရှံသာမက ပင်ပန်းနွမ်းနယ်နေဟန်ကိုလည်း အကဲဖမ်း၍ ရနိုင်ပါသည်။

နီးဂရိုးများ

အမေရိကန်တို့သည် တောတောင်များကို ဖြတ်ကာ နာဂတောင်တန်းကို ကျော်ပြီး မြန်မာပြည်အတွင်းသို့ လီဒိုလမ်းမကြီးကို ဖောက်လုပ်ခဲ့ကြသည်။ ခရီးအလှမ်းကွာလှပြီး တောကြီးမျက်မည်းဖြစ်နေသည့် ပန်ဆောက်တောင်ကြားမှတစ်ဆင့် တရုတ်ပြည်သို့ရောက်အောင် လမ်းဖောက်ကြခြင်း ဖြစ်သည်။ ထောင်ပေါင်းများစွာသော အမေရိကန် နီးဂရိုးများသည် ဘူဒိုဇာများ၊ လမ်းကြိတ်စက်များဖြင့် သစ်ပင်ကြီးများကို ခုတ်လှဲခြင်း၊ တံတားများ ဆောက်ခြင်း၊ ချိုင့်ဝှမ်းများကို ဖို့ခြင်းဖြင့် ပင်ပန်းတကြီး လုပ်ကိုင်ခဲ့ကြရသည်။ ထိုသို့ အလွန်ကြီးကျယ်သည့် အင်ဂျင်နီယာလုပ်ငန်းကြီး တစ်ခုကို လုပ်ကိုင်နေရင်းဖြင့်ပင် အမေရိကန်လူမျိုးရေး ပြဿနာကိုလည်း အာရှတိုက်အတွင်းသို့ သူတို့နှင့်အတူ ယူဆောင်လာခဲ့ကြလေသည်။

ကာလကတ္တားမြို့အနီးတွင် နီးဂရိုး စစ်တပ်များ စတည်းချသည်။ အခြားစစ်တပ်များက အနောက်ဘက် စစ်မျက်နှာသို့ ချီတက်နေကြသည်။ ကာလကတ္တားမြို့စွန်ရှိ ဟောင်းရှားရပ်ကွက်သည် သူတို့၏ အနားယူစခန်းလည်း ဖြစ်သည်။ နီးဂရိုးကြက်ခြေနီအသင်းများ၊ စစ်မြေပြင် သူနာပြု တပ်ဖွဲ့များကိုလည်း ထိုရပ်ကွက်မှာပင်ပူးပေါင်းထားသည်။

ဤနေရာမှာပင် အမေရိကန် လူဖြူလူမည်း ပြဿနာကို အိန္ဒိယတိုင်းရင်းသားများ မျက်မြင်ကိုယ်တွေ့ ဖြစ်ကြရတော့သည်။ အသားအရောင် ခွဲခြားမှု အယူသီးလွန်းသော အမေရိကန် လူဖြူအမြောက်အမြားတို့နှင့် နီးဂရိုးတို့၏ ပဋိပက္ခများသည် နေ့စဉ်နှင့်အမျှဆိုသလို ဖြစ်ပွားလျက် ရှိသည်။

အင်္ဂလိပ်–အိန္ဒိယ ကပြား အမျိုးသမီးကလေးများကို ပိုးပန်းကြရာမှာပင် လူမျိုးရေး ပြဿနာ၊ အသားအရောင် ပြဿနာက ပါလာသည်။

"နီးဂရိုးဟာ တို့အမေရိကန် လူဖြူတွေရဲ့ ကူလီတွေ ဖြစ်တယ်။ ဒါကြောင့် ဒီကောင်တွေကို မင်းတို့ သိပ်အရေးစိုက်မနေနဲ့။ မျက်နှာသာပေးမနေနဲ့။ အလွန်ကြောက်စရာကောင်းတဲ့ အကောင်တွေ။ အလွန်လည်း ယုတ်မာကောက်ကျစ်တဲ့

mgyee.com

mgyoe.com

အကောင်တွေ။ သူတို့အကြောင်း မင်းတို့ မသိသေးလို့။ သူတို့နဲ့ရတဲ့ ကလေးတွေမှာ အမြီးပါတယ်" ဟု လူဖြူအမေရိကန် စစ်သားများက အမျိုးသမီးများကို ပြောကြသည်။

"ဒီကောင်တွေအကြောင်း မင်းတို့ ဘာမှမသိပါဘူး။ လူကို လူလို မမြင်တတ်ဘူး။ အသားအရောင်ခွဲတဲ့နေရာမှာ ကမ်းကုန်အောင် ယုတ်မာတယ်။ အခုနေသာ မင်းတို့ကို သဲသဲလှုပ် လုပ်နေတာ။ သူတို့တိုင်းပြည် ရောက်သွားရင် မင်းတို့ကိုလည်း နီးဂရိုးစာရင်းထဲ သွင်းလိုက်မှာပဲ" ဟု နီးဂရိုး စစ်သားများကလည်း ပြန်ပြောကြသည်။

သို့သော်လည်း နီးဂရိုးစစ်သားများအနေဖြင့် စစ်နားချိန်တွင် မိန်းကလေးများကို အချိန်ကြာမြင့်စွာ ပိုးပန်းခြင်း မပြုလိုက်ကြရပါ။ အနားယူခွင့်ကို အချိန်အနည်းငယ်သာ ရကြသည်။ မကြာမီမှာပင် တောကြီးခေါင်ခေါင်အတွင်းသို့ လမ်းဖောက်ရန် ပြန်ကြရပြန်သည်။

လီဒိုလမ်းမကြီး ဖောက်လုပ်နေသည့် မြန်မာပြည် နယ်စပ်မှာမူ အခြေအနေက တစ်မျိုး ဖြစ်သည်။ မြို့များပေါ်တွင် နေထိုင်ရသည့်အချိန်ထက် အနည်းငယ် သက်သာသည်ကို မြင်ရသည်။

"အသားအရောင် ခွဲခြားမှု ပြဿနာက ဒီမှာ သိပ်မပြင်းထန်လှဘူး။ ဘာကြောင့်လဲဆိုတော့ ဒီမှာက လူနည်းနည်းပဲရှိတာ တစ်ကြောင်း၊ ဟိုတယ်တွေ၊ စားသောက်ဆိုင်တွေ၊ ကလပ်တွေ မရှိတာ တကြောင်းကြောင့် အသားအရောင် ပြဿနာ နည်းနည်းတော်တာပေါ့။ အဓိက အချက်ကတော့ အပြိုင်အဆိုင် ပိုးစရာ မိန်းမ တစ်ယောက်မှ မရှိလို့ပါပဲဗျာ" ဟု တောတွင်း၌ တွေ့ခဲ့ရသော နီးဂရိုးတပ်ကြပ်ကြီး တစ်ဦးက ကျွန်ုပ်ကို ပြောပြသည်။

"ဒီတောထဲမှာ ကျွန်တော်တို့ လူမည်းတွေက လူဖြူတွေထက် ပိုများတော့ သာသာယာယာ ရှိသလိုပါပဲ။ ဒီမှာရှိနေတဲ့ လူဖြူတွေကလည်း အနေအထိုင် အပြောအဆို ဆင်ခြင်ကြတော့ ကျွန်တော်တို့နဲ့ တယ်ပြီး ရန်မဖြစ်ရတော့ဘူး" ဟုလည်း နီးဂရိုး စစ်သားတစ်ဦးက စိတ်ချမ်းသာသည့် အမူအရာမျိုးဖြင့် ပြောပြသည်။

မြန်မာပြည် တောတွင်းတစ်နေရာရှိ စစ်စခန်းတစ်ခုတွင် နီးဂရိုး စစ်သားကလေး တစ်ဦးနှင့်လည်း ကျွန်ုပ် တွေ့ခဲ့ရသေးသည်။

"လွတ်လပ်တဲ့ လူဖြူနဲ့ ကျန်ရိုးရိုး လူဖြူရယ်လို့ နှစ်မျိုး ရှိပါတယ်။ လွတ်လပ်တဲ့ လူဖြူတွေက ကျွန်တော်တို့ နီးဂရိုးတွေကို လူသားအဖြစ် သဘောထားတယ်။ သူတို့နဲ့ တန်းတူ ဆက်ဆံတယ်။ ဒါပေမဲ့ ကြင်နာမှုနဲ့ လေးစားမှုတော့ မရှိဘူး။

mgyoe.com

mgyoe.com

တော်သေးတာပေါ့ဗျာ။ ကျန်တဲ့ လူဖြူတွေကတော့ ကျွန်တော်တို့ကို လူအဖြစ်နဲ့တောင် အသိအမှတ် မပြုကြပါဘူး။ ဒီလီဒိုလမ်းမကြီး တစ်လျှောက်မှာတော့ ကျွန်တော်တို့ကို လူအဖြစ် မြင်တတ်တဲ့ လွတ်လပ်တဲ့ လူဖြူဆိုလို့ တစ်ယောက်မှ မရှိပါဘူး။ အရာရှိတွေက ပိုလို့တောင် အဆင့်အတန်း ခွဲကြသေးတယ်။ သူတို့ လူဖြူချင်းကျတော့ အမိန့်ပေးရုံသာ ပေးတယ်၊ ကျွန်တော်တို့ နီးဂရိုးတွေကျတော့ ကြမ်းကြမ်းတမ်းတမ်း ကိုင်တွယ်အုပ်ချုပ်တယ်။ ဒါကြောင့် ကျွန်တော်တို့ နီးဂရိုး စစ်သားတွေဟာ စိတ်ပျက်နေကြတယ်။ ကျွန်တော်တို့အပေါ် ထုတ်တဲ့ လူဖြူစစ်ဗိုလ်တစ်ယောက်ရဲ့ စစ်မိန့်ဟာ ရိုးရိုးစစ်မိန့်မျိုး မဟုတ်ဘူး။ လူဖြူက လူမည်းအပေါ်မှာ ဗိုလ်ကျလိုက်တဲ့ စစ်မိန့်မျိုးသာ ဖြစ်နေတယ်။ အသားအရောင် ခွဲခြားမှုဟာ အခုလို စစ်မြေပြင်အထိ ရောက်လာဖို့ မကောင်းပါဘူး" ဟု အဆိုပါ နီးဂရိုးစစ်သားကလေးက စိတ်ပျက်လက်ပျက် ပြောပြသည်။

တောတွင်းတောင်တွင်းရှိ အခြေခံစစ်စခန်းများတွင် လူဖြူနှင့် လူမည်းတို့မည်ကဲ့သို့ ဆက်ဆံနေထိုင်ကြရမည်ဟု သတ်မှတ်ပြဋ္ဌာန်းထားခြင်းလည်း မရှိချေ။

သူတို့သည် အသားအရောင် ကွဲသော်လည်း တစ်နိုင်ငံတည်းသားချင်း ဖြစ်သည်။ စစ်တပ်တစ်တပ်တည်း ဖြစ်သည်။ စစ်မြေပြင်မှာ စစ်အတူတိုက်နေကြသူချင်း ဖြစ်သည်။ ထို့ကြောင့် အသားအရောင် ခွဲခြားမှုကို ဘေးဖယ်ကာ ယုံကြည်ချက်တူ၊ ဘ၀တူဖြင့် တစ်တန်းတစ်စားတည်း နေသင့်ကြပါသည်။

လီဒိုလမ်းမကြီးတွင် လူဖြူလူမည်း ညီညွတ်သင့်မြတ်ရေးအတွက် ကြိုးပမ်းမှုများကို ပြုလုပ်ခဲ့ကြပါသေးသည်။ သို့သော်လည်း လူဖြူစစ်ဗိုလ်တို့၏ တားမြစ်ချက်ကြောင့် မအောင်မြင်။ စစ်ဗိုလ်တို့သည် နီးဂရိုး စစ်သားများကို နှိပ်စက်ဖို့လောက်သာ စဉ်းစားနေကြသည်။ လူဖြူနှင့်လူမည်း သင့်မြတ်သွားမည်ကို စိုးရိမ်နေကြပုံလည်း ပေါက်သည်။ ထို့ကြောင့် လူဖြူလူမည်း ဒူးတိုက် ဆွေးနွေးမှုများကို ဤစစ်မြေပြင်တွင် လုံး၀ ခွင့်မပြု ဟူသော အမိန့်မျိုးအထိ ထုတ်ပြန်လာကြလေသည်။

နီးဂရိုးစစ်သားအချို့သည် အိန္ဒိယအမျိုးသားအချို့ကိုလည်း မကြာခဏ ဖိတ်ခေါ် ဆွေးနွေးလေ့ ရှိသည်။ တက္ကသိုလ်ဘွဲ့ရ အိန္ဒိယ မီးရထား အလုပ်သမား တစ်ယောက်ကို နီးဂရိုးများက ဖိတ်ခေါ်ဖူးသည်။ သို့သော် "အလုပ်မပြုတ်ချင်ရင် ကိုယ့်အိမ်မှာ ကိုယ်နေပေါ့" ဟူသော လူဖြူအထက်အရာရှိ၏ အမိန့်ကြောင့် ကိုယ်ရှိန်သတ်ကြရပြန်သည်။

mgyoe.com

နီးဂရိုးသည်လည်း လူသားပင် ဖြစ်ပါသည်။ လူဖြူများတွင် လူတော်၊ လူညံ့၊ လူကောင်း၊ လူဆိုးရှိသကဲ့သို့ပင် နီးဂရိုးများထဲတွင်လည်း လူပေါင်းစုံ ရှိရမည်သာ ဖြစ်သည်။ စိတ်တက်ကြွသူ၊ ပေါ့ပေါ့ဆဆ လုပ်ကိုင်နေထိုင်တတ်သူ၊ ပါးနပ်သူ၊ အသူ၊ သဘောထားကြီးသူ၊ စိတ်ဓာတ်ညံ့ဖျင်းသူ၊ ပညာဉာဏ် အမြော်အမြင်ကြီးသူ စသည်ဖြင့် အမျိုးအစားပေါင်းများစွာတို့ ရှိနေကြသည်သာ ဖြစ်၏။

ဤလောကတွင် မိမိတို့ထက် ညံ့ဖျင်းသည့် လူမျိုးတစ်မျိုး ရှိသေးသည်ဟု ထင်မှတ်ယုံကြည်နေသော နီးဂရိုးအချို့ကိုလည်း တွေ့ခဲ့ရပါသည်။ သို့သော် လူနည်းစု သာ ဖြစ်သည်။ ကျန် နီးဂရိုး အများစုကမူ လူကို လူလို မြင်သောသူများ ဖြစ်သည်။ အိန္ဒိယအမျိုးသားများကို အမေရိကန် လူဖြူများက ဝုခ် (လူတုံးလူညံ့များ) ဟု ခေါ်လေ့ ရှိသော်လည်း နီးဂရိုးတို့သည် ထိုအသုံးအနှုန်းကို ဘယ်သောအခါတွင်မှ မသုံး။ ထိုမျှမက (ဆပ်) ဟူ၍ပင် ရိုရိုသေသေ ခေါ်ကြသည်။ အိန္ဒိယလူမျိုးများက လူဖြူများ ကို သော်လည်းကောင်း၊ မိမိထက် ကြီးမြင့်သူကို သော်လည်းကောင်း (ဆပ်) ဟု ရိုရိုသေသေ ခေါ်ကြသလို သူတို့ကလည်း ရိုရိုသေသေ ပြန်ခေါ်ခြင်း ဖြစ်သည်။

"လူဖြူတစ်ယောက်က အိန္ဒိယလူမျိုး တစ်ယောက်ကို မတော်မတရား ညှဉ်းပန်း နှိပ်စက်နေတာ မြင်ရတိုင်း ဂျော်ဂျီယာနယ်နဲ့ မစ္စစ်စပီနယ်ကို ပြေးသတိရမိတယ်။ ဟိုနယ်တွေမှာလည်း အသားရောင် ခွဲခြားမှုက သိပ်ပြင်းထန်ပြီး လူဖြူတွေဟာ လူမည်း တွေကို နှိပ်စက်နေကြတာပဲ။ အိန္ဒိယလူမျိုးတွေကို အခုလို ညစ်ညစ်ပတ်ပတ်နဲ့ အောက် တန်းကျပြီး မျှော်လင့်ချက်ကင်းမဲ့နေတဲ့ အခြေအနေမျိုးမှာ မတွေ့ချင်၊ မမြင်ချင်ပါဘူး။ ကျွန်တော်တို့ ကိုယ်ချင်းစာမိတယ်။ အမေရိကန် တောင်ပိုင်းမှာ လူမည်းတွေ အဆင့် အတန်း နိမ့်နေရတာဟာ လူဖြူတွေ ဖိနှိပ်ထားလို့ ဖြစ်တယ်။ အခု ဒီမှာ အိန္ဒိယ တိုင်းရင်းသားတွေ အဆင့်အတန်း နိမ့်နေတာဟာလည်း ဗြိတိသျှလူဖြူတွေ ဖိနှိပ်ထား လို့၊ ခေါင်းပုံဖြတ်ထားလို့၊ အနိုင်ကျင့်ထားလို့ ဖြစ်ရတာပါ" ဟု နီးဂရိုးများက သူတို့ အမြင်ကို ထုတ်ဖော်ပြောပြကြသည်။

စစ်မြေပြင်တွင် လူဖြူတို့၏ ဗိုလ်ကျမှုကြောင့် လူမျိုးရေး အာဃာတများသည် လည်း ပိုမိုကြီးထွားလာခြင်း ဖြစ်သည်။

"နီးဂရိုးဆိုတဲ့ အကောင်တွေဟာ ကူလီတွေပဲ။ ဘာမှ တန်ဖိုးရှိတဲ့ အကောင် တွေ မဟုတ်ဘူး။ ဘာမှ မျှော်လင့်ချက်မထားဘူး။ အားအားရှိရင် ပျော်ပျော်နေဖို့ လောက်ပဲ စဉ်းစားနေတဲ့ အကောင်တွေ" ဟု လူဖြူအရာရှိ တစ်ယောက်က ပြောသည်။

mgyoe.com

mgyoe.com

"ပျော်ပျော်မနေတတ်တဲ့ နီးဂရိုး တစ်ကောင်တလေများ တွေ့ဖူးလို့လား" ဟု အခြား လူဖြူဗိုလ်ကြီး တစ်ယောက်က စကားဝင်ထောက်သည်။

"လူ့လောကမှာ ဝုခ် ဆိုတဲ့ အကောင်တွေဟာ အညံ့ဆုံးပဲ။ နီးဂရိုးက အဲဒီ ဝုခ်တွေထက် နည်းနည်းကလေး သာတယ်" ဟု ဘေးတွင်ထိုင်နေသည့် အမေရိကန် ဂျူးတစ်ယောက်က မှတ်ချက်ချသည်။

လူဖြူလူမည်း အမေရိကန်တို့သည် သာမန်လူတို့ ဖောက်နိုင်ခဲသော လီဒိုလမ်းမ ကြီးကို ခက်ခဲပင်ပန်းစွာ ဖောက်လုပ်နေကြသည်။ တောကိုတိုး၊ တောင်ကို လျှိုးကာ သစ်ပင်ကြီးများကို ဖယ်ရှားနေကြသည်။ ကျောက်တောင်ကြီးများကို ဖြိုခွဲနေကြသည်။ သဘာဝ၏ အဟန့်အတားများကို ကြီးမားသည့် စက်ကိရိယာကြီးများဖြင့် ဖြိုခွင်းနေကြ သည်။ ဖယ်ရှားနေကြသည်။

သို့သော်လည်း သူတို့၏ ရင်တွင်းမှာ ကိန်းအောင်းနေသည့် အသားအရောင် ခွဲခြားမှုများ၊ အဆင့်အတန်း ခွဲခြားမှုများ၊ ထိုအသားအရောင် ခွဲခြားမှုနှင့် အဆင့်အတန်း ခွဲခြားမှုကို အခြေခံပြီး ဖြစ်ပေါ်လာသည့် အာဃာတတရားများကိုမူ ဖယ်ရှားဖြိုခွင်း ခြင်းကား မပြုနိုင်ကြချေ။

မြန်မာပြည်မှ တရုတ်များ

မြန်မာပြည်မြောက်ပိုင်း စစ်မြေပြင်သို့ သွားရာ လမ်းတစ်လျှောက်တွင် အမေ ရိကန်တို့ အမုန်းတကာ့အမုန်းဆုံးမှာ တရုတ်များ ဖြစ်သည်။ ဖြစ်ပေါ်နေသည့် အခြေ အနေများကလည်း ကြီးမားသည့် အမုန်းစိတ်ကို ပွားများစေသည်။

မြန်မာပြည်မြောက်ပိုင်း စစ်မြေပြင်တွင် အမေရိကန်တို့သည် ပင်ပန်းကြီးစွာ၊ ခက်ခဲစွာ တိုက်ခိုက်ကြရ၏။ စစ်နှင့် ပတ်သက်သော အရေးကြီးသည့် ခက်ခဲသည့် လုပ်ငန်းများကို လုပ်ကိုင်နေကြရပါ၏။ ထိုသို့ ဒုက္ခပေါင်းစုံနှင့် ရင်ဆိုင်ကာ ပင်ပန်းကြီး စွာ တိုက်ပွဲဝင်နေရသော်လည်း ဘာအတွက် သူတို့ တိုက်ပွဲဝင်နေကြရသည်ကို သူတို့ ကိုယ်တိုင်ပင် မသိနားမလည်ကြ။

တရုတ်ပြည်သို့သွားရာ လီဒိုလမ်းမကြီး ဖောက်လုပ်ခြင်း၊ ရေနံပိုက်များ ချခြင်း ဖြင့် ဤကမ္ဘာစစ်ကြီးသည် အလျင်အမြန် ပြီးဆုံးသွားလိမ့်မည်ဟု သူတို့ မယုံကြည်ကြ။ ဤသို့ လုပ်ကိုင်နေခြင်းသည် မျှော်လင့်ချက်ကင်းမဲ့သော အလုပ်ကို အကြောင်းမဲ့ လုပ်ကိုင်ရင်း အချိန်ကိုလည်း အလဟဿ ဖြုန်းတီးနေခြင်း ဖြစ်သည်။ တကယ့် စစ်တိုက်နေခြင်း မဟုတ်ဟု သဘောပိုက်ထားကြသည်။

mgyoe.com

 mgyoe.com

ထို့ထက် ပိုဆိုးသည်မှာ ဤသို့ လုပ်ကိုင်နေရခြင်းသည် မိမိတို့ လုပ်သင့်လုပ်ထိုက်သော အလုပ် မဟုတ်ဟု ယုံကြည်နေကြခြင်းပင် ဖြစ်သည်။

ယခုကဲ့သို့ ခေါင်လွန်းသည့်၊ ခရီးလမ်းပန်း အဆက်အသွယ် ညံ့လွန်းသည့် တောကြီးမျက်မည်းထဲတွင် လာရောက် နေထိုင်ကာ လမ်းဖောက်ခြင်း၊ ရေနံပိုက်များ ဆက်သွယ်ရခြင်းသည် တရုတ်များ လုပ်ကိုင်ရမည့် အလုပ်သာ ဖြစ်သည်။ သူတို့အလုပ်ကို မိမိတို့က ဒုက္ခခံပြီး လာရောက် တာဝန်ယူနေရသည်ဟု ယုံကြည်နေကြသည်။ ထို့ကြောင့်လည်း တရုတ်ပြည်ကို မုန်းတီးလာသည်။ မိမိတို့ကို ဒုက္ခပေးသည့် တရုတ်များဟု သတ်မှတ်ကာ တရုတ်လူမျိုးများကို မုန်းတီးလာသည်။ သူတို့ မုန်းသော တရုတ်ပြည်ကို ကိုယ်စားပြုနေသူများသည် ဤမြန်မာပြည်မြောက်ဖျားတွင် သူတို့နှင့် အတူရှိနေကြသော တရုတ်များ ဖြစ်သည်ဟု တရားခံရှာလာသည်။

တရုတ်ပြည်မှ ဆင်းရဲနွမ်းပါးလှသော စစ်သားများကို အမေရိကန်တို့က လေယာဉ်ပျံဖြင့် အိန္ဒိယပြည်သို့ခေါ်ယူပြီး လေ့ကျင့်ပေးသည်။ အဝတ်အစား ကောင်းများ၊ လက်နက်သစ်များ ထုတ်ပေးသည်။ ကောင်းကောင်းကျွေး၊ ကောင်းကောင်းထားသည်။ သူတို့ကိုယ်သူတို့ ယုံကြည်မှု ရှိလာသောအခါတွင် မြန်မာပြည် မြောက်ပိုင်းစစ်မြေပြင်သို့ စေလွှတ်ကာ ဂျပန်ကို တိုက်စေသည်။ ပွဲဦးထွက်မှာပင် အောင်ပွဲများရလာသဖြင့် တရုတ်စစ်သားတို့သည်လည်း သူတို့ကိုယ်သူတို့ ပိုမို ယုံကြည်လာကြသည်။

ရှေးခေတ် တရုတ်သက်ဦးဆံပိုင်ဘုရင်များ၊ စစ်ဗိုလ်ချုပ်ကြီးများ၊ လူချမ်းသာများသာ သုံးစွဲနိုင်ခဲ့သည့် အဝတ်ကောင်း၊ အစားကောင်း၊ နေအိမ်ကောင်းများကို ယခု သူတို့ကိုယ်တိုင် သုံးခွင့်၊ စားခွင့်၊ နေခွင့်ရနေကြပြီ ဖြစ်ကြောင်းကိုလည်း တရုတ်စစ်သားများက သဘောပေါက်ကြသည်။ အမေရိကန်၏ အကူအညီကို မရမီက အလွန် အောက်တန်းကျစွာ၊ အလွန် ဆင်းရဲနွမ်းပါးစွာ နေခဲ့ရသည့် ဘဝကိုလည်း ပြန်ပြောင်း အောက်မေ့လာသည်။

သူတို့ ခြေထောက်မှ ကောက်ရိုးဖိနပ်များကို စွန့်ပစ်လိုက်ကြသည်။ သူတို့လက်ထဲမှ အသုံးမကျတော့သော လက်နက်များကို လွှင့်ပစ်ကြပြီး အမေရိကန် စက်ရုံများမှ ထုတ်လုပ်သည့် ကောင်းပေ့ ဆိုသော လက်နက်များကို အစားထိုး ကိုင်ဆောင်လာကြသည်။

ဆင်းရဲနွမ်းပါးကာ ငတ်မွတ်ခဲ့သော သူတို့ဘဝသည် ချက်ချင်း ပြောင်းလဲသွားသည်။ အနှိပ်စက်ခံခဲ့ရသော ဘဝမှ မိမိထက် အားနည်းသူကို ပြန်လည် နှိပ်စက်သော

mgyoe.com

mgyoe.com

ဘဝသို့ ရောက်လာသည်။ အရာရာတွင် ခေါင်းငုံ့ခံခဲ့ရသော ဘဝဟောင်းကိုလည်း သူတို့ကိုယ်ပေါ်မှ အဝတ်အစားဟောင်းများနှင့်အတူ ဖယ်ရှားပစ်လိုက်ကြပြီ ဖြစ်သည်။

စိတ်သစ်လူသစ် ပြောင်းလာပြီဖြစ်သော တရုတ်စစ်သားတို့သည် သူတို့ကိုယ် သူတို့ ရှိသေရကောင်းမှန်း သိလာကြသည်။ ထိုမှတစ်ဆင့်တက်၍ သူတစ်ပါး၏ အရိုအသေပေးခြင်းကိုပါ ခံချင်လာသည်။ အထူးသဖြင့် အမေရိကန်တို့၏ အရိုအသေ ပေးခြင်းကို ရယူချင်လာသည်။ အမေရိကန်တို့က သြဇာပေးသလို သူတို့ကလည်း သြဇာ ပြန်ပေးလာကြသည်။

အမေရိကန်တို့ကလည်း တရုတ်များလုပ်ရမည့် အလုပ်ကို မိမိတို့က လာ ရောက် လုပ်ကိုင်ပေးရင်း ဒုက္ခခံနေရသည်ဟု သဘောပိုက်ထားသောကြောင့် မူလ ကတည်းက တရုတ်များအပေါ်တွင် မုန်းတီးနေရာ ယခု အခြေအနေမျိုးသို့ ရောက် လာသောအခါ ပို၍ပင် မုန်းတီးလာကြသည်။ တရုတ်များကို လူသားအနေဖြင့် သော် လည်းကောင်း၊ စစ်သားအနေဖြင့်သော်လည်းကောင်း နည်းနည်းကလေးမျှ အရေး မထားကြချေ။ တရုတ်များကို တန်ဖိုးမထားကြောင်း၊ လူရာမသွင်းကြောင်းကိုလည်း မကြာခဏ ထုတ်ဖော်ပြကြသည်။

တရုတ်များကလည်း အတုမြင်အတတ်သင်ဆိုသကဲ့သို့ အမေရိကန်တို့ ပြုမူ နေထိုင် ဆက်ဆံပုံများကို အတုခိုးလာသည်။ အားငယ်သူအပေါ် အနိုင်ကျင့်သည့် စရိုက်များကို အမေရိကန်တို့ထံမှ အတုခိုးလာကြသည်။

"ခင်ဗျား ကြောက်ဆုတ်ကြောက်ဆုတ် လုပ်နေရင် အမေရိကန် ဆိုတဲ့ အကောင် တွေက အနိုင်ကျင့်လာလိမ့်မယ်၊ ကမ်းတက်လာလိမ့်မယ်။ ဒါကြောင့် ခပ်ကင်းကင်း သာနေ။ ဒီကောင်တွေ လာမစမ်းရဲဘူး။ ကိုယ့်ထက် အားနည်းတဲ့လူအပေါ်မှာလည်း ဒီကောင်တွေ အနိုင်ကျင့်ချင်တယ်။ ကိုယ်က သူ့ထက် အားကြီးကြောင်းသာပြ။ ဘယ် တော့မှ ဒီကောင်တွေ မလှုပ်ရဲဘူး မှတ်" ဟုလည်း တရုတ်စစ်သား တစ်ယောက်က အမေရိကန်များနှင့် ပတ်သက်၍ ပြောပြသည်။

တရုတ်တို့သည် ထစ်ခနဲရှိလျှင် သေနတ်ကို ပြေးဆွဲတတ်ကြသည်။ အမေ ရိကန်တို့နှင့် ရန်ဖြစ်တိုင်း သေနတ်ကို ပြေးဆွဲလေ့ ရှိကြသည်။ အမေရိကန် စစ်သား များကလည်း သေနတ်ကို သေနတ်ချင်း တုံ့ပြန်ရန် ကြိုးစားရာမှ ထိုစစ်မြေပြင်တွင် သေနတ်တကားကားဖြင့် မြင်မကောင်းသော မြင်ကွင်းတို့ကို မကြာခဏ မြင်တွေ့နေရ သည်။

mgyoe.com

နောက်ဆုံးတွင် တရုတ်နှင့် ရန်ဖြစ်လျှင် အမေရိကန်တို့ကသာ အလျှော့ပေး နောက်ဆုတ်ရမည်ဟု အမေရိကန်ဗိုလ်ချုပ် ဂျိုးစတီးဝဲက အမိန့်ထုတ်ရလေတော့သည်။ ထိုအမိန့်ကြောင့်လည်း တရုတ်တို့အပေါ် အမေရိကန် စစ်သားများက ပိုပြီး အခဲမကျေ ဖြစ်လာကြပြန်သည်။

ဘာသာစကား အခက်အခဲကြောင့် တစ်ယောက်နှင့် တစ်ယောက် နားလည်မှု ကွဲလွဲရာမှ ခိုက်ရန်ဖြစ်ပွားမှုတို့သည် အများဆုံး ဖြစ်သည်။ ထိုအကြောင်းနှင့် ပတ်သက်၍ ထင်ရှားသော သာဓက တစ်ခုကိုလည်း ကျွန်ုပ်ကိုယ်တိုင် မြင်တွေ့ခဲ့ရဖူးပါသည်။

တစ်နေ့တွင် လီဒိုလမ်းမပေါ်၌ ထရပ်ကား နှစ်စီးတို့ ခေါင်းချင်းဆိုင် ရပ်မိကြသည်။ တစ်စီးပေါ်တွင် အမေရိကန် စစ်သားများ အပြည့်ပါပြီး ကျန်တစ်စီးပေါ်တွင် တရုတ်စစ်သားများ အပြည့်ပါကြသည်။

ထိုနေရာတွင် စောင့်နေသော အမေရိကန်စစ်သားက အမေရိကန် စစ်ကားကို ဆက်လက် သွားခွင့်ပေးလိုက်ပြီး တရုတ်စစ်ကားကိုမူ နောက်ကြောင်း ပြန်လှည့်သွားရန် လက်ညှိုးညွှန်ပြသည်။ ထိုအခါတွင် တရုတ်စစ်သားတို့သည် ရုတ်တရက် ဒေါသ ထွက်ကြကာ အမေရိကန် စစ်ကားကို သွားခွင့်ပေးပြီး မိမိတို့ကားကို ဘာကြောင့် ဖယ်ခိုင်းရသနည်းဟု မေးသည်။

အမေရိကန်စစ်သားသည် အခြေအနေအမှန့်ကို အတတ်နိုင်ဆုံး ရှင်းပြပါ၏။ သို့သော်လည်း တရုတ်များက သူ ရှင်းပြသည်ကို နားမလည်ကြ။ သူတို့ကို အနိုင်ကျင့်ခြင်းသာ ဖြစ်သည်ဟု သဘောပေါက်ပြီး တော်မီ သေနတ်များဖြင့် အမေရိကန်စစ်သားကို ဝိုင်းချိန်ကာ အော်ကြီးဟစ်ကျယ် ခြိမ်းခြောက်ကြသည်။

ရုတ်တရက် ဒေါသထွက်လာသော အမေရိကန် စစ်သားသည် သူ့ခါးမှ ပစ္စတိုကို ဆွဲထုတ်လိုက်သေး၏။ သို့သော်လည်း အင်အားချင်း မမျှသောကြောင့် နောက်ဆုတ်ပေးလိုက်သည်။

တရုတ်စစ်ကားလည်း ဆက်လက် မောင်းနှင်သွားသည်။ ကားပေါ်ပါသွားသည့် သူတို့ မျက်နှာများပေါ်မှာ အနိုင်ရသည့် အပြုံးပန်းများ ဝေသွားသည်။ အမေရိကန် စစ်သားမှာလည်း ဒေါသဖြင့် ကျန်ရစ်ခဲ့သည်။

ရှေ့နှစ်မိုင်ခန့်သို့ ရောက်သောအခါ ရှေ့ဆက်သွား၍ မရတော့။ လမ်းပြင်ရန် လမ်းမကြီးကို ပိတ်ထားသည်နှင့် တိုးကြရတော့သည်။ စောစောက သွားခွင့်ပြုလိုက်သည့် အမေရိကန် စစ်ကားသည် ထိုနေရာတွင် လူအင်အားဖြည့်ရန် လာပို့သည့်ကား

mgyoe.com

mgyoe.com

ဖြစ်သည်။ တရုတ်စစ်ကားလည်း ထိုအခါကျမှ လာလမ်းအတိုင်း နောက်ဆုတ်ပြန်သွားရလေတော့သည်။

ရိက္ခာချပေးသည့် လေထီးများကိုလည်း တရုတ်တို့ အလွန် တန်ဖိုးထားကြသည်။ အဝတ်အစား ရှားပါးသဖြင့် ထိုလေထီးစများဖြင့် အဝတ်များ ချုပ်ဝတ်ကြသည်။ ရွက်ထည်တဲများ ဆောက်လုပ်ကြသည်။ ဒေသခံ ပြည်သူများကိုတစ်ဆင့် ပြန်ရောင်းကြသည်။ သူတို့ အလိုရှိသည့် ပစ္စည်းကို ယင်းလေထီးစများဖြင့် လဲလှယ်ယူကြသည်။

မြန်မာပြည်ရှိ ဗန်းမော်မြို့ကို သိမ်းပိုက်ရန် အမေရိကန်တို့ ပြင်ဆင်နေကြသည်။ ရှေ့တန်းစစ်မျက်နှာတွင် လေယာဉ်ပျံကွင်းကလေးများ ပြုလုပ်နေကြသည်။ ဗန်းမော်မြို့ကို သိမ်းပိုက်ရာတွင် နောက်ထပ် တပ်ကူများ၊ လက်နက်ရိက္ခာများ အလွယ်တကူ ပို့ပေးနိုင်ရန်အတွက် ယာယီ လေယာဉ်ပျံကွင်းများ ဆောက်လုပ်ကြရခြင်း ဖြစ်သည်။ ထိုသို့ လေယာဉ်ပျံကွင်းများ ဆောက်လုပ်နေရသဖြင့် ထိုဒေသရှိ စစ်သားများအတွက် လိုအပ်သည့် ရိက္ခာများကို လေထီးများဖြင့် တသောသော ချပေးနေရသည်။

ယင်းလေထီးများသည် အပြီးတိုင် စွန့်ပစ်လိုက်သည့် လေထီးများ မဟုတ်။ စုဆောင်းထားပြီး နောက်ထပ် ပြန်လည် အသုံးပြုရဦးမည် ဖြစ်သည်။ ထို့ကြောင့် လေထီးအဟောင်းများ ပြန်ပို့ပေးရန် အမေရိကန် ရှေ့တန်းစစ်ဌာနချုပ်က အကြောင်းကြားသည်။ သို့သော် လေထီးတစ်ခုတလေမျှ ပြန်ရောက်မလာ။

ထို့ကြောင့် အမေရိကန် စစ်ဗိုလ်တစ်ယောက်ကို စေလွှတ်ပြီး လေထီးများ ယူခိုင်းသည်။ တရုတ်တို့က ထိုလေထီးများကို ရောင်းပြီး သူတို့စစ်ဗိုလ်များနှင့် ဝေစားမျှစား လုပ်နေကြသည်။ အမေရိကန်စစ်ဗိုလ်က သူ့လာရင်းကိစ္စကို သူ တတ်သမျှ တရုတ်စကားနှင့် စိတ်ရှည်လက်ရှည် ရှင်းပြသည်။ တရုတ်စစ်ဗိုလ်က ခေါင်းခါမြဲ ခါသည်။

အမေရိကန် စစ်ဗိုလ်ကလည်း ဤအမိန့်သည် စစ်မံ့ဖြစ်သောကြောင့် စစ်မိန့်ကိုသာ မိမိနာခံရမည် ဖြစ်ကြောင်း၊ လေထီးများကို ပြန်လည်သယ်ယူသွားရမည်သာ ဖြစ်ကြောင်း ထပ်ရှင်းပြပြန်သည်။ စိတ်မရှည်တော့သော တရုတ်တို့က အမေရိကန် စစ်ဗိုလ်ကို တော်မီ သေနတ်များနှင့် ဝိုင်းချိန်လိုက်ကြသည်။

"နောက်ထပ် မိမိပေးမည့် အမိန့်မှာ ပစ်မိန့်သာလျှင် ဖြစ်ကြောင်း" ဖြင့်လည်း တရုတ်စစ်ဗိုလ်က ခပ်တင်းတင်း ပြောသည်။

အမေရိကန် စစ်ဗိုလ်သည် ပတ်ဝန်းကျင်ကို လှည့်ကြည့်ပြီး ပိမိကို ဝိုင်းချိန်ထား

mgyoe.com

mgyoe.com

သည့် တော်မီသေနတ်များကို မြင်သောအခါ ဘာလုပ်ရမည်ကို မသိတော့ချေ။ ခဏ အကြာတွင် အလျှော့ပေးပြီး ထိုနေရာမှ ထွက်ခွာလာရလေတော့သည်။

အမေရိကန်စစ်တပ်တွင် သေနတ်ဖြင့် ချိန်ခြင်းသည် စစ်ခုံရုံးအတင်ခံရသည့် အမှုကြီး ဖြစ်သည်။ အထူးသဖြင့် အရာရှိတစ်ဦးကို မည်သည့်အကြောင်းနှင့်မျှ သေနတ် ဖြင့် ချိန်ခွင့်မရှိ။ ယခုမူ ယင်းဒေသတွင် အမေရိကန် စစ်သားပေါင်းများစွာ၊ စစ်ဗိုလ် ပေါင်းများစွာတို့သည် မကြာခဏ သေနတ်ဖြင့် ချိန်ခြင်းကို ခံနေကြရလေသည်။

ထိုအဖြစ်များနှင့် ပတ်သက်၍ အမေရိကန်တို့သည် ဒေါသအမျက် ခြောင်း ခြောင်း ထွက်နေကြသည်။ သူတို့ ရေရွတ်တိုင်းတာသည့် စကားလုံးများကို ပြန်လည် ရေးသားဖော်ပြရန်ပင် မသင့်ပါ။ ကျွန်ုပ်နှင့် တွေ့ခဲ့ရသည့် အမေရိကန် တပ်ကြပ်ကြီး တစ်ဦးကလည်း အံတကြိတ်ကြိတ်ဖြင့် ခွေးမသားတွေ ဟူသော စကားလုံးကို တွင်တွင် သုံးလျက် ရှိသည်။ သူက–

"တရုတ်နဲ့ အမေရိကန် စစ်ဖြစ်ကို ဖြစ်ရလိမ့်ဦးမယ်လို့ မျှော်လင့်တယ်။ အဲဒီ အချိန်မှာ ကျုပ် အသက် ၆၀ ကျော်နေပါစေ၊ ရှေ့ဆုံးက တက်ပြီး တိုက်ပြမယ်။ အခုလည်း ဗမာပြည်မှာရှိတဲ့ ဂျပန်ကို တိုက်ဖို့ ကျုပ်တို့ လာပေမဲ့ အခု ဒီမှာရှိနေတဲ့ တရုတ်တွေကို ပိုသတ်ချင်တယ်ဗျာ" ဟု ကြိတ်မနိုင်ခဲမရ ပြောသည်။

ခိုးမှုများလည်း မကြာခဏ ဖြစ်သည်။ ခိုးမှုတစ်ခုဖြစ်၍ စုံစမ်းလိုက်လျှင် တရားခံသည် တရုတ်များသာ ဖြစ်နေတတ်သည်။ ထိုကိစ္စများနှင့် ပတ်သက်၍ တရုတ် စစ်ဗိုလ်ကြီးများကလည်း မငြင်းကွယ်ကြချေ။ "မင်းတို့ ကန်းနေရင် သူတို့ကတော့ ခိုးမှာပဲ" ဟု ခပ်ပြောင်ပြောင်ပင် ပြန်ပြောလေ့ ရှိသည်။ တရုတ်စကားဖြင့် ဖယန်းဆေး (နိုင်ငံခြားပစ္စည်းများ အပိုရအောင် လုပ်ခြင်း) ဖြစ်သည်ဟု ပစ္စည်းခိုးမှုနှင့် ပတ်သက်၍ သူတို့က ခံယူထားကြသည်။

အမေရိကန် စစ်သားတို့သည် လူ့အသုံးအဆောင်ပစ္စည်း အလျှံပယ် ပေါများ သူများ ဖြစ်ကြသည်။ ဤမျှ ပစ္စည်းပေါများသည်ကို တရုတ်တို့ မြင်တွေ့ကြရသော အခါတွင် များစွာ အံ့သြကြသည်။ အမေရိကန်တို့သည် ပစ္စည်းပေါများသည်နှင့်အမျှ အသိမ်းအဆည်း အထားအသိုတွင်လည်း စည်းကမ်းမရှိကြ။ ပစ်စလက်ခတ်ထားလေ့ ရှိကြသည်။ သူတို့ လိုချင်သည့် ပစ္စည်းတစ်ခုခု တွေ့လျှင် မတန်တဆပေးကာ ပစ္စည်း ချင်း လဲယူလေ့လည်း ရှိသည်။ အထူးသဖြင့် စစ်မြေပြင်မှရရှိသော ဂျပန်ပစ္စည်းများကို အမှတ်တရပစ္စည်းအဖြစ် လိုချင်ကြသည်။ ထို့ကြောင့်လည်း အဝတ်အစား မြောက်မြား

mgyoe.com

စွာနှင့် အခြား အသုံးအဆောင် မြောက်မြားစွာတို့ကို ပေးပြီး မတန်တဆ လဲယူကြလေသည်။ ထိုအဖြစ်များကို မြင်သောအခါ တရုတ်များအနေဖြင့် အံ့ဩ၍ မဆုံးနိုင်အောင် ဖြစ်နေကြသည်။

"အမေရိကန်တွေဟာ သူတို့ လိုချင်မိပြီဆိုရင် ငမ်းငမ်းတက်ပဲ။ ဝိုင်အရက်ကိုတောင် မျိုးကောင်းသလား၊ မကောင်းဘူးလား ကြည့်နေကြတော့တာ မဟုတ်ဘူး" ဟု တရုတ်တစ်ဦးက မှတ်ချက်ချသည်။

ငွေကြေးလဲလှယ်ရာတွင်လည်း အိန္ဒိယငွေနှင့် ဂျပန်ငွေကို ဆတူထားပြီး လဲလှယ်နေကြသည်။

"ဂျပန်ငွေဟာ တန်ဖိုးမရှိဘူး၊ အိန္ဒိယငွေက တန်ဖိုးရှိတယ်။ ဒါကိုတောင် အမေရိကန်တွေ မသိကြဘူး။ ဂျပန်ငွေ တန်ဖိုးရှိတယ် ထင်ပြီး ဆတူလဲနေတာ ကြည့်ပါလား" ဟုလည်း တရုတ်စစ်သား တစ်ယောက်က မေးငေါ့သည်။

အမေရိကန် စစ်သားတို့သည် အသုံးအဖြုန်းလည်း အလွန်ကြီးကြ၏။ သူတို့ကိုယ်ပေါ်မှ ရှပ်အင်္ကျီများကို ရှီးရှီးမဝတ်ဘဲ လက်ဖြတ်ပစ်ခြင်း၊ ဘောင်းဘီရှည်များကို ဒူးဆစ်မှ ဖြတ်ဝတ်ခြင်းများသည်လည်း တရုတ်တို့ နားလည်ရခက်သော အပြုအမူများဖြစ်သည်။

တစ်ခါက ရေဒီယိုအတွက် ဓာတ်အားပေးစက် ပျက်သွားသည်။ အမေရိကန်စစ်ဗိုလ်က ထိုစက်ကို ပြန်ပြင်ရန် မကြိုးစားဘဲ မြစ်ထဲသို့ သွားလွှင့်ပစ်ရန် အမိန့်ပေးလိုက်သည်ကိုလည်း ကြုံရဖူးသည်။

အမေရိကန်တို့ ထိုသို့ ဖုံးပေါလအော ပြုလုပ်နေသည်ကို တွေ့မြင်ရသဖြင့်လည်း အမေရိကန် ပစ္စည်းများသည် အမေရိကန်တို့အတွက် တန်ဖိုးမရှိဟု တရုတ်တို့က တွေးထင်လာသည်။ ထို့ကြောင့်လည်း တွေ့သမျှ ပစ္စည်းကို ဆွဲယူခြင်းသည် အပြစ်မဟုတ်၊ တရားသည်။ မိမိတို့ မယူလျှင်လည်း အမေရိကန်တို့က အကြောင်းမဲ့ ဖြုန်းတီးနေကြမည်သာ ဖြစ်သည်ဟု တရုတ်တို့ အတွေးပေါ်လာကြသည်။

အမေရိကန်တို့အဖို့ မှောင်ခိုဈေး မရှိ၊ ထို့ကြောင့်လည်း သူတို့ လက်ထဲတွင် ရှိနေသော ပစ္စည်းများသည် တန်ဖိုးမရှိပါ။ တန်ဖိုးလည်း မထားကြပါ။ ပေါများသူများ ဖြစ်သဖြင့် သူတို့ လိုချင်သည့် ပစ္စည်းမှန်သမျှကို အလျှံပယ်ရနေသည်။

တရုတ်များအဖို့မှု ထိုသို့မဟုတ်၊ ပစ္စည်းမှန်သမျှသည် တန်ဖိုးကြီးနေသည်သာ ဖြစ်သည်။ ထို့ကြောင့် လစ်လျှင်လစ်သလို ခိုးကြသည်။ ရိက္ခာများကိုလည်း မကြာခဏ

mgyee.com

ခိုးယူတတ်သည်။ ရှေ့တန်းစစ်မြေပြင်တွင် အမေရိကန်တို့အတွက် လေထီးဖြင့် ချပေးသည့် ရိက္ခာများသည် မကြာခဏ ပျောက်ရှတတ်သည်။ လေထီးကျပြီး ပစ္စည်းကောက်ရန် အမေရိကန်တို့ ရောက်လာသည့်အခါတွင် လက်ချည်းပြန်ရသည့် အကြိမ်ပေါင်းမှာလည်း မနည်းတော့ပြီ။

ထို့ကြောင့်လည်း မြန်မာပြည်မြောက်ပိုင်းမှာ ရှိနေသည့် တရုတ်များကို ကြည့်ကာ အမေရိကန်တို့သည် တရုတ်အားလုံးကို မုန်းတီးရွံ့ရှာဖွယ်လူများအဖြစ် သတ်မှတ်ပြီး အားလုံးကို သိမ်းကျုံးမုန်းတီးနေကြခြင်း ဖြစ်သည်။

အမေရိကန်နှင့် တရုတ်တို့ လက်တွဲပြီး ဗန်းမော်မြို့ကို ချီတက်တိုက်ခိုက်သိမ်းပိုက်ခဲ့ကြသည်။ ထိုသို့ သေအတူရှင်မကွာ စစ်အတူ တိုက်ခဲ့ကြရသည့်အတွက် ရဲဘော်ရဲဘက်စိတ်များ အတန်အသင့် ပေါ်ပေါက်ခဲ့သည်လည်း ရှိပါ၏။ ရှေ့တန်းစစ်မြေပြင်တွင် အမေရိကန် ဗိုလ်ကြီးတစ်ဦးက တရုတ်များ မကောင်းကြောင်း၊ တရုတ်များကို မုန်းတီးကြောင်း မိနစ် ၂၀ မျှ ကြာအောင် မနားတမ်း ဆက်တိုက်ပြောကာ နောက်ဆုံးတွင်။

"ကျွန်တော်နဲ့အတူတူ လက်တွဲတိုက်ရင်း ဗန်းမော်မြို့ကို သိမ်းခဲ့တဲ့ ရဲဘော်ကလေးတွေကို ပြောတာ မဟုတ်ပါဘူး။ သူတို့ကတော့ အလွန် တော်ရှာပါတယ်။ အလွန်လည်း ကောင်းကြပါတယ်။ ကျွန်တော်တို့ချင်းလည်း တစ်ယောက်နဲ့ တစ်ယောက် နားလည်မှု ရခဲ့ကြပါတယ်။ ဒါပေမဲ့ ကျန် တခြား တရုတ်တွေကတော့ အလကားကောင်တွေ" ဟု သူ့စကားကို နိဂုံးချုပ်သွားသည်။

မြန်မာပြည်မြောက်ပိုင်း စစ်မြေပြင်တွင် တိုက်ပွဲများ ဆင်နွှဲနေရသည့် ကြားထဲ၌ လူမျိုးမတူသူအချင်းချင်း တစ်ယောက်နှင့် တစ်ယောက် နားလည်မှုရရန် များစွာခက်ခဲလှပါသည်။ တောကြီးမျက်မည်းထဲတွင် လူမျိုးရေး ပြဿနာများသည် များစွာ ရှုပ်ထွေးနေသည်။

အမေရိကန်လူဖြူနှင့် လူမည်းတို့သည် လည်းကောင်း၊ အမေရိကန်နှင့် ဗြိတိသျှတို့သည် လည်းကောင်း၊ အခြား လူမျိုးများနှင့် တရုတ်တို့သည် လည်းကောင်း နားလည်မှု ပျက်ပြားခြင်းများ၊ ပဋိပက္ခ ဖြစ်ပွားခြင်းများ၊ အသားအရောင် ခွဲခြားမှုများ၊ အဆင့်အတန်း ခွဲခြားမှုများ၊ ရွံ့ရှာမုန်းတီးမှုများသည် ပိုမိုပြင်းထန် ကြီးထွားခဲ့ပါသည်၊

တစ်ညတွင် မြစ်ကြီးနား ဆေးရုံပေါ်၌ ကျွန်ုပ်တို့ သတင်းထောက်များ လူစုံစုဆေးမိကြပါသည်။ သတင်းပေါင်းစုံအကြောင်း၊ စစ်အကြောင်းများကို ပြောကြရင်းဖြင့်

mgyoe.com

တရုတ်ပြည်အကြောင်း၊ တရုတ်လူမျိုးများအကြောင်းသို့ စကားလမ်းကြောင်း ပြောင်းသွားသည်။ ကျွန်ုပ်တို့သည် တရုတ်ပြည်နှင့် တရုတ်လူမျိုးများအကြောင်းကို ညဥ့်အတော်နက်သည်အထိ နာရီပေါင်းများစွာ ပြောဆိုဆွေးနွေးကြပါသည်။

ဆွေးနွေးပွဲပြီး၍ လူစုခွဲမည် လုပ်သောအခါ ဆေးရုံ အဝတ်အစား ဝတ်ထားသည့် အမေရိကန် စစ်သားတစ်ဦးသည် ကျွန်ုပ်တို့ထံသို့ လျှောက်လာသည်။ သူ့မျက်လုံးထဲမှာ အံ့ဩသည့် အရိပ်အရောင်များကို မြင်တွေ့နေရသည်။ ကျွန်ုပ်တို့အားလုံးကိုလည်း သနားစရာကောင်းသော သတ္တဝါများအဖြစ် ကြည့်နေသည်။ ပြီးလျှင်–

"ကျုပ် ဒီကိုရောက်တာ ၂၄ လရှိပြီ၊ တရုတ်ကောင်းကြောင်း ပြောတဲ့လူဆိုလို့ ခင်ဗျားတို့ကိုပဲ တွေ့ဖူးသေးတယ်" ဟု တဲ့တိုးပြောချလိုက်ပါသည်။

တရုတ်ပြည်မှ တရုတ်များ

အမေရိကန်တို့က တရုတ်များကို မျက်မှေးဟု ခေါ်ကြသည်။ တရုတ်လူမျိုးဟူသည်မှာ ရုံးသုံးစကား ဖြစ်သော်လည်း အမေရိကန် စစ်သားများ အသိုင်းအဝိုင်းတွင် မတွင်ကျယ်လှသောကြောင့် လူသုံးနည်းပြီး မျက်မှေး ဟူသော စကားလုံးသည်သာလျှင် တွင်ကျယ်နေတော့သည်။ အိန္ဒိယလူမျိုးများကို ဝုခ်ဟု ခေါ်သကဲ့သို့ တရုတ်များကိုလည်း နှိမ်သည့်အနေဖြင့် ခေါ်ခြင်း ဖြစ်သည်။

အမေရိကန်နှင့် တရုတ်များအတွက် တိုင်းတစ်ပါးဖြစ်သော မြန်မာပြည်တွင်းမှာ တရုတ်တပ်မကြီး ၅ ခုနှင့် အမေရိကန်တို့ ပေါင်းဆုံမိကြသည်။ အခြေအနေအရပ်ရပ်တို့သည် တရုတ်ပြည်တွင်းမှာနှင့် မတူသလို အိန္ဒိယပြည်မှာ တုန်းကကဲ့သို့လည်း မဟုတ်မူဘဲ ပြောင်းလဲလာပြီ ဖြစ်၏။

အိန္ဒိယပြည်ရှိ အမေရိကန်များသည် တရုတ်ပြည်သို့ ရောက်သွားသောအခါ ပိုမိုကြီးမားသည့် ဆင်းရဲဒုက္ခများနှင့် ရင်ဆိုင်ခဲ့ကြရသည်။ တရုတ်ပြည်၏ ရာသီဥတုသည်လည်း အိန္ဒိယပြည်နှင့် ကွဲလွဲလာသည်။ စွတ်စိုထိုင်းမှိုင်းသော ရာသီဥတုကို သူတို့မတွေ့ကြရ။

အိန္ဒိယပြည်တုန်းက ကလေးများနှင့် ရောနှောကာ ရယ်ရယ်မောမော ကစားနေသည့် လူကြီးများကို တွေ့ရမြင်ရခဲ့သည်။ ယခု တရုတ်ပြည်သို့ ရောက်သောအခါ ကျေးရွာပေါင်းများစွာတို့၌ ဆူညံစွာ ကစားနေကြသော ကလေးများကို လည်းကောင်း၊ ပြုံးရယ်နေသော လူကြီးများကို လည်းကောင်း အမြဲမပြတ် မြင်တွေ့နေရပြီ ဖြစ်၏။

ကလေးတို့သည် အမြဲတမ်း ပျော်ပြုံးနေကြသည်ကိုသာ မြင်တွေ့ရသည်။ တရုတ်လူမျိုးတို့သည် အမြဲတမ်းပြုံးနေပြီး ဟာသဉာဏ်ရွှင်သော လူမျိုး ဖြစ်ကြောင်းကိုလည်း သူတို့ သတိထားမိလာသည်။

မည်သည့် အခြေအနေနှင့်ပင် ရင်ဆိုင်ရစေကာမူ လိုက်လျောညီထွေနေတတ်သည်။ ဒေါင်ကျကျ ပြားကျကျ နေတတ်သော လူမျိုးဟု ခေါ်နိုင်သည်။ မည်မျှပင် ဆင်းရဲနွမ်းပါးစေကာမူ အပြုံးမပျက်ကြ။ စိတ်ဆင်းရဲဖွယ်ရာ အကြောင်းများနှင့် ရင်ဆိုင်နေရသည့်အချိန်မှာပင် ဟန်ဆောင်နိုင်ကြသောသူများ ဖြစ်သည်။ အမေရိကန် စစ်သားများက–

"တရုတ်ပြည်ဟာ ဆူညံနေပေမဲ့ အိန္ဒိယပြည်နဲ့စာရင်တော့ ကျွန်တော်တို့အတွက် နတ်ဘုံနတ်နန်းပါပဲဗျာ" ဟု ပြောလေ့ရှိကြသည်။ နတ်ဘုံနတ်နန်းဟု ပြောခြင်းမှာ တရုတ်ပြည်၏ ရာသီဥတု တစ်ခုတည်းကိုသာ ရည်ညွှန်းပြောဆိုခြင်း ဖြစ်သည်။ အိန္ဒိယပြည်၏ ရာသီဥတုသည် အမေရိကန်တို့အဖို့ ပူပြင်းလွန်းသည်။ ကြမ်းတမ်းလွန်းသည်။ တရုတ်ပြည်၏ ရာသီဥတုက မပူပြင်းသဖြင့် သူတို့ အကြိုက်တွေ့ကြခြင်း ဖြစ်သည်။

အိန္ဒိယပြည်မှာနေစဉ်က ကြက်ဥလတ်လတ်ဆတ်ဆတ် မစားရ၊ အမှုန့် ပြုလုပ်ထားသည့် ကြက်ဥမှုန့်များကိုသာ စားနေခဲ့ကြရသည်။ ယခု တရုတ်ပြည်သို့ ရောက်လာသောအခါ ကြက်ဥလတ်လတ်ဆတ်ဆတ်များကို စားခွင့်ကြုံရသည်။

ကွေယန်းသို့ ကျွန်ုပ်ရောက်စဉ်က အမေရိကန် မရိန်းတပ် ဗိုလ်တစ်ယောက်နှင့် တွေ့ခဲ့ရသည်။ သူနှင့် တွေ့ရသည့်အတွက် သတင်းကောင်း အများအပြားကို ရရှိသည်။ ဂျပန်များ ချီတက်လာသည့် လမ်းကြောင်းတစ်လျှောက်ရှိ မရိန်းတပ်စခန်းများကို ပြန်လည်ရုပ်သိမ်းရာတွင် တာဝန်ယူရသော စစ်ဗိုလ် ဖြစ်သည်။

စားသောက်ဆိုင်ငယ်ကလေးတစ်ခု အတွင်း၌ လက်ဖက်ရည် သောက်ကြရင်း သူနှင့် စကားစမြည် ပြောနေမိသည်။

ဓာတ်ပြားဟောင်းကြီး တစ်ခုမှ ခေတ်မမီတော့သည့် သီချင်းတစ်ပုဒ်သည် ဖျင်းရိငြီးငွေ့ဖွယ် ကောင်းလောက်အောင် ဆိုင်တွင်းမှာ ဖုံးလွှမ်းနေသည်။ အမေရိကန်နှင့် တရုတ်စစ်ဗိုလ်များ၊ သားမွေးအကျႌများကို ဝတ်ဆင်ထားကြသည့် သူတို့၏ တပည့် သားမြေးများဖြင့်လည်း ကြိတ်ကြိတ်တိုးနေသည်။

ထိုအချိန်က တရုတ်ပြည်တွင်း၌ ကြီးစွာသော ဆင်းရဲဒုက္ခများဖြင့် ပြည့်မွန်းနေချိန်လည်း ဖြစ်သည်။ စားရမဲ့မဲ့၊ သောက်ရမဲ့မဲ့ ပြည်သူပေါင်းများစွာတို့ကို မတွေ့ချင်၊

mgyoe.com

mgyee.com

မမြင်ချင်အဆုံး ဖြစ်နေသည်။ ရာသီဥတု၏ ပြင်းထန်လှသော အအေးဒဏ်ကို ခုခံနိုင်လောက်သည့် အနွေးထည် မရှိသောကြောင့် သေမင်းကို ငံ့လင့် ကြိုဆိုနေရသူများ၊ အစာရေစာ ရှားပါးပြီး အသက်ဘေးနှင့် ရင်ဆိုင်နေရသောကြောင့် အသက်ထွက်မည့် အချိန်ကို စောင့်စားနေသူများ၊ ရောဂါဘယထူပြောခြင်း ဒဏ်ကို ခံရရင်းဖြင့် လိုအပ်သည့် ဆေးဝါးမရနိုင်ဘဲ သေမင်းကို အရှုံးပေးရတော့မည့်သူများမှာ တရုတ် တစ်ပြည်ထောင်လုံးမှာ ပြည့်နှက်နေသည်။

သို့သော်လည်း ဤဆိုင်အတွင်းမှာ ရှိနေသူများသည် မိမိတို့နှင့် ထိုဘေးဒုက္ခအားလုံး မည်သို့မျှ မသက်ဆိုင်သကဲ့သို့ အေးအေးလူလူ စည်းစိမ်ခံကာ စားသောက်နေနိုင်ကြသည်။ အမေရိကန် မရိန်းတပ်သားများကလည်း သူတို့ အတွေ့အကြုံများအကြောင်းကို ပြန်ပြောကြရင်း တဝါးဝါး တဟားဟား ဖြစ်နေကြသည်။ အလားတူပင် တရုတ်စစ်ဗိုလ်များကလည်း သူတို့၏ တပည့်သားမြေးများနှင့်အတူ စားကောင်းသောက်ဖွယ်တို့ကို စားသောက်ရင်း လောကကြီး၏ ဘေးဒုက္ခများကို မေ့နေကြသလို ရှိပါသည်။

"အရှေ့တိုင်းကို ကျွန်တော် ရောက်လာတာ တစ်နှစ် ကြာသွားပြီ။ ကျွန်တော် တွေ့ခဲ့ရသမျှ လူမျိုးပေါင်းစုံထဲမှာ တရုတ်လူမျိုးဟာ အင်မတန် ထူးခြားတယ်။ သူတို့မှာ ဘာမျှမရှိပေမဲ့ အလွန် ခံနိုင်ရည် ရှိကြတယ်။ စစ်ဖြစ်ဖြစ်၊ မဖြစ်ဖြစ် ခံနိုင်ရည် ရှိကြတယ်။ သူတို့လူမျိုး၊ သူတို့ယဉ်ကျေးမှုနဲ့ ပတ်သက်လို့လည်း မာန်မာန အင်မတန် ကြီးတယ်။ အခြားလူတစ်ယောက်ကို တရုတ်တစ်ယောက်ဟာ ယဉ်ကျေးမှုအရ အရိုအသေပြုလိမ့်မယ်။ ဒါပေမဲ့ သူ့စိတ်ဓာတ်ကတော့ ဘယ်တော့မှ ဦးနှိမ်လိမ့်မယ် မဟုတ်ဘူး။ ဒီစိတ်ဓာတ်မျိုးကျတော့ အရှုံးပေးလွန်းတဲ့ အိန္ဒိယလူမျိုးတွေနဲ့ ကွာလွန်းလှတယ်ဗျာ။ ဖွဲနဲ့ သတ္တိအရာမှာလည်း အင်မတန် နမူနာယူဖို့ ကောင်းတယ်။ သူတို့ဆီက ကျွန်တော်တို့ အတုယူဖို့ ကောင်းတယ်" ဟု မရိန်းတပ်ဗိုလ်က ကျွန်ုပ်ကို ပြောပြသွားပါသည်။

တရုတ်လူမျိုးများအပေါ် ထိုကဲ့သို့ အမှန်မြင်ပြီး မြင်သည့်အတိုင်းလည်း သတ္တိရှိရှိဖြင့် ဖွင့်ဟပြောကြားသော အမေရိကန်လူမျိုးကို ကျွန်ုပ် မတွေ့မြင်ခဲ့ဖူးပါ။ သူလို ပုဂ္ဂိုလ်မျိုးသည် ရှာမှ ရှားလှပါသည်။

အမေရိကန်များအနေဖြင့် တရုတ်လူမျိုးများအပေါ် အကောင်းမမြင်နိုင်ကြခြင်းသည် ကူးလူးဆက်ဆံမှု နည်းပါးသောကြောင့် ဖြစ်သည်ဟု ကျွန်ုပ် ထင်ပါသည်။

mgyee.com

 gyoe.com

အထူးသဖြင့် တောရပ်ဒေသနှင့် မြို့ကြီးပြကြီးများရှိ သာမန် လူလတ်တန်းစား တရုတ်လူမျိုးများနှင့် အမေရိကန်တို့ နေ့စဉ်ထိတွေ့ဆက်ဆံမှု နည်းပါးလွန်းသောကြောင့် ဖြစ်သည်။

အချို့နေရာများတွင် ကောင်းမွန်စွာ ဆက်ဆံမှုများ ရှိပါသည်။ ထိုသို့ ဆက်ဆံမိသောအခါ တစ်ဦးနှင့်တစ်ဦး အပြန်အလှန် နားလည်သဘောပေါက်လာကြပြီး မိတ်ဆွေအဖြစ် တရင်းတနှီး ပေါင်းသင်းဆက်ဆံမှုများကိုလည်း တွေ့ရပါသည်။ ဆင်းရဲနွမ်းပါးသည့် ကလေးငယ်များ၊ မိဘအုပ်ထိန်းသူ ကင်းမဲ့ကာ ခိုကိုးရာမရှိသည့် ကလေးငယ်များကို ကောက်ယူမွေးစားသည့် အမေရိကန်စစ်တပ်များ၊ အမေရိကန် စစ်သားများကိုလည်း ကျွန်ုပ် တွေ့ခဲ့ရပါသည်။ သူတို့သည် ကလေးငယ်များကို ကောက်ယူကျွေးမွေး သုတ်သင်ရုံသာ မဟုတ်၊ ထိုကလေးငယ်၏ ဘဝရှေ့ရေးအတွက်ပါ အာမခံချက် ရှိလေအောင် ဆောင်ရွက်ပေးသည်များကိုလည်း မြင်တွေ့ခဲ့ရသည်။

သူတို့အားလုံးသည် လူသားများပင် ဖြစ်ကြပါ၏။ တစ်ဦးနှင့်တစ်ဦး အပြန်အလှန် နားလည်သဘောပေါက်နိုင်ကြသော သူများပင် ဖြစ်ကြပါ၏။ သို့သော်လည်း ကြမ်းကြုတ်သည့် ဘေးဒုက္ခပေါင်းစုံနှင့်လည်း ရင်ဆိုင်နေရသည့် မိမိတစ်ကိုယ်တော် လွတ်မြောက်ရေးအတွက်ကိုသာ အာရုံစူးစိုက်နေကြရသည့် စစ်အတွင်းကာလမျိုးတွင် လူသားတို့သည် တစ်ယောက်နှင့် တစ်ယောက် နားလည်နိုင်ရန် အလွန်တရာမှ ခက်ခဲလှပါသည်။ ထောက်ထားစာနာမှု၊ မိတ်ဆွေအဖြစ် ချစ်ခင်ရင်းနှီးမှုများသည်လည်း အပြန်အလှန် မုန်းတီးမှုများကြောင့် နောက်ဆုံး ပျောက်ကွယ်ခဲ့ရလေတော့သည်။

အမေရိကန်နှင့် တရုတ်တို့ ပုံမှန်တွေ့ဆုံကြရသည့် အရပ်မှာ ဈေးဆိုင်များ၊ စားသောက်ဆိုင်များ၊ ကုန်သည်ပွဲစားများ၊ မှောင်ခို သူခိုးများနှင့် ပြည့်တန်ဆာအိမ်များသာလျှင် ဖြစ်သည်။

ကူမင်တန်အစိုးရ၏ အုပ်ချုပ်ရေးစနစ်သည် ကမ္ဘာပေါ်တွင် အဆိုးဆုံး ဖြစ်သည်ဟုဆိုလျှင် မမှားတန်ရာပါ။ ထိုကူမင်တန်အစိုးရ၏ လက်အောက်ခံ တရုတ်စစ်တပ်သည် ပို၍ပင် ဆိုးဝါးပြန်သေးသည်။ အကျင့်စာရိတ္တ ပျက်ယွင်းမှုများသည် စာဖွဲ့၍ပင် ကုန်နိုင်ဖွယ်ရာအကြောင်း မရှိချေ။ အစိုးရ အရာရှိပေါင်းများစွာ၊ တရုတ်စစ်ဗိုလ်ပေါင်းများစွာတို့၏ အကျင့်စာရိတ္တပျက်မှုများ၊ ခြစားမှုများ၊ ကိုယ်ကျိုးရှာမှုများ၊ ဘနဖူး သိုက်တူးမှုများကို နားနှင့်မဆံ့အောင် ကြားခဲ့ရသည်။ မမြင်ချင်အဆုံး ဖြစ်ခဲ့ရသည်။

mgyoe.com

အမေရိကန် စစ်တပ်များအတွက် အဆက်မပြတ် ပို့ပေးနေသည့် ထောက်ပံ့ရေး ပစ္စည်းတို့သည် လေယာဉ်ပျံများဖြင့် တသောသော ရောက်လာနေသည်။ ထိုသို့ ပစ္စည်း များ ဖောခြင်းသောခြင်း ပို့ပေးနေခြင်းနှင့် ပတ်သက်၍ အမေရိကန် အမျိုးစုတို့က ဘဝင်မကျသည်ကိုလည်း တွေ့ခဲ့ရသည်။ ထိုပစ္စည်းတို့သည် သူတို့လက်ထဲသို့ အမှန် တကယ် ရောက်လာခြင်း မရှိ၊ တရုတ်တို့၏ လက်တွင်းသို့သာ အကြောင်းအမျိုးမျိုး ဖြင့် ရောက်ရှိသွားသည်က များသည်။

ဤသို့သော ပတ်ဝန်းကျင်မျိုးတွင် ပျက်စီးလာသည့် အမေရိကန် စစ်သားများ ပေါ်ပေါက်ရမည်မှာ ဓမ္မတာပင် ဖြစ်သည်။ အမေရိကန် စစ်သားအချို့တို့သည် တရုတ် မှောင်ခို ကုန်သည်များနှင့် အဆက်အသွယ် ယူလာကြ၏။ တရုတ်မှောင်ခို ဈေးများနှင့် လက်ဝါးရိုက်လာကြ၏။ ဤအဖြစ်အပျက်များသည်လည်း ကမ္ဘာအရပ်ရပ်တွင် ဖြစ် ပွားနေရာ တရုတ်ပြည်ကျမှ ထူး၍ အံ့သြဖွယ်ရာ အကြောင်းလည်း မရှိပါချေ။

နောင်တစ်နေ့တွင် ဖြစ်ပွားလာမည်ဖြစ်သည့် ပြည်တွင်းစစ်၌ အသုံးအဝင်ကြီး ဝင်တော့မည် ဖြစ်သော ဓာတ်ဆီများ၊ လက်နက်ခဲယမ်းမီးကျောက်များ၊ ဆေးဝါးများ သည် မှောင်ခိုသမားများမှတစ်ဆင့် တရုတ်များ၏ လက်တွင်းသို့သာ ကျဆင်းရသည် က များသည်။

အမေရိကန် နောက်ပိုင်းစစ်ဌာနချုပ်မှ ပေးပို့နေသည့် မြောက်မြားလှစွာသော လက်နက်ခဲယမ်း မီးကျောက်များ၊ ဆေးဝါးပစ္စည်းများ၊ ရိက္ခာများနှင့် လူသုံးကုန်ပစ္စည်း များအပေါ်တွင် များစွာသော တရုတ်စစ်သားတို့ မှီခိုနေကြရသည်ကိုလည်း သံလွင်မြစ် စစ်မျက်နှာသို့ ကျွန်ုပ် ရောက်သောအခါ ကိုယ်တိုင် မြင်တွေ့လေ့လာခွင့် ရခဲ့လေသည်။

လော်ရီကား ၂၉ စင်းဖြင့် ရှေ့တန်းသို့ ပို့လိုက်သော ပစ္စည်းများသည် အမှန် တကယ် ရောက်သောအခါ ၆ စင်းသာ ဖြစ်သည်။ ကျန်မော်တော်ကားများကို လမ်း ခုလတ်မှာပင် အစဖျောက်လိုက်ကြသည်။ ကူမင်းမြို့ရှိ မှောင်ခိုဈေးတွင် အမေရိကန် ပစ္စည်းမျိုးစုံ အလွယ်တကူ ရနိုင်သည်။ သေးငယ်သည့် သာမန်ပစ္စည်းများသာမက အမေရိကန်လုပ် ၂ တန်ခွဲ မော်တော်ကားကြီးများအထိ ဝယ်ယူရရှိနိုင်နေသည်။ ကူမင်း မှောင်ခိုဈေးသည် အမေရိကန် ပစ္စည်းတို့ဖြင့် ပြည့်လျက် ရှိသည်။

အမေရိကန်များထံမှ ရနိုင်သမျှတို့ကို ခွာယူသည့် အကျင့်သည် တစ်ဦးမှ တစ်ဦးသို့ ကူးစက်တတ်သော ရောဂါဆိုးလို ကူးစက်ပြန့်ပွားလျက် ရှိချေပြီ။ ရွှေကို သော်လည်းကောင်း၊ ငွေကိုသော်လည်းကောင်း၊ အခြား အဖိုးတန် ပစ္စည်းများကိုသော်

mgyee.com

လည်းကောင်း၊ အမေရိကန်တို့ထံမှ မရနိုင်သည့် အခြား အဖိုးတန် ပစ္စည်းများကို သော်လည်းကောင်း၊ ရှေ့တန်းစစ်မျက်နှာကို ဖြတ်ကျော်ပြီး ရောက်ရှိလာသည့် ဂျပန် ပစ္စည်းများကို သော်လည်းကောင်း ရယူလိုသည့် စိတ်ဖြင့် အခွင့်အရေးပေးမှုများ၊ ဘက်လိုက်မှုများ ပေါ်ပေါက်လာသည်။

ရနိုင်သမျှကို နည်းမျိုးစုံဖြင့် ညှစ်ယူကြရင်းဖြင့် ချုံကင်းအစိုးရ၏ ထိပ်ပိုင်း အရာရှိကြီးများမှသည် အနိမ့်ဆုံးသော ကူလီခေါင်းအထိ အကျင့်ပျက်ကာ ချမ်းသာ ကြွယ်ဝသူများ ဖြစ်လာကြတော့သည်။

အမေရိကန်ပစ္စည်းများနှင့် တရုတ်များ ချမ်းသာရေးအတွက် အမေရိကန်တို့မှာ ကြီးစွာ ဒုက္ခခံကြရသည်။ နောက်တန်း စစ်ဌာနချုပ်က ရှေ့တန်းစစ်မြေပြင်ရှိ အမေရိကန် စစ်သားများ အသုံးပြုနိုင်ရန်အတွက် ပစ္စည်းပေါင်းများစွာကို ငွေကုန်ကြေးကျခံကာ ပင်ပန်းတကြီး ပို့ပေးရသည်။ ထိုသို့ ပို့ပေးရသည့်အတွက် အသက်ပေါင်းများစွာကို လည်း စတေးခဲ့ကြရသည်။ အရင်းအနှီးကြီးသည့် ပစ္စည်းများဖြင့် တကယ် ကြီးပွား ချမ်းသာသွားကြသူများမှာ တရုတ်အမျိုးသားများ ဖြစ်သည်။ ထို့ကြောင့် နောက်တန်းမှ ပစ္စည်းများ ဒလဟော ပေးပို့နေခြင်းကို အမေရိကန် စစ်ဗိုလ်စစ်သားအများတို့က ဘဝင်မကျနိုင်ကြခြင်း ဖြစ်သည်။ တစ်ဆက် တည်းမှာပင် တရုတ်လူမျိုးများအပေါ်မှာ လည်း မုန်းတီးစိတ် ပွားများလာကြလေသည်။

တရုတ်ပြည်ရောက် အမေရိကန် စစ်သားများထံမှ ရတတ်သမျှကို ခွာယူသော အကျင့်သည် သာမန်လူတန်းစားထဲတွင်သာမက တရုတ်အစိုးရ အရာရှိကြီးများအထိ ပင် ကူးစက်နေပြီ ဖြစ်သည်။

တရုတ်ပြည်ရှိ စစ်မြေပြင်ကူညီရေး တပ်ဖွဲ့များမှ အဆောင်များအကြောင်းကို အမေရိကန် စစ်သားတို့သည် ဘယ်နံရောအခါသို့ပင် ရောက်ရောက် မေ့နိုင်ကြမည် မဟုတ်ချေ။

တရုတ်ပြည်တွင်းသို့ အမေရိကန်တပ်များ ရောက်လာသည်နှင့် တစ်ပြိုင်တည်း ချုံကင်းအစိုးရက သူတို့ကို အိမ်တစ်ဆောင်မှာ နေရာချထားပေးသည်။ အစား အသောက်လည်း ကျွေးသည်။ ထို့နောက် စစ်သားတစ်ယောက်လျှင် တစ်နေ့တွက် ၆ ဒေါ်လာနှုန်းဖြင့် ငွေရှင်းပေးရမည်ဟု တောင်းဆိုသည်။ အမေရိကန်စစ်တပ်က ဈေးကြီးလွန်းသည် ဆိုပြီး ပယ်ချသည်။

ဈေးနှုန်းညှိနှိုင်း၍ မပြီးသေးမီစပ်ကြား အမေရိကန်တို့သည် ဧည့်သည်များသာ ဖြစ်သောကြောင့် ထိုဈေးနှုန်းအတိုင်း ပေးချေကြရမည်ဟု တရုတ်တို့ဘက်က ဇွတ်

mgyoe.com

mgyoe.com

တောင်းသည်။ ကျွန်ုပ် သိရသလောက်မှာ စစ်ကြီးပြီးချိန်အထိ ထိုဈေးနှုန်းကို ညှိနှိုင်း၍ မရကြချေ။

ငွေကြေး လဲလှယ်ရေးနှုန်းထား သတ်မှတ်မှုသည်လည်း တစ်ဖက်နှင့်တစ်ဖက် မတူညီကြသည့် အကြောင်းတစ်ခုလည်း ရှိသေးသည်။ ထို့ကြောင့်လည်း ပြဿနာတို့သည် ဖြေရှင်း၍ မရနိုင်အောင် ဖြစ်ခဲ့ကြရသည်။

မည်သို့ဆိုစေ စစ်မြေပြင်ကူညီရေးတပ်ဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ရာမှ ကူမင်တန်အစိုးရအရာရှိများနှင့် လုပ်ငန်းရှင် စီးပွားရေးသမားများ အကျင့်စာရိတ္တ ပျက်ယွင်းကုန်ကြသည်မှာ အမှန် ဖြစ်သည်။ သူတို့သည် အကျင့်ပျက်ခြင်းနှင့်အတူ စီးပွားဥစ္စာ အရလည်း များစွာ ချမ်းသာကြွယ်ဝကုန်ကြလေသည်။

ရက်သတ္တပတ်အတွင်း အမေရိကန်စစ်သားများ စားသောက်သည့် အသားနှင့် ဟင်းသီးဟင်းရွက်သည် လူဦးရေထူထပ်သည့် မြို့တစ်မြို့မှ တရုတ်များ တစ်နှစ်စာ စားသောက်သည့် အရေအတွက်ထက် ပိုမိုများပြားနေသည်။ အမေရိကန်စစ်သားတို့ တစ်ည အသုံးပြုသော မီးသွေးသည် ကူမင်းမြို့သူမြို့သားများ ဆောင်းရာသီ တစ်ဝက် သုံးသော မီးသွေးထက် ပိုများနေသည်။ သို့ဖြင့် နောက်ဆုံးတွင် လိုအပ်သည့် အစားသောက်၊ အသုံးအဆောင်များ မလုံလောက်မှုနှင့် ရင်ဆိုင်လာရတော့သည်။ စစ်တပ်ကို လုံလောက်အောင် ထောက်ပံ့နိုင်ရေးမှာ ခက်ခဲလာသည်။

သို့သော်လည်း အမေရိကန်စစ်သားတို့၏ စိတ်တွင်း၌ အဓိက ခံစားနေရသည့် အချက်မှာ အစားအသောက် မလုံလောက်မှု မဟုတ်၊ ကလိမ်ကျမှုများ ဖြစ်သည်။ ဖြတ်စားလျှပ်စားလုပ်မှုများ ဖြစ်သည်။ လာဘ်လာဘကို မျှော်ကိုးပြီး အမှန်တကယ် မလိုအပ်သည့် အစားအစာများကို အများအပြား ဝယ်ယူကာ ကိုယ်ကျိုး ကိုယ်စီးပွားရှာမှုများ ဖြစ်သည်။ လာဘ်ထိုးနိုင်သူများ၏ ပစ္စည်းကို ကောင်းသည် ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ စစ်ဆေးမေးမြန်း မနေတော့ဘဲ အမေရိကန် စစ်တပ်များအတွက် ဖွတ်အစမ္မ ဝယ်ပေးနေခြင်း ဖြစ်သည်။

ထိုသို့ စီးပွားရေး အကွက်ကောင်းကို မြင်တွေ့ကြရသဖြင့် ရောင်းဝယ်ရေး ကုမ္ပဏီများ၊ သို့မဟုတ် စုပေါင်းသမဝါယမများအမည်ဖြင့် စီးပွားရေးလုပ်ငန်းများ အလျှိုအလျှို ပေါ်ပေါက်လာကြသည်။ အမေရိကန်စစ်သားများ နေထိုင်ကြသည့် အဆောင်များအတွက် လိုအပ်သည့် ပစ္စည်းများကို စစ်မြေပြင်ကူညီရေး တပ်ဖွဲ့များက ထိုရောင်းဝယ်ရေး ကုမ္ပဏီများ၊ စုပေါင်းသမဝါယမများထံမှ ဝယ်ယူရသည်။
mgyoe.com